# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

**ကြီးမားသော အကျိုးရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၃၃)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ဆေးဝါးသစ် စက်ရုံသစ်တွေပါဝင်သည့် စက်မှုဝန်ကြီးဌာန၏ ရက် ၁၀၀

တွေ့ဆုံမေးမြန်း- မင်းသစ်(သတင်းစဉ်) စာ-၁၆၊ ၁၇

## ရမ်းဗြဲ-လေးတောင်အမာခံလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်

ပြည်သူ့လွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇

## မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအဆို လွှတ်တော်က သဘောတူ

အမျိုးသားလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ-၇

### ကနီမြို့တွင် ချင်းတွင်းမြစ်ရေ ကိုးပေကျော်မြင့်တက်

**ကနီ မေ ၂၄**

ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် မေ ၂၂ရက်မှ ၂၄ ရက် ညနေ ၆ နာရီအထိ ၂၄ နာရီအတွင်း (၃၄၃စင်တီမီတာ) ကိုးပေကျော်အထိ မြင့်တက်ခဲ့ကြောင်း မြို့နယ်ဇလဗေဒစခန်း တာဝန်ရှိသူထံမှ သိရသည်။

"ဒီနှစ်ချင်းတွင်းမြစ်ရေက နှစ်ရက်အတွင်း အလွန် မြင့်တက်ခဲ့ပါတယ်၊ မေ ၂၄ ရက်မှာ ၆၇၈ စင်တီမီတာအထိ မြင့်တက်ခဲ့တာပါ။ အခု ချင်းတွင်းမြစ်ရေက ၁၁ ပေ ခန့်အထိ တက်ရောက်လာမှာ ဖြစ်တဲ့အတွက် မြို့နယ်ဇလဗေဒ စခန်းအနေဖြင့် ချင်းတွင်းမြစ်ကမ်းဘေးတွင် နေထိုင်ကြသည့် ကျေးရွာများနှင့် မြစ်ရေကြီးလျှင် ဝင်ရောက်နိုင်သည့် မြို့ပေါ်ရပ်ကွက်များကို ကြိုတင်သတိပေးခြင်းများ နှိုးဆော်လျက်ရှိပါတယ်" ဟု မြို့နယ်ဇလဗေဒစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချင်းတွင်းမြစ်ရေသည် ကနီမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၁၃၀ စင်တီမီတာ ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ **သန်းဌေးအောင်(ကနီ)**

# စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်း မြောက်ဘက် ယမားချောင်းနှင့် ချင်းတွင်းမြစ်တစ်လျှောက် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေ



ကြေးစင်တောင် ကြေးနီစီမံကိန်းအနီးမှ စွန့်ပစ်ရေများ။ ဓာတ်ပုံ-စိုးဇေယျာထွန်း(ရိုက်တာ)

**မျိုးဝင်းထွန်း(မုံရွာ)**

**ယင်းမာပင် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ စပယ်တောင်၊ ကြေးစင်တောင်စီမံကိန်း မြောက်ဘက် ယမားချောင်းနှင့် ချင်းတွင်းမြစ်တစ်လျှောက် ကြေးနီစီမံကိန်း နယ်မြေများတွင် ရေထုညစ်ညမ်းမှုများ တွေ့နေရသော်လည်း ရေထုညစ်ညမ်းမှုကို ကုစားပေးနိုင်သည့် လုပ်ဆောင်မှုများလုပ်ဆောင်ရန် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွင် ဖော်ပြထားခြင်း မရှိသလို အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အနေဖြင့်လည်း မည်သည့်ကုစားမှုမျိုးမျှ လုပ်ဆောင်ပေးခြင်းမရှိသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက် မဟာမိတ်အဖွဲ့ (MATA) နှင့် ဒေသခံများ ပူးပေါင်းရေးဆွဲထားသည့် လက်ပံတောင်း တောင်သုတေသနစာတမ်းတွင် ထည့်သွင်းရေးဆွဲထားသည်ကိုတွေ့ရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သမိုင်းယုတ္တိနှင့် တရားမျှတမှု

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်အရပ်ရပ်နှင့် နိုင်ငံတော်အစိုးရအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးက တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းတောင်းတနေသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဟူသော အဆင့်ကိုကား မရောက်သေးပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမည်ဟု ရှင်းရှင်းလင်းလင်းပြောကြားထားပြီးဖြစ်ပါသည်။ ဤသို့သော အခြေအနေ၌ ပြီးပြည့်စုံသောတရားမျှတမှုကို မျှော်လင့်ရန် မဖြစ်နိုင်သေးပါ။ သို့သော် ပြီးပြည့်စုံသော တရားမျှတမှုကို ဆုပ်ကိုင်နိုင်ရန်အတွက် အခြေခံကောင်းကိုကား ရရှိနေပြီဖြစ်ပါသည်။ အဆိုပါအခြေခံကောင်းများအပေါ် အခိုင်အမာရပ်တည်လျက် ပြီးပြည့်စုံသောတရားမျှတမှု ဆုပ်ကိုင်နိုင်ရေး ဆောင်ရွက်ရာ၌ သမိုင်းယုတ္တိတရားတို့သည် အရေးကြီးပါသည်။

တချို့က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲကို ကသောင်းကနင်း ဗရုတ်ဗရက်ဖြစ်နေသော အာရပ်နွေဦးလှုပ်ရှားမှုနှင့် နှိုင်းယှဉ်၍ ဝမ်းသာဂုဏ်ယူကြပါသည်။ တိုင်းပြည်၏အခြေအနေက ကသောင်းကနင်း ဗရုတ်ဗရက် မဖြစ်သည့်အပေါ် ဝမ်းသာဂုဏ်ယူခြင်းသည် သဘာဝကျသော်လည်း သမိုင်းယုတ္တိလွဲချော်နေသည်ကိုမူ ထောက်ပြရန်လိုအပ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် အာရပ်နွေဦးလှုပ်ရှားမှု ရိုက်ခတ်ခံရသည့်နိုင်ငံတို့၏ ပစ္စုပ္ပန် မျက်မှောက်အခြေအနေနှင့် မြန်မာနိုင်ငံ၏ ၂၀၁၀ လွန်အခြေအနေတို့ကို နှိုင်းယှဉ်၍ ဝမ်းသာဂုဏ်ယူခြင်းသည် ကြည့်မြင်သောရှုထောင့်လွဲ မှားခြင်း၌ အခြေခံပါသည်။ တိတိကျကျပြောမည်ဆိုပါက ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁၈ရက်၌ စတင်ခဲ့သော အာရပ်နွေဦးလှုပ်ရှားမှုသည် သက်တမ်းခြောက်နှစ် စွန်းစွန်းသာရှိပါသေးသည်။ မြန်မာဒီမိုကရေစီလှုပ်ရှားမှုသည်ကား ၂၈ နှစ်ပြည့်တော့မည်ဖြစ်ပါသည်။ အာရပ်နွေဦးလှုပ်ရှားမှုနှင့် နှိုင်းယှဉ်မည်ဆိုပါက မြန်မာဒီမိုကရေစီလှုပ်ရှားမှု၏ သက်တမ်းအစကို လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခဲ့သည့် ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော်ပုံဟု သတ်မှတ်ရမည်ဖြစ်ပါသည်။ လွှတ်တော်အရပ်ရပ်နှင့် နိုင်ငံတော်အစိုးရအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးတို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လွတ်လွတ်လပ်လပ် ရွေးချယ်တင်မြှောက်နိုင်သော ပစ္စုပ္ပန်မျက်မှောက်ကာလအထိ မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသော ခရီးလမ်းသည် ပန်းခင်းလမ်းမဟုတ်ပါ၊ ခယောင်းလမ်းသာဖြစ်ပါသည်။

အာရပ်နွေဦးလှုပ်ရှားမှုနှင့် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုတို့ကို နှိုင်းယှဉ်တင်ပြရခြင်းသည်ကြည့်မြင်သော သမိုင်းရှုထောင့်မှန်ကန်ရန် အရေးကြီးပုံကို ထောက်ပြလိုခြင်းဖြစ်ပါသည်။ အာဃာတတရားတို့ လှုံ့ဆော်ရန် သမိုင်းကို တူးဆွခြင်းသည် မမှန်သကဲ့သို့မိမိ၏မှန်ကန်မှုကို သက်သေပြရန် သမိုင်းအချက်အလက်တို့ကို အလွဲလွဲ အချော်ချော်နားလည်ခြင်းသည်လည်း မှားယွင်းသောလုပ်ရပ်ဖြစ်ပါသည်။ သမိုင်းကို မှန်ကန်သော ရှုထောင့်မှ ကြည့်မြင်သုံးသပ်ရန်အရေးကြီးပါသည်။ သမိုင်းရှုထောင့်မှန်ကန်မှု ရှိ/မရှိကို မည်သို့သောစံပေတံဖြင့် တိုင်းတာမည်နည်း။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်လက်ခံမှုရှိသော သမိုင်းရှုထောင့်သည်သာ မှန်ကန်မှုရှိမည်ဖြစ်ပါသည်။ တိုင်းပြည်ကိုမှန်ကန်သော သမိုင်းရှုထောင့်အပေါ်၌ စုစည်းနိုင်ပါက တိုင်းပြည်၏အမျိုးမျိုးသောအင်အားစုများကြား အပြန်အလှန်နားလည်ယုံကြည်မှုကိုတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ဤသို့သော အပြန်အလှန်နားလည် ယုံကြည်မှုသည်ပြီးပြည့်စုံသော တရားမျှတမှုပုံဖော်ယူရန်အတွက် မြေဆီသြဇာထက်သန်သည့် ရေခံမြေခံကောင်းကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ရှစ်လေးလုံးလူထု ဒီမိုကရေစီ အရေးတော်ပုံကြီးကို မေ့မေ့လျော့လျော့သဘောထား၍ (သို့မဟုတ်) ရည်ရွယ်ချက် ရှိရှိချန်လှပ်၍ တိုင်းပြည်၏ အနာဂတ်ကို ဖန်တီးရန်ကြိုးပမ်းပါက တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကိုရရှိမည်မဟုတ်ပါ။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကိုမရရှိသော ဆောင်ရွက်ကြိုးပမ်းမှုတို့သည် သမိုင်းအမွေကောင်းတို့ကို ဖန်တီးနိုင်မည်မဟုတ်၊ သမိုင်းအမွေဆိုးတို့ကိုသာ ချန်ထားခဲ့မည်ဖြစ်ပါသည်။ သမိုင်းအမွေဆိုးတို့၌ ပြီးပြည့်စုံသောတရားမျှတမှုတို့ ပေါက်ဖွားရှင်သန်နိုင်သော အခြေအနေတို့ မရှိဟုသာဆိုရမည် ဖြစ်ပါသည်။ ။




## မိုင်းဆတ်၌ အာဟာရပစ္စည်းများ ထောက်ပံ့

**မိုင်းဆတ် မေ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဘန်ဘီးနာနှင့် အဖွဲ့ဝင်များသည် မေ ၂၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနေသော လူနာခုနစ်ဦးအား အားပေးစကားပြောကြားကာ အာဟာရဖွံ့ဖြိုးရေးအတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းလုပ်ငန်း သင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသူ ၂၆ ဦးအတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယဉ်ဝင်း(မြန်/ဆက်)**

## ကျေးရွာများသို့ သောက်သုံးရေများပေးဝေ

**လယ်ဝေး မေ ၂၄**

လယ်ဝေးမြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲလျက်ရှိသော ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၂၂ ရက်က သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် လယ်ဝေးမြို့နယ်အတွင်းရှိ အောင်စီလာကျေးရွာသို့ သောက်သုံးရေဂါလန် ၁၂၀၀၊ အောင်ချမ်းသာကျေးရွာသို့ ရေဂါလန် ၁၂၀၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ နေပြည်တော် ကျေးလက်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်နှင့်အဖွဲ့သည် ပေါက်မြိုင်ကျေးရွာအုပ်စု ပေါင်းလောင်းကျေးရွာ၌ လေးလက်မစက်ရေတွင်း (တွင်းတိမ်) တူးဖော်နေမှုကို လည်းကောင်း၊ ပြည်ဝင်-ချောင်းခွ-သရက်ကုန်း ကျောက်ချောလမ်း၊ စည်တိုင်အောင်ရွာလယ်လမ်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လည်းကောင်း အရည်အသွေးပြည့်မီစေရန်နှင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## မြန်အောင်-ဟသ်ာတကားလမ်းပေါ်ရှိ ကားကူးတံတားခံနိုင်ဝန်မမျှ၍ စိုးရိမ်ရ




ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကညင်ငူကျေးရွာအနီး မြန်အောင်-ဟသ်ာတ ကားလမ်းပေါ်ရှိ အရှည် ပေ ၃၀၊ အကျယ် ၁၂ ပေရှိ တံတားအမှတ် (၂/၄၆) မှာ ကားများကူးသန်းရန် စိုးရိမ်နေရကြောင်း ယာဉ်လိုင်းပိုင်ရှင်များက ပြောဆိုနေကြသည်။

ရေနံရှာဖွေရေး ကုမ္ပဏီများသည် တံတားပေါ်မှ ဖြတ်သန်းသွားလာခြင်း မပြုဘဲ ယခုနှစ်ပွင့်လင်းရာသီတွင် လမ်းလွှဲတစ်ခု တည်ဆောက်ကာ ဖြတ်သန်းသွားလာခဲ့ကြောင်း၊ မေလအတွင်း တည်ဆောက်ထားသော လမ်းလွှဲကို ဖျက်သိမ်းပေးရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တင်ပြထားကြောင်း၊ သို့သော် မေလအတွင်း ဖျက်သိမ်းခြင်းမပြုဘဲ ဆက်လက်အသုံးပြုနေရာ မေ ၂၃ ရက်ညနေက မိုးများသဖြင့် တောင်ကျရေများကျဆင်းလာသောကြောင့် လမ်းလွှဲမှာ ကျိုးကျပျက်စီးသွားခဲ့သည်ဟု ဒေသခံများထံမှသိရသည်။

မြန်အောင်မြို့ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ချိုချိုက ရေနံကုမ္ပဏီ လမ်းလွှဲကို မေလအတွင်း ဖျက်သိမ်းခိုင်းထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မဖျက်သိမ်းဘဲထားရှိသည့်အတွက် ယခုမိုးများရွာသွန်းသဖြင့် လမ်းလွှဲပျက်စီးသွားခြင်းဖြစ်ကြောင်း၊ တံတားမှာ (၁၃)တန်အထိ ခံနိုင်ဝန်သတ်မှတ်ထားသဖြင့် (၁၃) တန်ထက်မပိုသော ယာဉ်များသာ ဖြတ်သန်းသွားလာကြရန် သတိပေးထားကြောင်း ပြောသည်။

အဆိုပါ တံတားပေါ်သို့ ၁၂ ဘီး ယာဉ်နှင့် တွဲကားများ ညဘက် ဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ Express ကားများဖြတ်သန်းရာတွင် ခရီးသည်များကို တံတားတစ်ဖက်တွင် ချထားပြီးမှ ယင်းတံတားမှ ကူးနေရကြောင်း၊ ခရီးသည်များ လုံခြုံရေးအတွက် စိုးရိမ်ရသော အခြေအနေဖြစ်ကြောင်း ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၀.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၈.၁၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး | ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| စာတည်းမှူး | - | ဝင်းရွှေ | ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် | | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| သတင်းထောက်မှူး | - | မြင့်ဆွေ | ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) | | | Fax- ၀၁-၈၆၀၄၅၄၆ |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၇၈ ခုနှစ်၊    လ    ရက်**
**(၂၀၁၆ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် IDEA တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်    မေ    ၂၄**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်အား International IDEA Myanmar အကြီးအကဲ Mr. Jorge Valladares Malleda သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ IDEA Myanmar မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်မှုများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် အထောက်အကူဖြစ်စေမည့်ကိစ္စရပ်များ၊ ရုံးဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးနှင့် သုတေသနဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ADB နှင့် AIF တို့မှ ချေးငွေဖြင့် အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်မည်

**နေပြည်တော်    မေ    ၂၄**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့် အာဆီယံ အခြေခံအဆောက်အအုံ ရန်ပုံငွေ (ASEAN Infrastructure Fun-AIF) မှ အမေရိကန်ဒေါ်လာသန်း ၂၀ စုစုပေါင်းချေးငွေ သန်း ၁၂၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်သွားမည့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်မှုစီမံကိန်းကို စက်တင်ဘာလမှ စတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ADB မှ သိရသည်။

အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်း အရှည်သည် ၆၆ ဒသမ ၄ ကီလိုမီတာ၊ နှစ်လမ်းသွားအမျိုးအစားဖြစ်ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်မည့် အဆင့်မြှင့်တင် တည်ဆောက်ရေးကာလသည် သုံးနှစ်ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။

"ADB က ချေးငွေရဲ့အတိုးကတော့ ပထမ ရှစ်နှစ်မှာ တစ် ရာခိုင်နှုန်းဖြစ်ပြီး ကျန်တဲ့ ၂၄ နှစ်ကို ၁ ဒသမ ၅ ရာခိုင်နှုန်း ပေးရမှာဖြစ်ပါတယ်။ AIF က ချေးငွေရဲ့ အတိုးကတော့ လန်ဒန်ဈေးကွက် ပေါက်ဈေးပေါ်မူတည်ပေးရမှာ ဖြစ်ပါတယ်။ လမ်းဟောင်းရဲ့လမ်းအူကြောင်းအတိုင်း အခြေခံပြီးတော့ တချို့နေရာတွေမှာပြုပြင်ကာ အသစ်ဖောက်လုပ်မှာဖြစ်ပါတယ်။

"လမ်းပိုင်းမှာ ပါဝင်မယ့် မြေတွေအတွက် မြေယာလျော်ကြေးကို ဈေးကွက်ပေါက်ဈေးအတိုင်း တွက်ချက်ပြီး ပေးလျော်သွားမှာဖြစ်ပါတယ်။ ထိခိုက်မှုရှိတဲ့သူတွေကို စာရင်းအတိအကျ ကောက်ခံပြီး လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုကိုငှားရမ်းကာ ဈေးကွက်ပေါက်ဈေးကို တွက်ချက်ပါမယ်။

"ရရှိလာတဲ့ ဈေးကွက်ပေါက်ဈေးကို အစိုးရက ဖွဲ့စည်းထားတဲ့ အဖွဲ့နဲ့ ပူးပေါင်းပြီး ADB ရဲ့စံနှုန်းတွေအတိုင်း အတည်ပြုပြီး အတည်ပြုထားတဲ့ နှုန်းအတိုင်း ပေးလျော်မှာ ဖြစ်ပါတယ်။ ပေးလျော်ရာမှာလည်း ADB ရဲ့ စံနှုန်းတွေကို လိုက်နာပြီး ပေးလျော်မှာဖြစ်ပါတယ်။ အသေးစိတ် ဘယ်လိုပေးလျော်မယ်ဆိုတာကို ADB Website မှာ ကြေညာထားပြီးဖြစ်ပါတယ်။

"အခုလမ်းမြှင့်တင်တဲ့စီမံကိန်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံကိန်းဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးကလည်း ပူးပေါင်းပါဝင်ကြမှာ ဖြစ်ပါတယ်"ဟု ADB မှ Resettlement Consultant ဦးသန်းနိုင်ဦးက ပြောသည်။

အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းနှင့်ပတ်သက်ဆက်စပ်သူများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက်နှင့် ၂၄ ရက်က ဘားအံမြို့၌ ပြုလုပ်ခဲ့ပြီး လမ်းပိုင်းတွင် ပါဝင်သည့် ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မေ ၂၅ ရက်၌ လည်းကောင်း၊ ကျေးရွာလူထုနှင့် မေ ၂၆ နှင့် ၂၇ ရက်တို့တွင်လည်းကောင်း ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဖိုးသန့်၊ ရှင်မင်း**

● *ကျော့ဖုံးမှ*

ပြောင်းလဲနေတဲ့ ရာသီမမှန်ဖြစ်စဉ်တွေကြောင့် စိုက်ပျိုးရေးနဲ့ ရေသယံဇာတစီမံခန့်ခွဲမှု အခက်အခဲဖြစ်လာပြီး သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုမှာလည်း စိန်ခေါ်မှုတွေ ဖြစ်လာတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည် ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မြစ်ရေကြီးခြင်းဘေးအန္တရာယ်များ မကြာခဏ ကြုံတွေ့နိုင်ကြောင်း၊ ပြီးခဲ့သည့် ဧပြီလနှင့် မေလများတွင် အပူချိန် စံချိန်တင်မြင့်မားခဲ့၍ မိုးရွာသွန်းရာတွင်လည်း အရွယ်အစားကြီးသော မိုးသီးများကျခဲ့ရာ ပြောင်းလဲသည့် ရာသီဥတုဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

မိုး/ဇလဌာနအနေဖြင့် ၂၀၁၆ မုတ်သုံရာသီအတွက် မန္တလေးတိုင်းဒေသကြီးတွင် ယခုဖိုရမ်ကိုပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး မြေသယံဇာတ စီမံခန့်ခွဲမှု နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်နွယ်နေသည့် ဌာနများ၊ သဘာဝဘေးလျော့ပါးရေး ဌာနဆိုင်ရာ အဖွဲ့အစည်းများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

❐ *ကျော့ဖုံးမှ*

ဖြစ်ပွားရာနေရာသို့ သင်္ဂါလူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ ဝေခါကျေးရွာ ပါရမီလူမှုကူညီရေးအသင်းမှ အသင်းဝင်များ၊ ဝေခါကျေးရွာအနီးရှိ ဒေသခံပြည်သူများ ဝိုင်းဝန်းတူးဖော်ရှာဖွေခဲ့ရာ ယင်းမြေစာအောက်တွင် အောင်မိုးထက်(၁၇နှစ်)၊ ဦးဇော်ဝင်း(၄၆နှစ်)၊ ဇော်လင်းထွန်း (၂၈နှစ်)၊ မြင့်နိုင် (၃၈နှစ်)၊ ရဲစိုးဝင်း (၂၁နှစ်)၊ ခင်မောင်ဝင်း(၄၀နှစ်)၊ မောင်ဝင်း (၂၈နှစ်)၊ နေဇော်အောင် (၃၄နှစ်)၊ အေးမင်းနိုင်(၃၅နှစ်)၊ ယော်နူး (၁၉နှစ်)၊ ကိုကိုလတ်(ခ) ညီညီ(၃၉နှစ်)၊ ငယ်ချစ်ဦး (၁၈နှစ်) တို့မှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

အဆိုပါသေဆုံးသူ အများစုသည် ဝေခါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှဖြစ်သည်။ သေဆုံးသူများအား ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းတို့သေဆုံးရခြင်းနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြေစာပုံပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများမှာ မြင့်ဇော်(၂၆နှစ်)၊ ရွှေအူ (၄၁နှစ်)၊ လှမင်းထွန်း (၂၃နှစ်)၊ ညွှန့်ဝင်း (၄၃နှစ်)၊ ချစ်ခဲ(၂၃နှစ်)၊ ကျော်သန်းဦး (၄၀နှစ်)၊ စိုးခိုင် (၄၈နှစ်)၊ မျိုးမင်းထွန်း (၁၄နှစ်)၊ မင်းလွင် (၃၈နှစ်)၊ အေးကို (၂၄နှစ်)တို့သည် ဒဏ်ရာများရရှိခဲ့သောကြောင့် ဖားကန့် မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေစာပြိုကျမှုနှင့် ပတ်သက်၍ ရေမဆေးကျောက်ရှာဖွေသူများ ထပ်မံပျောက်ဆုံးခြင်း ရှိ မရှိကို သက်ဆိုင်ရာတာဝန်ရှိသူများ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ အဆိုပါနေ့ ည ၁၁ နာရီခွဲခန့်တွင်လည်း ဖားကန့်မြို့နှင့် ငါးမိုင်ခန့်အကွာ ဘဇံချောက်ကျေးရွာရှိ ချောင်ဘရားသား(စ်) ကုမ္ပဏီလုပ်ကွက်တွင် မြေစာပြိုကျမှုကြောင့် ယောထွန်း (၃၀နှစ်) (မစိုးရိမ်ရ)၊ မိုးအောင် (၁၈နှစ်) (စိုးရိမ်ရ) ဘဇံချောက်ကျေးရွာနေသူတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မြေစာပုံပြိုကျမှုတွင် ရေမဆေးကျောက်ရှာဖွေသူများ ထပ်မံပါရှိသွားခြင်း ရှိ မရှိကို သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

## ဆောမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး တောင်သူ ၃၃၀၀ အတွက် ငွေကျပ် ၈၆၁၆ သိန်း ချေးပေးမည်

**ဆော မေ ၂၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ်မှ တောင်သူများ သီးနှံများစိုက်ပျိုးရာတွင် အခက်အခဲမရှိစေရန်အတွက် ဆောမြို့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာ သုံးရွာရှိ တောင်သူလယ်သမားများထံ ချေးငွေပေါင်းကျပ် ၁၈၁ ဒသမ ၅ သိန်း ထုတ်ချေးပေးပြီးဖြစ်သည်။


ထိုသို့ထုတ်ချေးရာတွင် ၂၀၁၆ ခုနှစ်၌ ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူ ၃၃၀၀ အတွက် ငွေကျပ် ၈၆၁၆ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

## ပြင်သစ်အမျိုးသမီး အကပညာရှင် Anne Nguyen ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ကပြဖျော်ဖြေ

ရန်ကုန်    မေ    ၂၄

**မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာန၏ မေလနောက်ဆုံးအစီအစဉ်အဖြစ် ပြင်သစ်အမျိုးသမီး အကပညာရှင် Anne Nguyen ဦးဆောင်သည့် "Terre Dance" အကအဖွဲ့မှ ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် တင်ဆက်ဖျော်ဖြေသည်။**



အမျိုးသမီးတစ်ဦးက မြန်မာ့ရိုးရာဗုံ ငါးလုံးကိုလွယ်လျက် တီးခတ်ပြီး အမျိုးသားတစ်ဦးက ရိုးရာပလွေကို တီးမှုတ်သည့် တေးဂီတသံနှင့် Myanmar Street Dance အဖွဲ့မှ ခေတ်ပေါ်အကဖြင့် ပေါင်းစပ်ကပြဖျော်ဖြေမှုဖြင့် ဖျော်ဖြေပွဲကို စတင်သည်။ ထို့နောက် ပြင်သစ်အကပညာရှင် Anne Nguyen အပါအဝင် အမျိုးသမီးအကပညာရှင် လေးဦးက "Autarcie" အမည်ရသည့် Hip Hop ဂီတလွှမ်းခြုံနေသည့် အကအနုပညာဖြင့် ဖျော်ဖြေတင်ဆက်သည်။ မိနစ် ၅၀ ကျော်ကြာ ဖျော်ဖြေမှုတွင် ဘရိတ်ဒန့်စ်အက၊ ခေတ်ပေါ်အကနှင့် waacking အကတို့ကို လှပမြိုင်ဆိုင်စွာ ကပြဖျော်ဖြေခဲ့ကြသည်။ **(ဝဲပုံ)**

ယနေ့ဖျော်ဖြေမှုတွင် Anne Nguyen သည် ထူးခြားဆန်းသစ်သည့် နည်းပညာအခြေခံထားသည့် ဘရိတ်ဒန့်စ်ကကွက်များကို Hip Hop ဂီတဖြင့် ပေါင်းစပ်ကာ ၎င်း၏အကပညာ ကျွမ်းကျင်မှုကို ပြသခဲ့သည်။ "Terre Dance" အကအဖွဲ့သည် လွန်ခဲ့သော နှစ်ပတ်ခန့်က ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ရှစ်ကြိမ်တိုင်တိုင် ကပြဖျော်ဖြေခဲ့ပြီးဖြစ်သည်။

ဦးဆောင် ကပြဖျော်ဖြေသည့် ပြင်သစ်အမျိုးသမီး အကပညာရှင် Anne Nguyen သည် ၂၀၁၃ ခုနှစ်တွင် တက်သစ်စအကပါရမီရှင်ဆု (SACD) ကို ရရှိထားသူဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် "Terre Dance" အကအဖွဲ့ကို တည်ထောင်ခဲ့သူဖြစ်သည်။

ပြင်သစ်အမျိုးသမီး အကပညာရှင် Anne Nguyen နှင့်အဖွဲ့၏ ယနေ့ဖျော်ဖြေတင်ဆက်မှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ အပါအဝင် ပရိသတ် ၇၀၀ ကျော် လာရောက်အားပေးခဲ့ကြသည်။ ယနေ့ဖျော်ဖြေပွဲ ဝင်ကြေးအဖြစ် လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ အသက် (၁၆) နှစ်အောက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။

ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနသည် မေ ၁၂ ရက်တွင် ရန်ကုန်မြို့၊ မေ ၁၄ ရက်တွင် မန္တလေးမြို့တို့၌ ပွင့်လင်းလက်မှတ် ဆပ်ကပ်ကုမ္ပဏီမှ "SANS QUEUE NI TETE" ဆပ်ကပ်ဖြင့် ကပြဖျော်ဖြေခဲ့ပြီး ဖြစ်သည်။

**သတင်း-မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



## လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်အောက်လွှတ်တော် H.E.Mr. Takumi NEMOTO ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**
**(သတင်းစဉ် )**

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်အောက်လွှတ်တော်အမတ် H.E.Mr. Takumi NEMOTO အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**
**(သတင်းစဉ်)**



## အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးမူဘောင်ကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ လေ့လာရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၄**

အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးမူဘောင်ကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် အညီ လေ့လာရေးစီမံချက်အား အကောင်အထည်ဖော်နိုင်ရေးနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်၉နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

နိုင်ငံတကာအကူအညီ ရယူဆောင်ရွက်ရန်လိုအပ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာကူညီမှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအမျိုးသား အဆင့်မူဘောင်များ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ပျဉ်းမနားမြို့နေ ဒေါက်တာစည်သူအောင်နှင့်တပည့်များက ရေဘေးသင့်ဒေသများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr.Dom Scalpelli ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုလုပ်ငန်းများနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC) နှင့် ဟသ်ာတမြို့ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းသို့ ပံ့ပိုးကူညီပေးသည့်ကိစ္စရပ်များ၊ ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် အရေးပေါ် အစားအစာ တိုက်ရိုက်အကူအညီဖြန့်ဝေပေးမှုများ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများအတွက် ပံ့ပိုးကူညီမှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

## ကမ္ဘောဇ Gateway ဆက်သွယ်ရေးကုမ္ပဏီနှင့် အမေရိကန်နိုင်ငံ Hughes ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီတို့ပူးပေါင်း၍ ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုစတင်

**ရန်ကုန် မေ ၂၄**

ကမ္ဘောဇအုပ်စုကုမ္ပဏီကြီး၏ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံ Hughes Network Systems ကုမ္ပဏီတို့ပူးပေါင်း၍ နိုင်ငံတွင်းရှိ ဆက်သွယ်မှုနည်းပညာဆိုင်ရာ အသုံးချဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံတကာဆက်သွယ်မှု အသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် မျိုးဆက်သစ် VSAT (Very Small Aperture Terminal) နည်းပညာမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်၊ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အမှုဆောင်ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်၊ အမေရိကန် Hughes ကုမ္ပဏီမှ President Mr. Pranav Roach၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး၊ အမေရိကန်နိုင်ငံ Hughes ဆက်သွယ်ရေးကုမ္ပဏီမှ President Mr. Pranav Roach၊ KBZ Gateway ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးနိုင်ထွန်းကျော်တို့က အမှာစကားပြောကြားပြီး KBZ Gateway ၏အမှုဆောင်အရာရှိချုပ် Mr. Stephane Lamoureux မှ VSAT နည်းပညာဖြင့် ဂြိုဟ်တုဆက်သွယ်ရေး အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြောကြားသည်။

အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်ကပြောကြားရာတွင် KBZ Gateway ကုမ္ပဏီအနေနှင့် အမေရိကန်နိုင်ငံ Hughes ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၊ Asia Sat ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီတို့နှင့်ပူးပေါင်းပြီး ပထမအဆင့်အနေဖြင့် ကမ္ဘောဇကုမ္ပဏီများ အုပ်စုရှိ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဂြိုဟ်တုဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဝန်ဆောင်မှုအသစ်ဖြင့် ပိုမိုမြန်ဆန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာ့အဆင့်မီဘဏ်လုပ်ငန်း နှင့် ငွေကြေးဝန်ဆောင်မှုများအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီများနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အသုံးချဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို မျိုးဆက်သစ် VSAT နည်းပညာဖြင့် မြန်မာနိုင်ငံ၏ ခေတ်သစ်ဆက်သွယ်ရေး စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရန် ထောက်ကူပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

KBZ Gateway အနေဖြင့် နိုင်ငံတစ်ဝန်းရှိ ဆက်သွယ်ရေးလုပ်ငန်းများနှင့် IT နည်းပညာသုံးစွဲမှုများအတွက် VSAT နည်းပညာသစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် KBZ Gateway ၏ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်အခြေစိုက်စခန်းကို ပဲခူးမြို့တွင် အခြေပြုတည်ဆောက်ထားပြီး စီးပွားရေးလုပ်ငန်းအရပ်ရပ်အတွက် မြန်ဆန်လုံခြုံစိတ်ချရသောနိုင်ငံတွင်းနှင့် နိုင်ငံတကာသို့ ဆက်သွယ်ချိတ်ဆက်မှုများကို စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ Hughes ကုမ္ပဏီသည် ကမ္ဘာ့အဆင့်(၁) ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်ပြီး Asia Sat ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်း၌ Satellite ဝန်ဆောင်မှုများ ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရှိရသည်။
**(မြန်မာ့အလင်း)**

## ခရီးသွားလုပ်ငန်းများတိုးတက်ရေး၊ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် လုံခြုံရေးကိစ္စများဆွေးနွေး

**နေပြည်တော် မေ ၂၄**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဂျာမနီနိုင်ငံ၊ အောက်လွှတ်တော်၊ ခရီးသွား လုပ်ငန်းဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Klaus Brahmig ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင် (အိုင်-၅)၌တွေ့ဆုံပြီး နှစ်နိုင်ငံ ပါလီမန်များအချင်းချင်း ဆက်ဆံမှုတိုးတက်ရေး၊ ဂျာမနီနိုင်ငံမှလာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ၏ သွားလာရေးများလွယ်ကူစေရေး၊ ခရီးသွားလုပ်ငန်းများတိုးတက်ရေး၊ အမျိုးသမီးများ၏နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် လုံခြုံရေး၊ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီဝင်များ အချင်းချင်းဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

## တိုက်ကြီး-အင်းစိန် RBE ရထားပြေးဆွဲမည်

**တိုက်ကြီး မေ ၂၄**

တိုက်ကြီးမြို့နယ်နှင့် အင်းစိန်မြို့နယ် ယခင်က ကားရထားပြေးဆွဲခဲ့သည်ဖြစ်၍ ယခုအချိန်တွင် ခရီးသွားလာရေးအဆင်ပြေစေရန်အတွက် RBE ရထားပြေးဆွဲလျှင် ခရီးသည်များစီးနင်းမှု ရှိ၊ မရှိ သိရှိနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ လက်ထောက်တိုင်းမန်နေဂျာ ဦးညီညီလွင်နှင့်အဖွဲ့သည် တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထောက်အကူအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းခြင်းကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်ကြီး-အင်းစိန် RBE ရထားပြေးဆွဲပါက တွဲငါးတွဲဖြင့် ပြေးဆွဲမှာဖြစ်ပြီး မီးရထားခမှာ တိုက်ကြီး-အင်းစိန် လက်ရှိငွေကျပ် ၃၅၀ ဖြစ်ပြီး ၎င်းထက်မပိုနိုင်ကြောင်း လက်ထောက်တိုင်းမန်နေဂျာက ဆွေးနွေးသည်။

ယခုလို RBE ရထားပြေးဆွဲပါက တိုက်ကြီး-မှော်ဘီ အင်းစိန်မြို့နယ်များသို့ ခရီးသွားပြည်သူများ၊ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဈေးရောင်းဈေးဝယ်များ ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာရေး အဆင်ပြေသည့်အပြင် ယာဉ်စီးခမှာလည်း ကားခလောက်မများသည့်အတွက် သက်သာမည်ဖြစ်ကြောင်းနှင့် တိုက်ကြီး-အင်းစိန်ကားခ ငွေကျပ် ၇၀၀ ဖြစ်ပြီး ညနေမိုးချုပ်လျှင် ငွေကျပ် ၁၀၀၀ အထိပေးရကြောင်း မြို့အထောက်အကူပြုအဖွဲ့များက ဆွေးနွေးခဲ့သည်။
**ထွန်းလှိုင်(မြိုင်)**

## မုတ်သုံလေ အားအလွန်ကောင်း

**နေပြည်တော် မေ ၂၄** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# လမ်းကွန်ရက်စီမံခန့်ခွဲမှုစနစ်များနှင့် စံချိန်စံနှုန်းပြည့်မီသောလမ်းကွန်ရက်များဖြစ်ပေါ်လာစေရေး ဖော်ဆောင်သွားမည်




**နေပြည်တော် မေ ၂၄**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်သူများအတွက် လုံခြုံမှုရှိသော၊ ထိရောက်မှုရှိသော ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပေးအပ်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့သော ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် နိုင်ငံပိုင်အခန်းကဏ္ဍမှ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရေးအတွက် ယခု ဆွေးနွေးပွဲတွင် ဆွေးနွေးအကြံပြုသွားကြစေလိုကြောင်း။

၂၀၁၂ ခုနှစ်ကတည်းကပင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ စီမံကိန်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ပါကြောင်း၊ ADB သည် မိမိတို့၏ဖွံ့ဖြိုးမှုမိတ်ဖက်ဖြစ်သကဲ့သို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည်လည်း အလားတူဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များက ပို့ဆောင်ရေးဝန်ကြီးဌာနက JICA နှင့် ပူးပေါင်းကာ Transport Master Plan ကို ရေးဆွဲခဲ့ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲလုပ်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စွမ်းရည်ရှိပြီး စွမ်းဆောင်နိုင်သောဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုအဖြစ် ပြီးခဲ့သည့်လအတွင်းက လမ်းအသုံးပြုခကောက်ခံခြင်းမပြုတော့သည့်ဂိတ်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းကွန်ရက်စီမံခန့်ခွဲမှုစနစ်များနှင့် စံချိန်စံနှုန်းပြည့်မီသော လမ်းကွန်ရက်များ ဖြစ်ပေါ်လာစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ထိုသို့ လမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရန် Master Plan for Arterial Road Network Development ကို KOICA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် National Transport Development Plan ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ကလည်း ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လိုအပ်သောကဏ္ဍများ၌ ကူညီထောက်ပံ့ခဲ့ပါကြောင်း ဆွေးနွေးပွဲ အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ မေ ၂၃ ရက်နှင့် ၂၄ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့ဆွေးနွေးပွဲ **(အပေါ်ပုံ)** တွင် နိုင်ငံအတွင်း လက်ရှိသုံးစွဲနေသော လေကြောင်း၊ ရေကြောင်း၊ လမ်းကွန်ရက်နှင့် မီးရထားစသည့် သယ်ယူပို့ဆောင်ရေး စနစ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြုပြင်ပြောင်းလဲ လုပ်ဆောင်နိုင်ရန်နှင့် နိုင်ငံပိုင်ကဏ္ဍမှ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်နှင့် စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**



## ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

**တာချီလိတ်မြို့ သွယ် ဟော့ပေါ့စားသောက်ဆိုင်၌ မေ ၂၂ ရက်က ၂၀၁၆ ခုနှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အဆင့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းအောင်ချက်အကောင်းဆုံးရရှိသော ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုပွဲကျင်းပရာ တာဝန်ရှိသူတစ်ဦးက ဘက်စုံထူးချွန်ဆုရ ကျောင်းသားတစ်ဦးကို ရွှေသားဆုနှင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်**

မောင်ယဉ်ကျေး

# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်ရှိအခြေအနေနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများ အပြန်အလှန် ဆွေးနွေးဖလှယ်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်၊ The Renaissance Institute၊ The Asia Foundation ပူးတွဲကျင်းပသော "မြန်မာနိုင်ငံ၏ဘဏ္ဍာရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"ကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော်ရှိ Park Royal Hotel ၌ နှစ်ရက်ကြာ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့က နိုင်ငံတော်၏ မေခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု အခြေအနေအောက်တွင် နှစ်လတ်ဘဏ္ဍာရေး မူဘောင်တည်ဆောက်ရေးဆွဲခြင်း၊ ကြွေးမြီစီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ကြိုတင်ခန့်မှန်းခြင်း၊ နိုင်ငံတော်၏အခွန်ရငွေမူဝါဒနှင့် အခွန်စီမံခန့်ခွဲမှုအခြေအနေ၊ အစိုးရအသုံးစရိတ်စီမံခန့်ခွဲမှုနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့အကြား ဘဏ္ဍာရေးဆက်နွယ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယရက်တွင် ဆွေးနွေးပွဲပထမနေ့ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် The Asia Foundation တို့မှ ပညာရှင်များက အကြံပြုသုံးသပ်တင်ပြ၍ ဆွေးနွေးပွဲတက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် အုပ်စုလေးခုခွဲ၍ ဆွေးနွေးပြီး ဆွေးနွေးပွဲ၏ရလဒ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ (PFM Reform) ကို ဆောင်ရွက်လျက်ရှိရာ ယခု အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်၏ မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သော ဘဏ္ဍာရေးမူဝါဒချမှတ်မှု လုပ်ငန်းစဉ်များတွင် များစွာအကျိုးပြုသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ The Renaissance Institute၊ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ဦးဆောင်အဖွဲ့ (PFM-Executive Reform Team)၊ လုပ်ငန်းအဖွဲ့ (PFM-Reform Secretariat) နှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ (PFM Sub Sector Working Group) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ခြင်းအတွက် စည်းမျဉ်းဥပဒေရေးဆွဲရေးဆွေးနွေး

**နေပြည်တော် မေ ၂၄**

အပြည်ပြည်ဆိုင်ရာ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ခြင်းအတွက် စည်းမျဉ်းဥပဒေရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် အမေရိကန်ပြည်ထောင်စုစွမ်းအင်ဌာန အမျိုးသားနျူကလီးယားလုံခြုံရေးစီမံအုပ်ချုပ်မှုအဖွဲ့တို့ကြီးမှူး၍ မေ ၂၃ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ခြင်း သဘောတူညီချက်နှင့် ၎င်း၏နောက်ဆက်တွဲစာချုပ်အား အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အဏုမြူစွမ်းအင်ဦးစီးဌာနမှ ရေးဆွဲနေသည့် Nuclear Safety Law နှင့် ဆက်စပ်သည့် Regulation များ ရေးဆွဲရာတွင်လိုအပ်သည့် အခြေခံအချက်အလက်များအား ရှင်းလင်းဆွေးနွေး၍ လက်တွေ့ရေးဆွဲရာတွင် သက်ဆိုင်ရာနိုင်ငံ၏ လိုအပ်ချက်များအပေါ် ညှိနှိုင်း၍ အကြံပြုကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံကရေးဆွဲနေသည့် နည်းဥပဒေများပြုစုရာတွင် အထောက်အကူပြုနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ခြင်း သဘောတူညီချက်နှင့် ၎င်း၏နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာလုပ်ငန်းများတွင် နျူကလီးယားလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများအား ပိုမိုနားလည်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမေရိကန်ပြည်ထောင်စုမှ ကျွမ်းကျင်သူလေးဦးနှင့် အဏုမြူစွမ်းအင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာခင်မောင်လတ်ဦးဆောင်သော ဘာသာရပ်ဆက်စပ်နေသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ အကောက်ခွန်ဦးစီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲခေါင်စာပေဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၄**

မဲခေါင်စာပေဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း ပဏာမစာပေဆုရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုဆုကို Nyo Htun Lu ရေးသားသည့် "Oke-Sar-Sont Nat (Treasure Trove Guardian Spirit) and Other Stories" က လည်းကောင်း၊ ဝတ္ထုရှည်ဆုကို Dr Tin Aung Shwe (Thu Tay Thi) ရေးသားသည့် "Children of Their Age" က လည်းကောင်း ဆုရရှိကြသည်။

ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ် (ယူနန်ပြည်နယ်) နိုင်ငံတို့ပါဝင်သည့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွက် ချီးမြှင့်မည့် (၇) ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို ၂၀၁၆ ခုနှစ် ဇွန်လဒုတိယပတ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

**(သတင်းစဉ်)**



**အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လက်သမား၊ ပန်းရန်အတတ်ပညာသင်တန်း(၁/၂၀၁၆)၏ သင်တန်းဆင်းပွဲအခမ်းအနားကို အိမ်မဲမြို့ရှိ အသောကာရုံကျောင်းတိုက် စိန်ရတုဓမ္မာရုံ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး အမှာစကားပြောကြားစဉ်**

မဝေ

# အမှိုက် (သို့မဟုတ်) စွန့်ပစ်ပစ္စည်း

မြူလင်း

**အမှိုက်၏အစ**

အမှိုက်ဟူသမျှစွန့်ပစ်ပစ္စည်းဖြစ်ပါသည်။ အမှိုက်ပုံမရောက်မီ စွန့်ပစ်ပစ္စည်းဖြစ်ပြီး အမှိုက်ပုံ(သို့မဟုတ်)အမှိုက်ပုံးထဲသို့ရောက်သောအခါ "အမှိုက်"အဖြစ် ပြောင်းလဲသွားသည်။

မီးဖိုချောင်သုံးအမှိုက်ဟူ၍ သုံးစွဲခေါ်ဝေါ်နေခြင်းသည် မီးဖိုချောင်သုံးပစ္စည်းပစ္စယ တွေထဲမှစွန့်ပစ်သည့်ပစ္စည်းများကို ခေါ်ကြခြင်းဖြစ်သည်။ အိမ်ရှင်မတို့သည် မီးဖိုချောင်ထဲတွင် အမှိုက်ပုံးထားသည့်အခါ ဖွံ့ဖြိုးပြီးသည့်နိုင်ငံများ၏ မြို့ရွာများရှိ အိမ်ရှင်မများသည် မီးဖိုချောင်ထဲ၌ အမှိုက်ပုံးနှစ်မျိုးထားကြသည်။ အမှိုက်စိုထည့်ရန်နှင့် အမှိုက်ခြောက်ထည့်ရန်ဟူ၍ အမှိုက်ပုံးနှစ်မျိုးခွဲခြားထားသည်။ ယင်းအမှိုက်ပုံးများတွင်ဆေးရုံ၊ ဆေးခန်းများရှိ လူနာခန်းထဲ၌ အမှိုက်သိမ်းရန်လွယ်ကူစေသည့် စနစ်ဖြစ်သော ပလတ်စတစ်အိတ် (Recycling Bags) များကို အမှိုက်ပုံးထဲသို့ ထည့်ထားသည်။ အမှိုက်သိမ်းသည့်အခါ အဆိုပါအမှိုက်အိတ်ကို ဆွဲယူလိုက်ပြီး ထိပ်ဝကို လုံခြုံစွာပိတ်လိုက်ရုံသာရှိသည်။ အမှိုက်ခြောက်များကို ရက်သတ္တပတ်၏ ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် သက်ဆိုင်ရာမြူနီစီပယ်(စည်ပင်သာယာရေး) အဖွဲ့အစည်းတို့သတ်မှတ်ထားရှိသော အမှိုက်ကန်(သို့မဟုတ်)အမှိုက်ပုံးများရှိရာသို့သွားပို့သည်။ နောက်တစ်နည်းအားဖြင့် အမှိုက်ခြောက်များစုပုံထားရှိရန် သတ်မှတ်သောနေရာသို့ အဆိုပါလုံခြုံသောအမှိုက်အိတ်ကို သွား၍ပို့ခြင်းဟူသောနည်းကိုလည်း ဆောင်ရွက်ကြသည်။ သက်ဆိုင်ရာအမှိုက်သိမ်းကားများသည် အဆိုပါအမှိုက်ကန်(သို့မဟုတ်)အမှိုက်ပုံး (သို့မဟုတ်)အမှိုက်အိတ်များစုပုံထားသည့် သတ်မှတ်နေရာများသို့ သတ်မှတ်ချိန်များတွင် လာရောက်သိမ်းဆည်းကြသည်။ အဆိုပါအမှိုက်ကားများသည် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့မှအပ အမှိုက်ခြောက်အိတ်ကို လာရောက်သိမ်းယူရန်တာဝန်မရှိ သောကြောင့် အခြားနေ့များ၌ လာရောက်ခြင်းမရှိကြချေ။

ဤနည်းဖြင့် အိမ်ရှင်မများသည် အမှိုက်ခြောက်စွန့်ပစ်မှုကိုပြုလုပ်ပြီး မြူနီစီပယ် (သို့မဟုတ်) စည်ပင်သာယာအဖွဲ့အစည်းများကလည်း ဖော်ပြခဲ့သည့်အတိုင်းအမှိုက်ခြောက်အိတ်များကို လာရောက်သိမ်းသည်။

အမှိုက်စိုများကို မူနေ့စဉ်စွန့်ပစ်သည့်နည်းကိုသုံးကြသည်။ သတ်မှတ်ထားသည့် အမှိုက်ကန်( သို့မဟုတ်)အမှိုက်ပုံးများထားရှိရာနေရာသို့ လုံခြုံစွာပိတ်ထားသော အမှိုက်အိတ်ကို အိမ်ရှင်မက သွားရောက်စွန့်ပစ်ရပါသည်။ သက်ဆိုင်ရာအမှိုက်သိမ်းကားသည် ၎င်းတို့၏ အချိန်ဇယားများအတိုင်း ၂၄ နာရီအတွင်း လာရောက်သိမ်းဆည်းကြပါသည်။

**အမှိုက်၏အရွေ့**

အနီးပတ်ဝန်းကျင်ရှိနေအိမ်၊ တိုက်တာ၊ အခန်းများမှ အိမ်ရှင်မများက လာရောက်စွန့်ပစ်ခြင်းဖြင့် မီးဖိုချောင်များမှ အမှိုက်များသည် အမှိုက်ကန်၊ အမှိုက်ပုံးများထဲသို့ ရောက်ရှိလာကြပါသည်။ ဤအထိ အမှိုက်များကို အိမ်ရှင်မများ(သို့မဟုတ်)အိမ်ရှင်မများစေလွှတ်ခံရသူများအနေဖြင့် တာဝန်ယူကာဆောင်ရွက်ကြရပါသည်။

အမှိုက်ကန်၊ အမှိုက်ပုံးထဲသို့ ရောက်သောအမှိုက်များကို နောက်ဆုံးစွန့်ပစ်မည့် အမှိုက်ပုံကြီးသို့ သိမ်းဆည်း၊ သယ်ယူရသောအလုပ်ကို မြူနီစီပယ်(သို့) စည်ပင်သာယာမှ သန့်ရှင်းရေးဝန်ထမ်းများက တာဝန်ယူကာ ဆောင်ရွက်ကြပါသည်။ ထိုသို့ဆောင်ရွက်ရသောကြောင့် အမှိုက်သိမ်းဆည်းခ (Fees) ကို သက်ဆိုင်ရာဌာနက ကောက်ခံကြရပါသည်။

အလျဉ်းသင့်သောကြောင့် ရှင်းလင်းရမည်ဆိုပါက အမှိုက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပစ္စည်းခွန်နှင့် အမှိုက်သိမ်းဆည်းခဟူ၍ (Tax)နှင့် (Fees) ကို ခွဲခြားကောက်ခံလျက်ရှိကြောင်း တွေ့ရှိရသည်။ ပစ္စည်းခွန်တွင် မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်တို့ ပါဝင်ပါသည်။

သဘာဝအတိုင်း လမ်းပေါ်တွင်ကျနေသော သစ်ရွက်၊ အမှိုက်နှင့် စည်းကမ်းမဲ့စွန့်ပစ်ကြသော အမှိုက်များကို သန့်ရှင်းရေးဝန်ထမ်းများသည် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် လမ်းမများတွင် သန့်ရှင်း၍ ပြောင်တလင်းခါအောင် အမှိုက်သိမ်းဆည်းကြရပါသည်။ "လင်းပြောင်စနစ်" ဟူ၍ အချင်းချင်း သုံးနှုန်းပြောဆိုကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအတွက် အမှိုက်နှင့်အညစ်အကြေးခွန်အဖြစ် ကောက်ခံရခြင်းဖြစ်ပါသည်။

အမှိုက်ကန်၊ အမှိုက်ပုံးမှ အမှိုက်များကို နောက်ဆုံးစွန့်ပစ်သည့် အမှိုက်ပုံကြီးသို့ ရောက်ရှိစေရန် ဌာနအနေဖြင့် သိမ်းဆည်း၊ စွန့်ပစ်ရသော လုပ်ငန်းအတွက် ဆောင်ရွက်ခအဖြစ် အမှိုက်သိမ်းဆည်းခ (Fees) အဖြစ် ကောက်ခံကြရခြင်းဖြစ်ပါသည်။

ခြံကြီး၊ ဝင်းကြီးများ၊ ဌာနဆိုင်ရာခြံဝင်း၊ တိုက်တာအဆောက်အအုံများရှိ အမှိုက်များကို အဆိုပါသက်ဆိုင်သော ပိုင်ရှင်(သို့)စီမံခန့်ခွဲပိုင်ခွင့်ရှိသူများအနေဖြင့် အမှိုက်သိမ်းဆည်းလိုလျှင် နောက်ဆုံးစွန့်ပစ်သောအမှိုက်ပုံသို့ ၎င်းတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ကိုယ်ပိုင်အမှိုက်ကားဖြင့် လာရောက်စွန့်ပစ်နိုင်ပါသည်။ နောက်ဆုံးစွန့်ပစ်သည့် အမှိုက်ပုံကြီးရှိ တာဝန်ရှိသူမှ အမှိုက်သိမ်းဆည်းရခြင်းအတွက် "အမှိုက်သိမ်းဆည်းခ"ကို သီးခြားကောက်ခံကြရပါသည်။ ၎င်းတို့က ကိုယ်ပိုင်အစီအစဉ်နှင့် လာရောက်စွန့်ပစ်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ သန့်ရှင်းရေးတပ်ခွဲရုံးများနှင့်ဆက်သွယ်၍ "on call" ခေါ်ယူ၍ အမှိုက်သယ်ယာဉ်တစ်စီးလျှင် မည်မျှဟူသည့် သတ်မှတ်နှုန်း အမှိုက်သိမ်းဆည်းခ (Fees) ကို ပေးသွင်းပါက တာဝန်ရှိသူများကို ရက်ချိန်းပေးပြီး လာရောက်သိမ်းဆည်းကာ နောက်ဆုံး စွန့်ပစ်



သည့် အမှိုက်ပုံဆီသို့ ပို့ဆောင်စွန့်ပစ်ပေးမည်ဖြစ်ပါသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအဖြစ် ထူထောင်စဉ်အခါကမူ သန့်ရှင်းရေးဝန်ထမ်းများအနေဖြင့် လုပ်အားပေးခြင်း၊ ဌာနဆိုင်ရာများမှ အကူအညီတောင်းမှုများအလျောက် အမှိုက်သိမ်းဆည်းပေးရခြင်း၊ ခေါင်းလောင်းတီးအမှိုက်သိမ်းခြင်းစသော လုပ်ငန်းစဉ်များရှိခဲ့ပါသည်။ ထို့ကြောင့် အိမ်ရှင်မများအနေဖြင့် မီးဖိုချောင်သုံးအမှိုက်များကို သန့်ရှင်းရေးဝန်ထမ်းများက အိမ်တိုင်ရာရောက် သိမ်းဆည်းပေးလိမ့်မည် (သို့မဟုတ်) အများအနေဖြင့် အမှိုက်ခွန်၊ အမှိုက်ခပေးပြီးပြီပဲ၊ သန့်ရှင်းရေးအလုပ်သမားများက အမှိုက်လာသိမ်းစွန့်ပစ်ပေါ့၊ စွန့်ပစ်ဖို့က သန့်ရှင်းရေးအလုပ်သမားတာဝန် စည်ပင်သာယာတာဝန်ဟူ၍ လွဲမှားစွာ ယူဆမှုများရှိနိုင်ပါသည်။

ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံများမှအပ ဒီမိုကရေစီစနစ်ဖြင့် ချီတက်နေသည့် နိုင်ငံများတွင် မြူနီစီပယ်(သို့မဟုတ်) စည်ပင်သာယာ သန့်ရှင်းရေးဝန်ထမ်းများက အမှိုက်သိမ်းဆည်းခကို အမှိုက်၏ပမာဏနှင့် တိုက်ရိုက်အချိုးကျ၍ (Fees)များ ကောက်ခံလျက် အမှိုက်ကန်၊ အမှိုက်ပုံးများမှနောက်ဆုံးစွန့်ပစ်သည့် အမှိုက်ပုံကြီးသို့ ပေးပို့ခြင်းလုပ်ငန်းကိုသာ တာဝန်ယူလုပ်ဆောင်ကြရသည်ဖြစ်ပါသည်။ အမှိုက်သိမ်းဆည်းခနှင့် သန့်ရှင်းရေးခွန်များသည် အခွန်အခနှုန်းမြင့်သည့်အတွက် အခွန်ထမ်းပြည်သူများသည် အောက်ပါအချက်များကိုအသုံးပြုကာ အမှိုက်ထွက်ရှိမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါသည်-

| | | |
|---|---|---|
| (၁) | အမှိုက်ထွက်နှုန်း လျှော့ချရန်ဆောင်ရွက်ခြင်း | (Reduce) |
| (၂) | ပြန်လည်ပြုပြင်၍အသုံးပြုခြင်း | (Recycling) |
| (၃) | ပြန်လည်အသုံးပြုခြင်း | (Reuse) |

အထက်ပါဆောင်ရွက်ချက်များကြောင့် အမှိုက်စွန့်ပစ်မှုနည်းပါးသွားပြီး ထမ်းဆောင်ရန်ရှိသည့် အခွန်/အခနှုန်းများလည်း အထိုက်အလျောက် လျော့ကျသွားမည်ဖြစ်ပါသည်။

ဤနေရာ၌ မေးခွန်းပေါ်ပေါက်လာပါသည်။ ယင်းမှာ-

- ကျွန်ုပ်တို့ရန်ကုန်ရှိ အိမ်ရှင်များရော ထိုကဲ့သို့အမှိုက်စွန့်ပစ်မှု နည်းစေရန် ဆောင်ရွက်လျက်ရှိပြီလား။
- ကျွန်ုပ်တို့လည်း ထိုအခြေအနေမျိုးဆီသို့ မုချသွားရပါလိမ့်မည်။

**အမှိုက်၏အန္တရာယ်**

အမှိုက်သည်လူတို့၏ အသုံးအဆောင်ပစ္စည်းများအနက် ဆက်လက်အသုံးပြု၍ မရတော့သော၊ ဟောင်းနွမ်းပျက်စီးသွားသော၊ အသုံးပြုနေဆဲကာလအတွင်း ပုပ်သိုးဆွေးမြည့်သွားသော၊ သုံးစွဲရန်ပစ္စည်းများ ထုပ်ပိုးယူလာရပြီး အသုံးပြုသည့် ပစ္စည်းများ ရွေးထုတ်နေရာချထားပြီးချိန်၌ ထုပ်ပိုးထားသောပစ္စည်းများမှာ စွန့်ပစ်ရမည့်အနေအထားဖြစ်သဖြင့် ထိုကဲ့သို့စွန့်ပစ်ရန်ဖြစ်သော အရာအားလုံးသည် အမှိုက်ကန်၊ အမှိုက်ပုံးထဲသို့သွားရောက်စွန့်ပစ်ပြီးချိန်မှစ၍ အမှိုက်ဖြစ်သွားရခြင်းဖြစ်ပါသည်။ ထိုအမှိုက်များထဲမှ နှစ်မျိုးခွဲခြားရခြင်းဖြစ်ပါသည်။ အမှိုက်စိုနှင့် အမှိုက်ခြောက်ဟူ၍ ဖြစ်သည်။

အမှိုက်စိုကို အပြာရောင်အိတ်ဖြင့် ထုပ်သိမ်းစွန့်ပစ်ပြီး အမှိုက်ခြောက်ကို အစိမ်းရောင်အိတ်ဖြင့်သုံး၍ စွန့်ပစ်ရပါသည်။ ထိုအမှိုက်များသည် မည်သည့် အန္တရာယ်များရှိပါသနည်း။

အမှိုက်စိုသည် ရောဂါပိုးမွှား၊ ဗက်တီးရီးယားများပေါက်ပွားလွယ်ပါသည်။ စည်းကမ်းမဲ့စွန့်ပစ်သည်နှင့်အမျှ အမှိုက်ကန်ပတ်ဝန်းကျင် ပြန့်ကျဲနေသော အမှိုက်စိုများမှတစ်ဆင့် လာရောက်ရှာဖွေစားသောက်ကြသော ကြွက်၊ ခြင်၊ ယင်၊ ခွေးလေခွေးလွင့်နှင့် ငှက်များ၊ ကြက်များမှတစ်ဆင့် ရောဂါပိုးကူးစက်မှုအန္တရာယ်မှာ အမှန်တကယ်ရောဂါပိုးရှိသော အမှိုက်များမှပျံ့နှံ့မည်ဆိုပါက မမျှော်မှန်းမတွေးဝံ့စရာဖြစ်ပါသည်။ ရုပ်ရှင်များထဲ၌ ကူးစက်ပိုးများမှ ရောဂါကပ်ဆိုးဖြစ်ရပုံများကို နမူနာထား၍ စဉ်းစားနိုင်ပါသည်။

အခြားအန္တရာယ်မှာ မီးဘေးအန္တရာယ်ဖြစ်ပါသည်။ မသမာသူမည်သူမဆို၊ စည်းကမ်းမဲ့ပစ်ထားသော အမှိုက်များအား လောင်စာသဖွယ် အသုံးချ၍လည်းကောင်း၊ စီးကရက်မီး၊ ဆေးလိပ်တိုမီးများမှလည်းကောင်း ပေါ့ဆမီးအဖြစ် အန္တရာယ်ကြီးလှပါသည်။

ထို့ကြောင့် အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြား၍ အိတ်၏ထိပ်၌လုံခြုံစွာ ပိတ်လှောင်၍ စွန့်ပစ်ခြင်းသည်သာလျှင် မှန်ကန်သောအမှိုက်စွန့်ပစ်နည်းဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

အခြားအန္တရာယ်တစ်ခုမှာ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင်လည်း အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားထားနိုင်မှုမရှိပါက အထက်ဖော်ပြပါ ရောဂါနှင့် မီးအန္တရာယ်များ ဖြစ်နိုင်ဖွယ်ရှိသော အနေအထားဖြစ်ပါသည်။

အများအားဖြင့် ပြည်သူများသည်အမှိုက်များကို သဘာဝမြေဩဇာလုပ်သည်ဟု ထင်တတ်ကြပါသည်။ သို့မဟုတ် နောက်ဆုံးစွန့်ပစ်သည်ဟူ၍လည်း ယူဆတတ်ကြပါသည်။ အမှန်မှာ လူဦးရေထူထပ်လာသည်နှင့်အမျှ အမှိုက်စွန့်ပစ်နိုင်သည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာများမှာ ရှားပါးလာပါသည်။

ထို့ကြောင့် အမှိုက်မီးရှို့စက်များတည်ထောင်ကြရပါသည်။ အမှိုက်မှလျှပ်စစ်စွမ်းအင်ထုတ်နိုင်သည်အထိလည်း လုပ်ဆောင်ကြရပါသည်။

အမှိုက်များ၏အရွေ့(သို့မဟုတ်) စွန့်ပစ်ပစ္စည်းများ၏အရွေ့သည် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာဖြစ်ကြောင်း ဆောင်းပါးအစမှ ယခုအထိ ဖတ်လာခဲ့ပါက ရိပ်စားနိုင်လိမ့်မည်ဖြစ်ပါသည်။

ယခုဖော်ပြခဲ့သော အမှိုက်အကြောင်းအရာများတွင် အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြား၍ မီးဖိုချောင်သုံးအမှိုက်ကို စွန့်ပစ်ရန် အကြောင်းမျှသာ ရှိပါသေးသည်။

ဖော်ပြရန်ကျန်သော အမှိုက်များမှာ စက်ရုံ၊ အလုပ်ရုံမှထွက်ရှိသောအမှိုက်များ၊ ဆေးရုံဆေးခန်းများမှထွက်ရှိသော အမှိုက်များ (သို့မဟုတ်) စွန့်ပစ်ပစ္စည်းများ၊ ခြံထွက်အမှိုက်များ၊ ရေစီးရေလာအားအနှောင့်အယှက်ပေးသောအမှိုက်များ၊ ရေထွက်ပေါက်များကို ပိတ်ဆို့စေနိုင်သော အမှိုက်များဟူ၍ ခွဲခြားဖော်ပြရန်ရှိပါသည်။ အဆိုပါအမှိုက်များအကြောင်းနှင့်အတူ ပြည်သူပါဝင်ရန်လိုအပ်သော ဆောင်ရွက်သင့်သည်များလည်း ဖော်ပြရဦးမည်ဖြစ်ပါသည်။

## အမျိုးသမီးများဘဝ ရပ်တည်မှုအတွက် အထောက်အကူပြုနိုင်မည့် အခမဲ့စက်ချုပ်သင်တန်းဖွင့်

**တောင်ငူ မေ ၂၄**

အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင်ရပ်တည်နေထိုင်စေရန်ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ) မှ ရက်(၁၀၀) စီမံချက်ကာလအတွင်း အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် အမျိုးသမီးများဘဝရပ်တည်မှုအတွက် အထောက်အကူပြုမည့် အခမဲ့စက်ချုပ်သင်တန်းကို မေ ၂၃ ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် တောင်ငူမြို့ အိမ်တွင်းမှုပညာသင်တန်းကျောင်းမှ နည်းပြဆရာမများကသင်ကြားပြသပေးရာ စက်ချုပ်သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၃ ရက်မှ ဇွန် ၁၈ ရက်အထိ ၂၆ ရက်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ရမ်းဗြဲ-လေးတောင်အမာခံလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၄**

ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့ သွားသောကားလမ်းမှာ အမာခံလမ်း အဆင့်ဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီး ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းအဆင့် ရောက်ရှိစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့ သွားသောကားလမ်းအား ကျောက်ချောလမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ** မေးမြန်းချက်အပေါ် ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ရမ်းဗြဲ-လေးတောင်လမ်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ ရမ်းဗြဲ-လေးတောင်လမ်းအပိုင်းသည် အမာခံလမ်းအမျိုးအစားဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

> **ရမ်းဗြဲ-လေးတောင်လမ်းအပိုင်းသည် အမာခံလမ်းအမျိုးအစားဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခွဲဝေရရှိသည့် ပြည်နယ်ငွေလုံး ငွေရင်း ရန်ပုံငွေဖြင့် ဖြုန်းကျောက်စရစ် ခင်းခြင်း၊ သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ သစ်သားတံတားများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့**

အထိ ခွဲဝေရရှိသည့် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဖြုန်းကျောက်စရစ်ခင်းခြင်း၊ သံကူကွန်ကရစ်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ သစ်သားတံတားများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ဆက်လက်ဖြေကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၏ **မုံရွာ-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးဗျူဟာကားလမ်းမကြီး ဖောက်လုပ်နေမှုနှင့် ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် မည်သည့်အချိန်တွင် ပြီးစီးရန် သတ်မှတ်မှု ရှိ၊ မရှိ** မေးမြန်းချက်အပေါ် အဆိုပါလမ်း၏ ရေဦး-ကလေးဝလမ်းပိုင်း မိုင် ၈၀၊ ၃ ဖာလုံမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ကွန်ကရစ်လမ်း ၁၉ မိုင်၊ ကတ္တရာလမ်း ၆၁ မိုင် ၃ ဖာလုံ အဆင့်သို့ ရောက်ရှိမည်ဖြစ်ပြီး ရာသီမရွေး သွားလာနိုင်မည် ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မုံရွာ-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးဗျူဟာလမ်းသည် စုစုပေါင်းအရှည် ၄၆၄ မိုင် ၃ ဖာလုံရှိပါကြောင်း၊ မုံရွာ-ရေဦး လမ်းပိုင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပြီး မုံရွာမှ ဒီပဲယင်းနယ်စပ်ထိ ၄၇ မိုင်ကို ဆုထူးပန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် လည်းကောင်း၊ ဒီပဲယင်းနယ်စပ်မှ ရေဦးမြို့အထိ ခုနစ်မိုင်ကို လမ်းဦးစီးဌာနမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဦး-ကလေးဝလမ်းပိုင်း မိုင် ၈၀၊ ၃ ဖာလုံကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် မြေသားတာပေါင်ချဲ့တင်ခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းရှိ သက္ကယ်ကျင်း-သာနန်းတော ၄၅ မိုင်နှင့် ဖောင်းပြင်-ဟုမ္မလင်း လမ်းဆုံ-ယက်ဖ ၁၁၉ မိုင်သည်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်တွင် ရာသီမရွေးသွားလာနိုင်မည် ဖြစ်ကြောင်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းမှာ မိုင် ၃၃၀ ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းပိုင်းဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြေတာပေါင်ချဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်စီမြေထိန်းနံရံ တည်ဆောက်ခြင်း၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း အဆို လွှတ်တော်ကသဘောတူ

**နေပြည်တော် မေ ၂၄**

**တတိယအကြိမ် ပြင်ဆင်သည့် ရပ်ကျေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ယနေ့အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအပေါ် ပြန်လည်ကြားနာဆောင်ရွက်ရန် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကို တာဝန်ပေးအပ်လိုက်သည်။

တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်က ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၇ ပါ ပြည်သူလူထု၏ လုံခြုံမှုကို ဥပဒေအရ ကာကွယ်ပေးမည့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များသည် တာဝန်မကျေသည့် တာဝန်ရှိသူများအဖြစ် ရောက်ရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈၃၊ ၃၈၄နှင့် ၃၈၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် ရပ်ကျေးဥပဒေပါ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မ ၁၇ တို့ကို ပယ်ဖျက်ခြင်းမပြုဘဲ မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ဒုစရိုက်သမားများသည် မြို့ရွာနယ်ပယ်အသီးသီးတွင် ဒေသခံများအသွင်သဏ္ဌာန်ယူ၍ တည်းခိုခန်းများ၊ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများ၌ တည်းခိုပြီး အဖျက်အမှောင့်လုပ်ငန်းများကို ကြံစည်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ ဒုစရိုက်အဖျက်လုပ်ငန်းများ မပေါ်ပေါက်ရေးအတွက် ရပ်ကွက်နယ်မြေအတွင်း လူစိမ်းဧည့်သည်များ ဝင်ထွက်မှုကို စိစစ်ပြီး ဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဧည့်စာရင်း တိုင်ကြားစစ်ဆေးခြင်းကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုဘဝ လုံခြုံရေးအတွက် ဆောင်ရွက်ထားသည့် လုံခြုံရေးစည်းရိုးသဖွယ်ဖြစ်သော ပြဋ္ဌာန်းချက်များကို ပယ်ဖျက်လိုက်ပါက မရှိတော့သည့် စည်းရိုးအပေါ်တွင် အခွင့်ကောင်းယူ၍ မသမာသူများမှ အဖျက်လုပ်ငန်းများ ဆောင်ရွက်လာပါက ပြည်သူလူထုကြေကွဲဝမ်းနည်းရမည့် ကိစ္စရပ်များ ကြုံတွေ့နိုင်ကြောင်းကိုလည်း ဗိုလ်မှူးကြီး လှဝင်းအောင်က သတိပေးပြောကြားခဲ့သည်။



**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင် ဆွေးနွေးစဉ်**



**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးစဉ်**

ရပ်ကျေး အုပ်ချုပ်ရေးမှူးများကို ထောက်ပံ့ပေးရေးနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက မူလဥပဒေပြဋ္ဌာန်းချက်အခန်း ၁၂ ပါ ချီးမြှင့်ထောက်ပံ့ငွေအခန်း၌ အဂတိကင်းစင်သော အစိုးရတစ်ရပ်ဖြစ်ထွန်းစေရန် အောက်ခြေအဖွဲ့အစည်းသည် အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် ပြည်သူများနှင့် နေ့စဉ်ထိတွေ့ရသည့်အတွက် ဆိုးခြင်းကောင်းခြင်းများကို ပြည်သူများက တိုက်ရိုက်ထိတွေ့သိရှိရပါကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် နေ့စဉ် ၂၄ နာရီ တာဝန်ထမ်းဆောင်ရခြင်း၊ ရွေးကောက်ခံအုပ်ချုပ်ရေးမှူးဖြစ်သည့်အတွက် အဂတိကင်းစင်သော အုပ်ချုပ်ရေးမှူးများဖြစ်စေရန် လုံလောက်သော လစဉ်ချီးမြှင့်ငွေများကို အုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာခွဲတာဝန်ခံများအား လိုအပ်သော နည်းဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်ပေးစေလိုပါကြောင်း အကြံပြုဆွေးနွေးသည်။

မှတ်ကျောက်တင်ခံနိုင်သည့် ဥပဒေဖြစ်ရန်အတွက်လည်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ယခုပြဋ္ဌာန်းလိုက်သည့် ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီသော ဥပဒေများဖြစ်ရန် ပြည်သူလူထုက လေးစားလိုက်နာသည့် ဥပဒေဖြစ်ရန် အရေးကြီးပါကြောင်း၊ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီး အနည်းဆုံး လွှတ်တော်သက်တမ်း သုံးဆက်အထိ ခေတ်စနစ်နှင့် လျော်ညီ၍ မှတ်ကျောက်တင်ခံနိုင်သည့်အပြင် သင့်တော်ခြင်း၊ ကောင်းမွန်ခြင်းနှင့် လက်တွေ့ကျခြင်းဆိုသည့် စံနှုန်းပြည့်မီသော ဥပဒေဖြစ်ရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့ တင်ပြရာ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးက ထောက်ခံဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ ဆန္ဒရယူရာ ကန့်ကွက်သူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

အလားတူ ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေးက မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးကုတ်မြို့ရှိ အင်းကြီးပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမည်

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၃၂)ရက်မြောက်နေ့ကို မေ ၂၅ ရက် (ယနေ့)နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ဝက်တိုးကျေးရွာအနီးရှိ ဝက်တိုးစိုက်ကွင်းမြေဧက ၄၀၀၀ နီးပါးကို ယခုအခါမှာ မည်သို့ မည်ပုံ လုပ်ကိုင်ဆောင်ရွက်နေကြောင်းနှင့် မအောင်မမြင်ဖြစ်နေပြီး အကျိုးမရှိဖြစ်နေပါက နိုင်ငံတော်အကျိုးရှိအောင်၊ ဒေသခံပြည်သူများ အကျိုးရှိအောင်၊ သိမ်းဆည်းခံလယ်သမားများ အကျိုးရှိအောင် မည်သို့ မည်ပုံ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊ ယခင်အစိုးရလက်ထက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့ရှိ အင်းကြီးအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ သာစည်မြို့နယ်အတွင်းရှိ သာစည်- ညောင်ရမ်းဆက်သွယ်ထားသော ကျောက်ချောလမ်းမကြီးအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေး နိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းတို့ကို မေးမြန်းကြမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားပေးမည်ဖြစ်သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **“ပြည်သူ့ကောင်စီ ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း”** နှင့် **“နိုင်ငံတော်ကောင်စီ ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း”** တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း သိရသည်။ အလားတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မေ ၂၅ ရက် (ယနေ့) နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များက မြောက်ဦးမြို့နယ် လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန် လိုအပ်သောငွေကျပ်သန်း ၅၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းခြင်းနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော လျှပ်စစ်နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးနည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အမျိုးသားလွှတ်တော်၌ လက်ခံဆွေးနွေးရန် သဘောတူထားသည့် ဥပဒေကြမ်းတင်သွင်းမှုအား ပြန်လည်ရုပ်သိမ်း


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်

**နေပြည်တော် မေ ၂၄**

အမျိုးသားလွှတ်တော်၌ လက်ခံဆွေးနွေးရန် သဘောတူထားသည့် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတင်သွင်းခဲ့မှုကို ပြန်လည်ရုပ်သိမ်းရန် လွှတ်တော်က ယနေ့အစည်းအဝေး၌ ဆုံးဖြတ်လိုက်သည်။

အဆိုပါဥပဒေကြမ်းကို ၂၀၁၆ ခုနှစ် မေ ၄ ရက်တွင်ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က တင်သွင်းခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ထားသည်။

သို့သော် ယင်းဥပဒေကို ရုပ်သိမ်းလိုက်ပါက အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်များ ပါသွားမည်ဖြစ်ပြီး လက်ရှိစီမံခန့်ခွဲအုပ်ချုပ်ရေး ဆောင်ရွက်ရန်အတွက် အခက်အခဲအကျပ်အတည်း တွေ့နိုင်သည့်အပြင် ဥပဒေကြောင်းအရ ပြဿနာ ပေါ်ပေါက်နိုင်သည့်အတွက် အဆိုပါရုပ်သိမ်းသည့် ဥပဒေကြမ်း တင်သွင်းခဲ့မှုကို ပြန်လည်ရုပ်သိမ်းရခြင်း ဖြစ်ကြောင်း အဆိုရှင်က လွှတ်တော်သို့ တင်ပြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအတွက် လိုအပ်သော ဥပဒေများကို စနစ်တကျပြဋ္ဌာန်းပြီးမှသာ ယခုဥပဒေကိုရုပ်သိမ်းခြင်းက ပိုမိုသင့်လျော်ပါကြောင်း၊ မူလတင်ပြခဲ့သည့် ရုပ်သိမ်းသောဥပဒေကို လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြန်လည်ရုပ်သိမ်းပြီး ဥပဒေအသစ် ပြဋ္ဌာန်းပြီးမှသာ ဖျက်သိမ်းသင့်သည့်အတွက် ယခုလို ပြင်လည်ရုပ်သိမ်းရန် တင်ပြရခြင်းဖြစ်ကြောင်း ဦးအောင်ကြည်ညွန့်က လွှတ်တော်သို့ ဆက်လက်တင်ပြသည်။

၎င်းအပေါ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဒေသန္တရအုပ်ချုပ်ရေးဖြစ်သည့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဒေသန္တရအုပ်ချုပ်ရေး ဥပဒေများကို လက်ရှိအနေအထားအရ ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် မည်သို့တာဝန်ယူ တာဝန်ခံပြီး မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်များသည် အဆိုပါဥပဒေတွင် အကျုံးဝင်နေသည့်အတွက် လတ်တလော ရုပ်သိမ်းခြင်းမပြုဘဲ၊ ဒေသန္တရအုပ်ချုပ်ရေး ဥပဒေများ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ကော်မတီ၏ သဘောထားကို ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ ဥပဒေကြမ်း ပြန်လည်ရုပ်သိမ်းရန် တင်ပြခြင်းကို အမျိုးသားလွှတ်တော်၌ ကန့်ကွက်သူမရှိ သဘောတူသည့်အတွက် ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက လွှတ်တော်၌ ပြန်လည်ရုပ်သိမ်းရန် ခွင့်ပြုကြောင်း ကြေညာသည်။

**ကျော်ထွန်းသူ**

# အတ္တမပါ ပရသက်သက် လူထုရှင်သန်ရပ်တည်ရေးအတွက် ဖေးမကူညီပေးနေသည့် ရှင်သန်ရေးကူညီမှုအသင်း

**သတင်းဆောင်းပါး - ဝင်းဝင်းမော်၊ မြတ်စန္ဒီသင်းဇော်**

**ရန်ကုန် မေ ၂၄**

"နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် အမေစုကိုယ်တိုင် ရှင်သန်ရေး ကူညီမှုအသင်းသာမက အခြားပရဟိတအသင်းတွေအတွက် မှတ်တမ်းတင်ဂုဏ်ပြုပေးတဲ့အတွက် အသင်းတွေ ပိုပြီး ဆောင်ရွက်ချင်လာအောင် အားပေးလိုက်တဲ့သဘောပါ"ဟု ရှင်သန်ရေးကူညီမှု အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူးဂုဏ်ပြုမှုနှင့် ပတ်သက်ပြီး ပြောသည်။

" တိုင်းပြည်မှာ အလုပ်တစ်ခုလုပ်ရင် သူ့တာဝန်၊ ငါ့တာဝန်မခွဲခြားဘဲ နိုင်ငံတော်က လုပ်ပေးရမယ့်အလုပ်လို့ မသတ်မှတ်ဘဲ မိမိက နိုင်ငံတော်အတွက် ဘယ်လောက် လုပ်ပေးနိုင်မလဲဆိုတဲ့စိတ်ဓာတ် ဖြစ်ပေါ်လာအောင် မွေးမြူပေးတဲ့ အမေစုရဲ့စကားတို့ကို ကျွန်တော်အပါအဝင် ပရဟိတသမားများအားလုံးက ကျေးဇူးလည်းတင်တယ်၊ ကိုယ်လည်းလုပ်ကိုင်ပေးနိုင်မယ့် တာဝန်ကြီးတစ်ရပ် ရရှိလိုက်တယ်လို့ ခံယူပြီး ဝမ်းလည်းသာတယ်၊ ဒီတာဝန်ကို ဆက်လက်ပြီး ပိုလုပ်ဆောင်သွားပေးမယ်လို့ ကတိပြုပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ၂၀၁၆ ခုနှစ် မေလ ၂၃ ရက် ရက်စွဲဖြင့် ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်ခဲ့ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် "ရှင်သန်ရေးကူညီမှုအသင်း"အား ရွေးချယ်ခဲ့မှုအပေါ် ၎င်းက ရည်ညွှန်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်တွင် အာဟာရဒါန ပရဟိတမောင်နှမများနှင့် စေတနာရှင် အလှူရှင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လူနာများအတွက် သောက်ရေသန့်များ၊ အာဟာရများလှူဒါန်းပေးရာမှ အစပြုကာ ရှင်သန်ရေးကူညီမှုအသင်း (NOBLE HEART) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ အာဟာရဒါန ပရဟိတမောင်နှမများအနေဖြင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်မှုကြောင့် ဆင်းရဲဒုက္ခရောက်နေသော သောကပရိဒေဝခံစားနေရသော ဝေဒနာရှင်များ စိတ်ချမ်းမြေ့စွာ အသက်ဆက်ရှင်သန်ရေး ရည်ရွယ်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

NOBLE HEART အဖွဲ့သည် ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများမှ ဝေဒနာရှင်များအား သောက်ရေသန့်နှင့် အာဟာရဒါနများလှူဒါန်းခြင်း၊ ရန်ကုန်မြို့နှင့် မိုင် ၅၀ ဝန်းကျင်ရှိသော အသည်း အသန်ဝေဒနာရှင်များ၊ ထိခိုက်ဒဏ်ရာရသူများနှင့် ရောဝတီတိုင်းမှ ရောက်ရှိလာ သော ဝေဒနာရှင်များကို အချိန်မီဆေးရုံသို့ အခမဲ့ပို့ဆောင်ပေးခြင်း၊ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအား ဆေးကုသစရိတ် ထောက်ပံ့လှူဒါန်းခြင်းနှင့် အရေးပေါ် သွေးလိုအပ်သော ဝေဒနာရှင်များအား သန့်ရှင်းသောသွေးများ လှူဒါန်းရန်ဆောင်ရွက်ပေးခြင်းများအပြင် တွဲဖက်မူလတန်းကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာဆရာမများ၏ လစာများကို တတ်နိုင်သလောက် ထောက်ပံ့ပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ သွားရောက်၍ ဘေးဒုက္ခသည်များအား လှူဒါန်းခြင်း၊ ကူညီစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ရှင်သန်ရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦး

လတ်တလောအနေဖြင့် ၎င်းတို့အဖွဲ့တွင် လူနာတင်ယာဉ် ခြောက်စီးရှိကြောင်း၊ နောက်ပိုင်းတွင်လည်း ထပ်မံတိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း သိရသည်။ ၎င်းတို့အဖွဲ့အနေဖြင့် ရှေးဦးသူနာပြုစုနည်း သင်တန်းများကို ကျွမ်းကျင်ဆရာများဖြင့် သင်တန်းပေးထားကြောင်း၊ အဆိုပါသင်တန်းများတွင် တခြားပရဟိတအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကိုပါ ခေါ်ယူသင်တန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှင်သန်ရေးကူညီမှုအသင်းကို သြဝါဒါစရိယ နာယကဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ချင်းတောင်တန်းဆရာတော် ဒေါက်တာအရှင်တေဇောသာရ၊ ဦးသုမင်္ဂလ (ဒယ်အိုးဆရာတော်)၊ အရှင်ဓမ္မပါလ ဆရာတော်တို့၏ သြဝါဒခံယူပြီး နာယကကြီးများအပါအဝင် အများပြည်သူစေတနာရှင်များ၊ အလှူရှင်များ လှူဒါန်းသည့်ငွေများဖြင့် အမှန်တကယ်လိုအပ်နေသည့် ပြည်သူလူထုများအတွက် ပေါင်းကူးပေးနေသည့် အသင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ဆိုသည်။

ရှင်သန်ရေးကူညီမှုအသင်းသည် ၂၀၁၅ ခုနှစ်က သိန်းပေါင်း ၈၇၀၀ လှူဒါန်းခဲ့သည်။ ရေလှူဒါန်းမှုအဖြစ် အိမ်ထောင်စု ၃၈၀၀ ကျော်၊ လူပေါင်း ၁၈၀၀၀ ကျော်ကို ရေဘောက်ဆာကားသုံးစီးဖြင့် ကားကြီး ခုနစ်ခေါက်၊ ကားသေးခုနစ်ခေါက် တစ်နေ့ ၁၄ ခေါက်ဖြင့် ရေဂါလန် ၅၀၀၀၀ ခန့်ကို ယခုတိုင် နေ့စဉ်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ဒလမြို့နယ်၌ ပေ ၂၀၀ ပတ်လည် ရေကန် ၂၀၊ ကော့မှူးမြို့နယ်၌ ရေကန်ခုနစ်ကန် စုစုပေါင်း ၂၇ ကန်လှူဒါန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကန်ပေါင်း ၃၂ ကန်ကို တူးဖော်ရန် လျာထားလျက်ရှိရာ လက်ရှိတွင် ရှစ်ကန်ခန့် ပြီးစီးနေပြီဖြစ်သည်။ ထို့ပြင် ကျိုက်ထို၊ ပဲခူး၊ သနပ္ပင်မြို့နယ်များ၊ မြေလတ်ပိုင်းဖြစ်သည့် မကွေး၊ ကျောက်ပန်းတောင်း၊ မြိုင်၊ ပခုက္ကူမြို့နယ်များသို့လည်း ရေများဖြန့်ဖြူးပေးလျက်ရှိသည်။

"မနှစ်တုန်းကလည်း အသင်းကမတည်ပြီး အလှူရှင်တွေရဲ့ပံ့ပိုးမှုတွေနဲ့ ဒလမှာ ရေကန်တွေ ၂၆ ကန်ဆယ်ခဲ့တယ်၊ ဒလမြို့မှာက ကန်ပေါင်း ရာချီရှိတယ်၊ ဒါပေမယ့် ကန်တွေကကောပြီး ပျက်စီးနေကြတယ်၊ ဒါတွေကို အမှိုက်တွေ နွံတွေပြန်ဆယ်တယ်၊ အနက်ပြန်တူးတယ်၊ ပေါင်တွေလုပ်ပေးတယ်၊ မနှစ်က ရေကြီးရေလျှံဖြစ်တုန်းက ချင်းပြည်နယ်ဘက်မှာ ကိုရီးယားအလှူရှင်တွေနဲ့ပေါင်းပြီး ဒေါ်လာသောင်းချီ လှူဒါန်းခဲ့တယ်၊ ရောဝတီတိုင်းဒေသကြီးဘက်မှာဆိုရင် ကျောင်းကုန်း၊ ရေကြည်၊ အသုတ်တို့ကို သွားလှူခဲ့တယ်၊ ကယားပြည်နယ် မော်ချီးမှာ တောင်ပြိုမှု၊ မြိတ်က ပလောမှာ မီးလောင်မှုတွေမှာလည်း သွားရောက်လှူဒါန်းခဲ့တယ်၊ ရေရှားတဲ့ အညာဒေသက ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ၊ မကွေး၊ ချောက်တို့မှာရော နောက်ပြီး ရခိုင်ပြည်နယ် မြောက်ဦးမြို့မှာပါ ရေသွားရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က ဆိုသည်။

ထိုသို့ လှူဒါန်းရာတွင် ရှင်သန်ရေးကူညီမှုအသင်းအနေဖြင့် ဒေသခံ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့ပြီး ရန်ကုန်မြို့တွင်လည်း အသင်းက မနိုင်သည့်ကိစ္စများကို တခြားပရဟိတအဖွဲ့အစည်းများဖြင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချီးကျူးဂုဏ်ပြုမှုအပေါ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က "မနေ့က ညနေပိုင်း ရုံးပိတ်ခါနီးအချိန်လောက်မှာ ကျွန်တော်တို့အဖွဲ့တွေ သိခဲ့ရတယ်၊ ဒီပျော်ရွှင်တဲ့ပီတိက ပြောမပြတတ်ပါဘူး၊ အသိအမှတ်ပြုတယ်ဆိုတော့ ဂုဏ်ယူပါတယ်၊ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့လို လုပ်ကိုင်နေတဲ့အသင်းအဖွဲ့တွေလည်း အများကြီးရှိပါတယ်၊ အခုလို သဘာဝဘေးအန္တရာယ်ကျတဲ့ အချိန်မှာဆို အဖွဲ့အစည်းတွေအများကြီး ချိတ်ဆက်မိကြတယ်၊ ပြည်သူတွေ အများကြီး တာဝန်ကျေပါတယ်"ဟုဆိုသည်။

ရှင်သန်ရေးကူညီမှုအသင်းမှ စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ ဒေါ်ကေကေက "ပရဟိတလုပ်ငန်းလုပ်တယ်ဆိုတာက စိတ်ပါမှုဖြစ်တာပါ၊ ပရဟိတသမားစစ်စစ်ဖြစ်ဖို့က စိတ်ထဲမှာနှစ်ပြီး လုပ်ဖို့လိုအပ်တယ်၊ ပရဟိတလုပ်တယ်ဆိုရင် စိတ်တွေက နူးညံ့ပြောင်းလဲလာတယ်၊ အခု ဒီမှာ လူငယ်တွေများတယ်၊ သူတို့ရဲ့အားလပ်တဲ့အချိန်တွေမှာလာပြီး လုပ်ကိုင်ပေးကြတယ်၊ ဒီလိုအသင်းဆိုတာက တစ်ဦးတစ်ယောက်တည်းနဲ့ ဖွဲ့စည်းလို့မရဘူး၊ စုပေါင်းပြီးလုပ်မှ အောင်မြင်တာပါ၊ ဒါ့ကြောင့် တခြားအဖွဲ့တွေကလည်း ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်မှုတွေရလိမ့်မယ်လို့ ယုံကြည်ပါတယ်ဟု"ပြောသည်။

ရှင်သန်ရေးကူညီမှုအသင်းနှင့် လက်တွဲပူးပေါင်း၍ အများအကျိုးပြုပရဟိတလုပ်ငန်းများကို ကိုယ်ကျိုးမဖက်ဆောင်ရွက်ကြမည့် ပရဟိတမောင်နှမများကိုလည်း ချစ်ခင်ရင်းနှီးစွာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာ လက်ကမ်းကြိုဆိုဖိတ်ခေါ်နေသလို အကူအညီ လိုအပ်နေသူများအနေဖြင့် ရှင်သန်ရေးကူညီမှုအသင်း(NOBLE HEART ) အမှတ် ၂၈၊ မြေညီထပ်၊ (၃)ရပ်ကွက်၊ ၆၃ လမ်း၊ လင်းစဒေါင်း၊ ဗိုလ်တထောင်မြို့နယ်၊ ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၂၂၀၀၀၆၇၊ ၀၉-၂၅၂၀၁၁၁၅၅၊ ၀၉-၂၅၂၀၂၂၂၅၅၊ ၀၉-၃၁၀၆၈၇၄၆ တို့သို့ အကူအညီတောင်းခံနိုင်ကြောင်း ၎င်းက ဆိုသည်။

ရှင်သန်ရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "ကျွန်တော်တို့ထက် စီနီယာကျတဲ့ အသင်းကြီးတွေရှိပါတယ်၊ သူတို့ထံက နည်းနာနိဿယယူကြပါ၊ ပရဟိတစိတ်ဓာတ်မြင့်မားစွာနဲ့ လုပ်ကိုင်ပေးလိုတဲ့စိတ်ဓာတ်တွေ ဆတက်ထမ်းပိုး တိုးမြှင့်ပြီး မိမိနိုင်ငံ မိမိဆွေမျိုး မိမိရပ်ရွာအတွက် ကြိုးစားကြပါ၊ ကြိုးစားဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ဆိုသည်။

မြန်မာလူမျိုးတို့၏ မူလဘူတ ကရုဏာအရင်းခံစေတနာတို့မှ ပေါက်ဖွားလာခဲ့သည့် ပရဟိတစိတ်ဓာတ်သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပြီး နောက်ပိုင်းတွင် အစုအဖွဲ့ အသင်းအဖွဲ့အလိုက် ပရဟိတလုပ်ငန်းများအသွင် ပိုမိုအားကောင်းလာခဲ့သည်။

တစ်ဖန် ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်တွင်မူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပရဟိတလုပ်ငန်းများနှင့်ဆက်စပ်၍ ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်ရာတွင် ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် "ရှင်သန်ရေးကူညီမှုအသင်း"အား ရွေးချယ်ထုတ်ပြန်လိုက်ခြင်းသည် မြန်မာနိုင်ငံရှိ ပရဟိတလောကနှင့် ပရဟိတလောကသားတို့အတွက် အံ့အားသင့်စရာ ထုတ်ပြန်လွှာတစ်ရပ်ဖြစ်သွားသကဲ့သို့ အစိုးရသစ်က မြန်မာနိုင်ငံ၏ အနာဂတ်ပရဟိတလုပ်ငန်းများနှင့် ပရဟိတအသင်းများအတွက် ပိုမိုအသိအမှတ်ပြု လမ်းဖွင့်ပေးရာရောက်စေခဲ့ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။


ရှင်သန်ရေးကူညီမှုအသင်းမှ သောက်ရေသုံးရေ လိုအပ်သည့်ဒေသများသို့ ရေသွားရောက်လှူဒါန်းစဉ်

# ကဗျာတွေရွတ်ရင်း၊ ပုံပြင်တွေနားထောင်ရင်း သင်ကြားသွားမယ့် သူငယ်တန်း(KG)သင်ရိုး

## ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းမှ အကြံပေးဒေါက်တာဝင်းအောင်နှင့် တွေ့ဆုံမေးမြန်း

မေလ ၂၅ ရက်မှ ၃၁ ရက်နေ့သည် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဖြစ်သည်။ လာမည့် ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်တော့မည်ဖြစ်သည်။ သူငယ်တန်းသည် အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာရေးတို့၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ယခုမှ ကျောင်းစတက်မည့် သူငယ်တန်း (KG) ကျောင်းသားမိဘများအဖို့ မိမိတို့သား၊ သမီးလေးများ ဝန်းကျင်အသစ်၊ သင်ရိုးအသစ်တွင် အဆင်ပြေပါ့မလားတွေးတောပူပန်နေကြမည်သာဖြစ်သည်။ ထို့ကြောင့် အသစ်ပြောင်းလဲလိုက်သည့် သူငယ်တန်း (KG)သင်ရိုးနှင့် ပတ်သက်၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းမှ အကြံပေးဒေါက်တာ ဝင်းအောင်အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -



ဒေါက်တာ ဝင်းအောင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေး ကဏ္ဍ လေ့လာ သုံးသပ်ရေး လုပ်ငန်းမှ အကြံပေး

**မေး ။ ။ သူငယ်တန်းသင်ရိုးက ဘာကြောင့် ပြောင်းလဲသင့်တယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ။ အမျိုးသားပညာရေးဥပဒေမှာသူငယ်တန်း + ၁၂တန်း ဆိုတဲ့စနစ်နဲ့ သွားဖို့ ပြဋ္ဌာန်းထားတယ်။ နိုင်ငံတကာ သင်ရိုးစံနှုန်းတွေနဲ့ ကိုက်ညီအောင် အခြေခံပညာရဲ့ စနစ်ပြင်ဆင်ဖို့ လုပ်တာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေမှာတော့ သူငယ်တန်းကို အခြေခံပညာမူလတန်းရဲ့ အခြေခံအတန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုတယ်။ သူငယ်တန်းပညာရေးအဖြစ်လည်း အဓိပ္ပာယ်ထပ်ဖွင့်ဆိုတယ်။ သူငယ်တန်းပညာရေးကို ကလေးတွေရဲ့ဖွံ့ဖြိုးမှုအဆင့် အသက်အရွယ်နဲ့ ကိုက်ညီတဲ့ သင်နည်းစနစ်တွေ၊ သင်ရမယ့်အကြောင်းအရာတွေနဲ့ ကိုက်ညီအောင်လုပ်ဖို့ ပြဋ္ဌာန်းတယ်။ အခုက ဖတ်စာအုပ်တွေကြည့်ရင် မြန်မာလိုက သူငယ်တန်း၊ အင်္ဂလိပ်လိုက Grade-1 အဖြစ် သတ်မှတ်ထားတော့ ဟိုမရောက်၊ ဒီမရောက်ဖြစ်တာပေါ့။ Grade -1 မှာသင်တဲ့ အကြောင်းအရာတွေကို သူငယ်တန်းမှာ ချသင်နေသလို ဖြစ်နေတယ်။ အဲဒါကြောင့် အခုလက်ရှိ သူငယ်တန်းသင်ရိုးက ကလေးတွေရဲ့ ဖွံ့ဖြိုးမှုအဆင့်နဲ့ကြည့်ရင် သိပ်လိုက်လျောညီထွေမရှိဘူး။ ကိုက်ညီမှု သိပ်မရှိတာကို တွေ့ရတယ်။

သူငယ်တန်းက အသက်ငါးနှစ်မှာ နေလို့ရတယ်ဆိုပေမယ့် မြန်မာနိုင်ငံရဲ့ကျေးလက်တွေမှာ သူငယ်တန်းကလေး တော်တော်များများက ခြောက်နှစ်လောက်မှ တက်ကြတာများတယ်။ တချို့က ငါးနှစ်နဲ့ဝင်ပေမယ့်လည်း သူငယ်တန်းကို ပြီးအောင်မနေဘဲ ထပ်ကျော့တက်ကြတယ်။ ကျွန်တော်တို့ နိုင်ငံမှာ သူငယ်တန်းကို ထပ်ကျော့နေတဲ့နှုန်းက မြင့်တယ်။ လက်ရှိ သူငယ်တန်းသင်ရိုးညွှန်းတမ်းက ကလေးရဲ့ဖွံ့ဖြိုးမှုအဆင့်နဲ့ ကြည့်ရင် တစ်ဆင့်မြင့်နေတာတွေ့ရတယ်။ CESR ရော၊ ၂၀၁၂ ခုနှစ်လောက်ကရော မြန်မာနိုင်ငံရဲ့ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေးအခြေအနေ လေ့လာသုံးသပ်မှု လုပ်တယ်။ မြန်မာ့ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးမူဝါဒကို နိုင်ငံတော်က ထုတ်ပြန်ခဲ့တယ်။ အဲဒီမူဝါဒမှာလည်း သူငယ်တန်းသည် ကလေးရဲ့ဖွံ့ဖြိုးမှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့ သူငယ်တန်းဖြစ်ဖို့ လိုတယ်လို့ပါတယ်။ သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ပြောင်းဖို့လုပ်တာ ၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ နိုင်ငံတကာက ပညာရှင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပညာရေးဝန်ကြီးဌာနက တတ်ကျွမ်းနားလည်သူတွေ ဒီသင်ရိုးညွှန်းတမ်းကို စပြီးရေးဆွဲတယ်။ ၂၀၁၃ ခုနှစ်မှာ သင်ရိုးညွှန်းတမ်းမူကြမ်း ပြီးခဲ့ပါတယ်။ သူငယ်တန်းမှာ လက်တွေ့သင်နေတဲ့ ဆရာ၊ ဆရာမတွေနဲ့ အချိန်ယူပြီး ညှိနှိုင်းမှုအမျိုးမျိုး လုပ်ခဲ့ပါတယ်။

သူငယ်တန်းသင်ရိုးညွှန်းတမ်းဟာ ကလေးရဲ့ အသက်အရွယ်၊ ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်တွေနဲ့ လိုက်လျောညီထွေဖြစ်အောင်၊ သင်ရိုးညွှန်းတမ်းတွေကလည်း နိုင်ငံတကာစံနဲ့လည်း ကိုက်ညီအောင်၊ ပြောင်းလဲလိုက်တာ ဖြစ်ပါတယ်။

**မေး ။ ။ သင်ရိုးမှာ ဘာတွေပြောင်းလဲသွားမှာလဲ။**

ဖြေ ။ ။ သိသာထင်ရှားတဲ့ အပြောင်းအလဲကတော့ အရင်သူငယ်တန်းလို မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ အဲဒီလိုတွေ သင်မှာမဟုတ်ပါဘူး။ သူငယ်တန်း သင်ရိုးညွှန်းတမ်းမှာ ဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုကို သင်ဖို့သတ်မှတ်ထားတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ ပေါင်းသင်းဆက်ဆံရေးနဲ့ အကျင့်စာရိတ္တဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကမ္ဘာလောကကို သိနားလည်ခြင်း၊ အနုပညာရသ ခံစားတီထွင်ဖန်တီးခြင်းနဲ့ သင်္ချာအခြေခံတွေပါတယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းမှာ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုရော၊ စိတ်ဖွံ့ဖြိုးမှုရောပါတယ်။ ပေါင်းသင်းဆက်ဆံရေး၊ အကျင့်စာရိတ္တဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှုမှာ အပြန်အလှန်စကားပြောဆို ဆက်သွယ်တာတွေပါတယ်။ ပတ်ဝန်းကျင်လောကအကြောင်းကို ကလေးတွေသိအောင်၊ ရင်းနှီးအောင် ကမ္ဘာလောကကို သိနားလည်ခြင်းဆိုတာတွေလည်း ထည့်ထားတယ်။

အဲဒီနယ်ပယ်တွေ အကုန်လုံးကို ကလေးကနေ့စဉ် လုပ်ကိုင်ဆောင်ရွက်ရင်း သင်ယူနိုင်အောင်လုပ်တဲ့ အစီအစဉ်ဖြစ်ပါတယ်။အများကြီးမဟုတ်ပါဘူး။ သုံးမျိုးသတ်မှတ်ထားတယ်။ နေ့တိုင်းပုံမှန်လုပ်တဲ့ အလုပ်တွေ၊ ကျောင်းကိုစရောက်တဲ့အချိန်ကနေ ပြန်တဲ့အချိန်ထိ လုပ်သမျှတွေ အကုန်လုံးကို ကလေးက သင်ယူနေတယ်လို့ ယူဆတယ်။ ထမင်းစားတယ်၊ လက်ဆေးတယ်။ အဲဒါတွေက တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ပတ်သက်ပြီး လေ့လာသင်ယူနေတာဖြစ်တယ်။အဲဒါ အလုပ်တစ်မျိုးပေါ့။ နောက်တစ်ခုက လွတ်လွတ်လပ်လပ် ဆော့ကစားချိန်၊ သူကြိုက်တာကစားလို့ရတဲ့အချိန် (Free Play)ပေါ့၊ အဲဒါကလည်းကစားရင်းနဲ့ ကလေးက သင်ယူနေတာဖြစ်တယ်။ တတိယက ဆရာမက စနစ်တကျစီစဉ်ပေးတဲ့ သင်ယူမှုလုပ်ငန်းတွေဖြစ်ပါတယ်။ သီချင်းတွေ၊ ကဗျာတွေဆို၊ ပုံပြင်တွေနားထောင်မယ်။ သရုပ်ဆောင်တာ၊ အခြားကစားစရာတွေနဲ့ စနစ်တကျစီစဉ်ပြီး ကစားတာတွေလည်း ပါဝင်မှာဖြစ်ပါတယ်။

မနက်ပိုင်း ကျောင်းကိုရောက်တာနဲ့ စုဝေးမယ်၊ နိုင်ငံတော်အလံအလေးပြုမယ်၊ ကျောင်းရဲ့အလုပ်တွေကို ပုံမှန်လုပ်မယ်။ လွတ်လွတ်လပ်လပ် ကစားရတာကလည်း အလုပ်တစ်မျိုးဖြစ်မယ်၊ ပုံပြော၊ သီချင်းဆို၊ ကဗျာရွတ်၊ ကကြိုး၊ ခရေးတွေလည်း အခြေခံသင်ယူတာရှိမယ်။ မူကြိုတွေမှာလုပ်သလို သူငယ်တန်းမှာလုပ်မယ်။

ရည်ရွယ်ချက်က နိုင်ငံတကာမှာ မူကြိုဆိုတာ ကလေးတိုင်းမနေနိုင်ဘူး။ ဘယ်နိုင်ငံမှာပဲကြည့်ကြည့် ကလေးတိုင်း မူကြိုနေတာမရှိဘူး။ ချမ်းသာတဲ့နိုင်ငံတွေမှာတောင် ကလေးတိုင်းမနေဘူး။ ဒါပေမယ့် ကျောင်းကိုရောက်တဲ့အချိန်မှာ မူကြိုနေခဲ့တဲ့ ကလေး၊ မနေခဲ့ရတဲ့ကလေး စုံသွားတယ်လေ။ အဲဒီလိုကလေးနှစ်မျိုးကို သူငယ်တန်းမှာ ညှိလိုက်တယ်။ အဲဒါမှ ပထမတန်းတက်တဲ့အချိန်မှာ သင်ယူဖို့ အဆင်သင့်ဖြစ်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ငှတို့လို မြန်မာအက္ခရာတွေ ထည့်မသင်ဘူးဆိုပြီး ဝေဖန်သံတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီအပေါ် ဘာများပြောချင်ပါသလဲ။**

ဖြေ ။ ။ အဲဒါက နားလည်မှုလွဲကြတာပါ။ ဗျည်းတွေ၊ အက္ခရာတွေကို ပျော်ပျော်ပါးပါးကစားရင်း သင်ယူတာ (Informal Learning)ပါ။ Formal Learning က စာအုပ်တွေနဲ့ သေသေချာချာရေး လေ့ကျင့်၊ စနစ်တကျ သင်ယူရတာပါ။ သူငယ်တန်းမှာက လေ့ကျင့်တဲ့ဘက်ကို ဇောင်းပေးမထားဘူး။ ပျော်ပျော်ပါးပါးကစားရင်းနဲ့ သင်ယူတာ။ ဘယ်ဗျည်းအက္ခရာမှ မချန်ခဲ့ဘူး။ အကုန်သင်မှာဖြစ်ပါတယ်။ **ငှ**ကို မြင်ဖူးရမယ်။ ထွင်းစာလုံးတွေကိုဆက်မယ်။ ဆေးရောင်ခြယ်တာတွေ လုပ်ရင်းနဲ့ ကလေးက မှတ်မိသွားမယ်။ ရေးပြီးလေ့ကျင့်တဲ့ အပိုင်းမှာတော့ ဒီစာလုံးတွေက ချက်ချင်းလတ်တလော အသုံးဝင်တာလည်း မဟုတ်သေးဘူး။ ကလေးရေးရတာကလည်း တခြားစာလုံးတွေနဲ့ယှဉ်ရင် ခက်ခဲတယ်။ အဲဒါကြောင့် အရေးလေ့ကျင့်တဲ့အပိုင်းမှာတော့ ချန်ခဲ့မယ်လို့ပြောတာ ဖြစ်ပါတယ်။ ပထမတန်းရောက်ရင်တော့ ဆက်ပြီးသင်မှာဖြစ်ပါတယ်။

**မေး ။ ။ သူငယ်တန်းသင်ရိုးက ဘယ်လိုအရာတွေ ပါဝင်မယ်ဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ ဘာသာစကားကျွမ်းကျင်မှု လေးမျိုးရှိတယ်။ အနာ၊ အကြား၊ အပြောအဆို၊ အဖတ်အရွတ်နဲ့ အရေးအသားဖြစ်ပါတယ်။ သူငယ်တန်းမှာ အဓိကဇောင်းပေးတာက အနာ၊ အကြား၊ အပြောအဆို ဖြစ်ပါတယ်။ အပြန်အလှန် ပြောဆိုဆက်သွယ်တာကိုပဲ အဓိကသင်ကြားမှာ ဖြစ်ပါတယ်။ကလေးရဲ့ ဘာသာစကားဖွံ့ဖြိုးဖို့က ဝေါဟာရကြွယ်ဝဖို့လည်း လိုပါတယ်။ ကျောင်းမှာသုံးတဲ့ အပေါင်း၊ အနုတ် အသုံးအနှုန်းတွေက ကလေးက အိမ်မှာကြားဖူးခဲ့မှာ မဟုတ်ဘူး။ ကလေးက ပုံပြင်တွေ များများနားထောင်ဖူးရမယ်။ သူကိုယ်တိုင်လည်း တီထွင်ပြီး ပြောတတ်မယ်ဆိုရင် နောင်တစ်ချိန်မှာ စာရေး၊ စာဖတ် မြန်မြန်တတ်မယ်။ ကကြိုး၊ ခရေးစောစောသင်လို့ စာရေး၊ စာဖတ်မြန်မြန် မတတ်နိုင်ပါဘူး။ စာကိုမြင်ပြီး ဖတ်တတ်တာက အရည်အချင်း အစစ်မဟုတ်ဘူး။ ဖတ်တဲ့စာကို နားလည်ပြီး အဓိပ္ပာယ်ကောက်တတ်ရမယ်။ ရှေ့နောက် အဆက်အစပ် အချိတ်အဆက်တွေကိုလည်းတတ်ရမယ်။ အဲဒီလိုဖြစ်အောင် ပုံပြင်နားထောင်တာ၊ ပုံပြောတာတွေ များများလုပ်ရမယ်။ ပုံပြင်နားထောင်ရင်း၊ ရှေ့ကို ဘာဆက်ဖြစ်မလဲဆိုတဲ့ ကြောင်းကျိုးဆက်စပ် တွေးတတ်လာတယ်။ အဲဒီလိုကလေးမျိုးက စာဖတ်တဲ့အချိန်မှာ ပိုပြီးအဓိပ္ပာယ်ပေါက်လွယ်တယ်။ အဲဒါကြောင့် သူငယ်တန်းမှာ ကလေးတွေကို ပုံပြင်တွေနဲ့ ပိုပြီးရင်းနှီးအောင် ပုံပြင်များများပြောမယ်။ ပုံပြင်ဖတ်မယ်။ ဘာသာစကား အခြေခံခိုင်အောင်၊ ဝေါဟာရကြွယ်ဝအောင်၊ ဘာသာစကားနဲ့ဆိုင်တဲ့ ဉာဏ်ရည်တွေ ဖွံ့ဖြိုးအောင်၊ ကြောင်းကျိုးဆက်စပ်တတ်အောင် စာရေး၊ စာဖတ် အစပျိုးပေးတဲ့အလုပ်တွေ များများထည့်ထားပါတယ်။

သူငယ်တန်းသင်ရိုးတွေထဲက ရှေ့ပိုင်းကကဗျာတွေ စောစောထ၊ သွားတိုက်တို့လို၊ ကဗျာတွေဆိုတာ ရွတ်တာတွေက သူငယ်တန်းမှာကျန်ခဲ့မယ်။ ဒီကဗျာတွေနဲ့ အလားတူတာတွေ ဗျည်း၊ သရအက္ခရာတွေ မှတ်မိအောင်ကလည်း သူငယ်တန်းမှာ ကျန်ခဲ့မှာဖြစ်ပါတယ်။ အများကြီးစာတွေဖိပြီး မသင်ပါဘူး။

**မေး ။ ။ ဒီလိုသင်ရိုးအသစ် ၊ သင်နည်းစနစ်တွေကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ပြောပြပေးစေချင်ပါတယ်။**

ဖြေ ။ ။ အိမ်မှာက လွတ်လပ်တယ်။ ကလေးရဲ့ ဝန်းကျင်ကလည်း သူ့မိသားစု၊ ရင်းနှီးပြီးသားလူတွေပဲ ဖြစ်နေမယ်။ ကလေးက လွတ်လွတ်လပ်လပ်နေရာကနေ အချုပ်အချယ်ရှိလာတဲ့ ကျောင်းဆိုတာကို ကူးရတာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကြည့်လိုက်တော့လည်း သူမြင်နေကျတွေမဟုတ်ဘူး။ သူစိမ်းတွေ ဖြစ်နေတယ်။ သူ့မိဘတွေလည်း မရှိဘူး။ အဲဒီလို အကူးလေးကိုချောမွေ့အောင်၊ ဖိစီးမှုသိပ်မရှိဘဲ သူငယ်တန်းမှာ ပျော်ပျော်ပါးပါးသင်ယူရင်းနဲ့ အခြေခံကောင်းတွေ ရရှိအောင် လုပ်ပေးလိုက်တာဖြစ်ပါတယ်။ ပထမတန်းရောက်ရင် သူ့ရဲ့သင်ယူမှုခရီးကို ကောင်းကောင်းမွန်မွန်နဲ့ ရှေ့ဆက်သွားနိုင်ပါတယ်။

**မေး ။ ။ မိဘတွေအနေနဲ့ရော ဘယ်လို ပူးပေါင်းပါဝင်သင့်သလဲ။**

ဖြေ ။ ။ ကလေးရဲ့ဖွံ့ဖြိုးမှုအဆင့်နဲ့ လိုက်လျောညီထွေဖြစ်အောင် သင်ရိုးကိုပြင်လိုက်တယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စတဲ့ အခြေခံပညာကို သင်ယူဖို့ အဆင်ပြေအောင် အုတ်မြစ်ချတာ ဖြစ်ပါတယ်။ မိဘတွေက အဲဒီသဘောကိုနားလည်ပြီး ဆရာမတွေနဲ့ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ တချို့ မိဘတွေက ပထမတန်းမှာ သင်မယ့်ကိစ္စတွေကို မူကြိုမှာကတည်းက အားလုံးကိုသင်နေပြီ။ အဲဒါတွေက တကယ်တမ်းကျတော့ ကလေးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။ မလိုပါဘူး။ ကလေးကပုံမှန်အတိုင်းသင်သွားရင် စာရေး၊ စာဖတ်က တတ်မှာပါပဲ။ ဖိစီးမှုတွေ အများကြီးပေးတဲ့အတွက် ကလေးက စက်ရုပ်သဘောဖြစ်သွားတယ်။ အော်သာ အော်နေတယ်။ ကလေးက သူအော်တာနားမလည်ဘူး။ မိဘတွေက အဲဒီသဘောကိုနားလည်ပြီး ကလေးကို ဝန်ထုပ်၊ ဝန်ပိုး မဖြစ်အောင်၊ ဖိစီးမှုတွေမဖြစ်အောင် ဖိအားမပေးဖို့လိုပါတယ်။ ကြိုပြီးမသင်ပါနဲ့၊ ကလေးက အချိန်တန်ရင်တတ်သွားမှာပါ။ မိဘတွေ လုပ်ပေးနိုင်တာကကလေးတွေနဲ့ စကားများများပြောပေးပါ။ ကလေးရဲ့အတွေ့အကြုံတွေ ပြန်ပြောခိုင်းပါ။ ကလေးကလူကြီးတွေနဲ့ အပြန်အလှန်စကားပြောရင်း ဝေါဟာရကြွယ်ဝလာမယ်။ ပုံပြောပေးမယ်။ ပုံပြင်တွေဖတ်ခိုင်းမယ်ဆိုရင် သူ့ရဲ့စဉ်းစားဉာဏ်လည်း ပိုကောင်းလာမယ်။ ဘာသာစကား ဖွံ့ဖြိုးတဲ့အတွက် ကလေးက အရေး၊ အဖတ်သင်တဲ့အချိန်မှာ အထောက်အကူဖြစ်စေမယ်။ ဉာဏ်ရည်လည်း ထက်မြက်လာမယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားချင်တာရှိရင် သိလိုပါတယ်။**

ဖြေ ။ ။ မိဘတွေတင်မကပါဘူး။ ပညာရေးနဲ့ သက်ဆိုင်တဲ့ ဆရာ ဆရာမတွေကိုယ်တိုင်လည်း သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကို နားလည်သဘောပေါက်ပြီး သူတို့ကို သင်တန်းပေးထားတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒီလုပ်ငန်းတွေကို ကြီးကြပ်တဲ့သူတွေ၊ ပညာရေးမှာ တာဝန်ရှိသူတွေကလည်း စီစဉ်ထားတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ လိုပါတယ်။

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း**

---

❖ *ရှေ့ဖုံးမှ*

အကောင်အထည်ဖော် ဆောင်ရွက်သည့် အစီရင်ခံစာထဲတွင် စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းကြောင့် ရေထုပျက်စီးမှုအတွက် မည်သို့လုပ်ဆောင်ကုစားပေးမည်ကို ဖော်ပြရမည့်အစား လက်ပံတောင်းစီမံကိန်းအတွက် ရေဆိုးသန့်စင်သည့် စနစ်ထားရှိခြင်းနှင့် စွန့်ပစ်ရေသိမ်းဆည်းကန်နှင့် ရေတားတမံခိုင်ခံ့အောင်သာ ဒီဇိုင်းရေးဆွဲထားကြောင်း ဖော်ပြထားသလို ရေဆိုးသန့်စင်သည့်စနစ်နှင့် စွန့်ပစ်ရေတားတမံ ဆောက်လုပ်မှုများသည် အမှန်တကယ် စိတ်ချယုံကြည်ရလောက်အောင် လုပ်ဆောင်နိုင်ကြောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးနိုင်သည့် လွတ်လပ်သောအဖွဲ့လည်းမရှိကြောင်း သိရသည်။

"ဒီဒေသမှာ မိုးများလာပြီဆိုရင် ရွာသူ ရွာသားတွေ လန့်နေရတယ်။ မိုးရေချိန်များလာရင် စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းလုပ်နေတဲ့ ကုမ္ပဏီက ရေဆိုးတွေကို မထိန်းနိုင်တော့ဘဲ ရေရိုးကတစ်ဆင့် ရွာသူ ရွာသားတွေကို အသိမပေးဘဲ ဖောက်ချတယ်။ အဲဒီလို ဖောက်ချနေတာ အကြိမ်ပေါင်းများစွာ ရှိပြီ။ ရွာသားတွေ ကိုယ်တိုင်တွေ့တာ သုံးလေးခါထက်မနည်းရှိပြီ။ သိလို့ စာတင်ပြီးတားတာကိုလည်း သိပ်ဂရုမစိုက်ဘူး။ မိုးများလို့ ရေဆိုးတွေ မထိန်းနိုင်တော့ဘူးဆိုရင် ဖောက်ချတော့တာပဲ"ဟု ရွှေပန်းခိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

စပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မိုးတွင်းကာလအတွင်း ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ ရေဆိုးများကို ရေရိုးတစ်လျှောက်မှ လွှတ်ထုတ်လိုက်သည့်အတွက် ဒေသခံများအနေဖြင့် ရေ၏နောက်ဆက်တွဲဆိုးကျိုးများကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ရေစွန့်ထုတ်မှုများမှ ငါးများသေဆုံးခြင်းကို ဒေသခံများအနေဖြင့် ကုမ္ပဏီနှင့် အစိုးရထံသို့ တင်ပြတောင်းဆိုခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်က မြန်မာယမ်စီကုမ္ပဏီနှင့် ဒေသခံများတွေ့ဆုံပွဲတွင် မူလရေအရည်အသွေးမပြောင်းလဲကြောင်းသာ စာထုတ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ရေများကို ပြန်လည်ကုစားပေးခြင်း၊ စစ်ဆေးတိုင်းတာ၍ အကာအကွယ်ပြုလုပ်ပေးခြင်း၊ ရေဆိုးမထုတ်လွှတ်မီ ဒေသခံများအား အကြောင်းကြား အသိပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးခြင်းမရှိကြောင်း သိရသည်။

"ရွာသားတွေကို အသိမပေးဘဲ ရေဆိုးတွေ ထုတ်နေတာကြာပြီ။ ရေဆိုးထုတ်တဲ့နေရာတွေမှာ ငါးတွေသေတာ နှစ်ခါ သုံးခါဖြစ်လာတာ တွေ့ရတယ်။ ခုလည်း ရေဆိုးဖောက်ချပြီး မကြာဘူး ငါးတွေသေကုန်လို့ ကျွန်တော်တို့ ဒီအဖြစ်ကိုစစ်ဆေးပေးဖို့ စာတင်ထားတယ်"ဟု လက်ရှိ MATA ဇဟိုဦးဆောင်ကော်မတီ စစ်ကိုင်းတိုင်းဒေသကြီးအဖွဲ့ဝင် ကိုတင့်အောင်စိုးက ပြောသည်။ ဒေသခံများအနေဖြင့် ရေရိုးတစ်လျှောက်ရှိ ရေများကို ကျွဲ၊ နွားတိရစ္ဆာန်များ ရေတိုက်ရန်အတွက် အသုံးပြုနေကျဖြစ်ပြီး ယခု ရေဆိုးထုတ်လွှတ်သည့်အတွက် တိရစ္ဆာန်များအတွက် ရေရရှိရန် ယခင်ထက် ပိုမိုခက်ခဲရကြောင်း သိရသည်။

လက်ပံတောင်းစီမံကိန်း ရေဆိုးဖောက်ထုတ်ရန်အတွက် ရေဆိုးထုတ်မြောင်းများမရှိဘဲ စီမံကိန်းအတွင်းရှိကန်များအတွင်းသာ စုဆောင်းထားရာ မိုးရေချိန်များလာပါက ရေဆိုးများကို ထိန်းသိမ်းနိုင်ရန် မည်သို့ဆောင်ရွက်ထားသည်ကို မသိရှိရသေးသလို ဒေသခံများအနေဖြင့် ရေဆိုးများ မထိန်းသိမ်းနိုင်ဘဲ ဖောက်ထုတ်ပါက ဒေသခံများ၏ ကျန်ရှိသော လယ်ယာမြေများနှင့် ချင်းတွင်းမြစ်ရေ ထိခိုက်မည်ကို စိုးရိမ်နေရကြောင်း ဒေသခံများထံမှ သိရသည်။

### တိုင်းဒေသကြီး / ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၂၄**

ကချင်၊ ကယား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင်နှင့်ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ဒုက္ခသည်လူမှောင်ခိုကူးသူများအား နှိမ်နင်းရန် လစ်ဗျားကို အီးယူကူညီမည်

**ထရီပိုလီ မေ ၂၄**

ရွှေ့ပြောင်းဒုက္ခသည်များကို လူမှောင်ခိုကူးခြင်းများအား ထိန်းချုပ်ရန် လစ်ဗျားကမ်းခြေစောင့်တပ်အား အကူအညီများပေးရေး အီးယူကသဘောတူထားသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက တနင်္လာနေ့က ဘရပ်ဆဲလ်မြို့၌ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုထားသည့် အစိုးရသစ်ကအကူအညီများ တောင်းခံထားခြင်းအပေါ် ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်သည်။




တူရကီမှတစ်ဆင့် ဥရောပသို့ သွားရောက်သည့် ဒုက္ခသည်အရေအတွက်မှာ ကျဆင်းလာပြီဖြစ်ပြီး ထိုသို့ဖြစ်ရခြင်းမှာ ဥရောပသမဂ္ဂနှင့် တူရကီကြား မတ်လကရေးထိုးထားသည့် စာချုပ်အရ လွန်ခဲ့သောလက ဂရိနိုင်ငံသို့ရောက်ရှိနေသော ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များကို တူရကီသို့ ပြန်လည်ပို့ဆောင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အီးယူသည် မြေထဲပင်လယ် ၌ ရွှေ့ပြောင်းဒုက္ခသည်များအား လူမှောင်ခိုကူးသူများကို စောင့်ကြည့်ထိန်းချုပ်ရန် ဆိုဖီယာ မစ်ရှင်ကို လွန်ခဲ့သောနှစ်ကပြုလုပ်ခဲ့သည်။

တနင်္လာနေ့ကပြုလုပ်သော အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ မြေထဲပင်လယ်၌ လူမှောင်ခိုသမားများကို စောင့်ကြည့်ထိန်းချုပ်ရန်နှင့် လစ်ဗျားကမ်းခြေစောင့်တပ်ကို လေ့ကျင့်မှုများပေးရန် သဘောတူခဲ့ကြသည်။

အီးယူသည် မြေထဲပင်လယ်၌ လူမှောင်ခိုသမားများထိန်းချုပ်ရေး စစ်ဆင်ရေးကို နိုင်ငံတကာရေပိုင်နက်မှ လစ်ဗျားပင်လယ်ပြင်အထိ တိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။

သို့သော် ထိုသို့ပြုလုပ်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် လစ်ဗျားအစိုးရ၏ သဘောတူညီမှုလိုအပ်မည်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းကို တွေ့ဆုံရန် ဒေါ်နယ်ထရန့်တောင်းဆို

**ဂျီနီဗာ မေ ၂၄**

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် အလားအလာရှိ ရီပတ်ဘလစ်ကန် ဒေါ်နယ်ထရန့်၏ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းကို တွေ့ဆုံရန် တောင်းဆိုမှုသည် လှုံ့ဆော်မှုသို့မဟုတ် ကြော်ငြာပုံစံမျိုးနှင့်တူနေသည်ဟု မြောက်ကိုရီးယား ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရိုက်တာနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ထရန့်က ပြုံယမ်းနျူကလီးယား အစီအစဉ်ကို ရပ်နားနိုင်ရန် ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်တွေ့ဆုံရန် ဆန္ဒရှိကြောင်း ပြောသည်။

"ကျွန်တော်တို့ခေါင်းဆောင်ကြီးက တွေ့ဆုံမှုလုပ်မယ်မလုပ်ဘူးဆိုတာကို ဆုံးဖြတ်ပါလိမ့်မယ်၊ ဒါပေမယ့် ထရန့်ရဲ့စိတ်ကူးဟာ စိတ်ကူးယဉ်ဆန်တယ်လို့ ကျွန်တော် ထင်တယ်"ဟု ဂျီနီဗာရှိကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး ဆိုဆီပြုံးက ၃၆နှစ်အတွင်း ပထမဆုံးအကြိမ်ပြုလုပ်သော ပါတီဆွေးနွေးပွဲတက်ရောက်ပြီး အပြန် ရိုက်တာသို့ ပြောကြားခဲ့သည်။

သမ္မတရွေးကောက်ပြိုင်ပွဲမှာ မြောက်ကိုရီးယားခေါင်းဆောင်ကို တွေ့မယ်ဆိုတာ ဝါဒဖြန့်စည်းရုံးမှုတစ်ခုဖြစ်ပြီး ကြော်ငြာသဘောမျိုးသက်ရောက်နေကြောင်း ဆိုက ပြောကြားသည်။ "ဒါဟာ အဓိပ္ပာယ်မရှိဘူး။ ရိုးသားမှုမရှိဘူး"ဟု ၎င်းကဆက်လက်ပြောကြားသည်။ နျူကလီးယားပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းလက်နက်ကို အရင်အသုံးချမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ အကယ်၍ အမေရိကန်ပြည်ထောင်စုက ပထမဆုံးအသုံးပြုလာမည်ဆိုပါက ၎င်းတို့အနေဖြင့်လည်း လက်နေးနေမည်မဟုတ်ကြောင်း ဆက်လက်ပြောကြားသည်။

**(ရိုက်တာ)**

# အီဂျစ်လေကြောင်းလိုင်းပိုင်ခရီးသည်တင်လေယာဉ် အမ်အက်စ် ၈၀၄ လမ်းကြောင်းမပြောင်းခဲ့ပါ

**ကိုင်ရို မေ ၂၄**

မြေထဲပင်လယ်သို့ ပျက်ကျသွားသော အီဂျစ်အဲလ်(ရ်)လေကြောင်းလိုင်းလေယာဉ်သည် မပျက်ကျမီတွင် ဦးတည်ပျံသန်းရာ လမ်းကြောင်းပြောင်းလဲခြင်းမရှိကြောင်း အီဂျစ်အရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဲယားဘတ်စ် အေ ၃၂၀အမျိုးအစားခရီးသည်တင်လေယာဉ်သည် ခရီးသည် ၆၆ ဦးနှင့်အတူ ပါရီမှ ကိုင်ရို သို့ထွက်ခွာလာစဉ် ကြာသပတေးနေ့အစောပိုင်းက ရေဒါမှ ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။

ဂရိကာကွယ်ရေးဝန်ကြီးက လေယာဉ်သည် ထိုးစိုက်မကျမီတွင် လက်ဝဲဘက်သို့ ၉၀ ဒီဂရီ ကွေ့ပြီး ထိုမှတစ်ဖန် လက်ယာဘက်သို့ ၃၆၀ ဒီဂရီပြန်ကွေ့ခဲ့ကြောင်း ပြောသည်။ သို့သော်လည်း ကျွမ်းကျင်လေကြောင်းအရာရှိတစ်ဦးက မူမမှန်သည့် လှုပ်ရှားမှုတစ်စုံတစ်ရာမရှိကြောင်း ပြောခဲ့သည်။ ရေဒါမှ မပျောက်ကွယ်ခင်အချိန်အထိ လေယာဉ်သည် ပုံမှန်အမြင့် ပေ ၃၇၀၀၀ (၁၁၂၈၀ မီတာ)မှ ပျံသန်းနေကြောင်း အီဂျစ်အစိုးရပိုင်လေကြောင်းဌာနမှ တာဝန်ရှိသူ အီဟာဘ် အစ်ဇ်မီက Associate သတင်းဌာနသို့ ပြောခဲ့သည်။

အီဂျစ်လေကြောင်းဝန်ကြီးက နည်းပညာချွတ်ယွင်းမှုထက် အကြမ်းဖက်လုပ်ရပ်ကြောင့် လေယာဉ်ပျက်ကျခြင်းဖြစ်နိုင်ကြောင်း ဆိုထားသော်လည်း စီစီက အဖြစ်အပျက် အားလုံးသည် ပုံမှန်အတိုင်းဖြစ်နေသည့်အတွက် အဖြစ်မှန်ကို ဖော်ထုတ်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း ဆိုသည်။

လွန်ခဲ့သောအပတ်က ထုတ်ဝေခဲ့သော အေပီရေးရှင်း ဟာရယ်စာစောင်တွင် လေယာဉ်သည် ရေဒါမှ မပျောက်ကွယ်ခင် သုံးမိနစ်လောက်က လေယာဉ်၏သန့်စင်ခန်းတွင် မီးခိုးအချက်ပြစနစ်မြည်ခဲ့ကြောင်းဖော်ပြခဲ့သည်။ တနင်္ဂနွေနေ့က ပျက်ကျလေယာဉ်မှတ်တမ်းများကို ရှာဖွေရန် အီဂျစ်က ရှာဖွေရေးရေငုပ်သင်္ဘောများကို စေလွှတ်ထားကြောင်းသိရသည်။ လေယာဉ်ပျက်ကျသည့် အသေးစိတ်အချက်အလက်များကို ချက်ချင်းမဖော်ထုတ်နိုင်သေးပေ။

**(ဘီဘီစီ)**

# ခရီးစဉ် ဒုတိယနေ့၌ ဗီယက်နမ်နှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေလိုကြောင်း အိုဘားမားပြော

**ဟနွိုင်း မေ ၂၄**

ဗီယက်နမ်ပြည်တွင်း လူမှုအဖွဲ့အစည်းများ အင်္ဂါနေ့က ၎င်းနှင့်တွေ့ဆုံရန် ပိတ်ပင်ထားခြင်း ခံရမှုများရှိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောခဲ့သည်။

ခရီးစဉ်ဒုတိယနေ့တွင် လက်နက်တင်ပို့ရောင်းချရေး ပိတ်ပင်မှုကို ဖြေလျှော့ပြီးနောက် အိုဘားမားသည် ဗီယက်နမ်နိုင်ငံနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေး တည်ဆောက်ရန် ချမှတ်ခဲ့ခြင်းဖြစ်သည်။

တောင်တရုတ် ပင်လယ်တွင် ပေကျင်း၏ လူလုပ်ကျွန်းများ တည်ဆောက်နေမှုအပေါ် အမေရိကန်က စိုးရိမ်နေမှုကြောင့် လက်နက်တင်သွင်းခွင့်ပိတ်ပင်မှုကို ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်း ပြောဆိုမှုများရှိနေသည်။

နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး၊ လွတ်လပ်စွာစုဝေးခွင့်၊ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်များကို ခွင့်ပြုပေးရေးနှင့်ပတ်သက်ပြီး ဗီယက်နမ်၌ လုပ်ဆောင်စရာအချို့ ကျန်ရှိနေသေးသည့်အတွက် နှစ်ပေါင်းများစွာကန့်သတ်ပိတ်ပင်မှုများ ဝါရှင်တန်က



ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သမ္မတအိုဘားမားသည် တက်ကြွလှုပ်ရှားသူ ခြောက်ဦးနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံရေးလွတ်လပ်ခွင့်အကြောင်း ပြောဆိုခဲ့ကာ ၎င်းတို့၏ ထုတ်ဖော်ပြောဆိုတတ်သည့် လုပ်ရပ်ကို ချီးကျူးခဲ့ကြောင်းသိရသည်။

**(ရိုက်တာ)**



# Trending Topics ကဏ္ဍအပေါ် ဝေဖန်မှုများကြောင့် ဖေ့စ်ဘွတ်ခ်မှ မူဝါဒများ ပြောင်းလဲ

**ဆန်ဖရန်စစ္စကို မေ ၂၄**

Trending Topics ကဏ္ဍနှင့်ပတ်သက်၍ ကွန်ဆာဗေးတစ်ဆိုင်ရာသတင်းများကို ချိုးနှိမ်ဖော်ပြသည်ဟု စွပ်စွဲသည့် အစီရင်ခံစာတစ်ရပ်ထွက်ပေါ်လာပြီးနောက် အမေရိကန် ကွန်ဂရက်လွှတ်တော်မှ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် တောင်းဆိုမှုများရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဖေ့စ်ဘွတ်ခ်အင်ကော်ပိုရေးရှင်းမှ ယင်း၏လုပ်ထုံးလုပ်နည်းပုံစံအချို့ကို ပြောင်းလဲခဲ့ကြောင်း တနင်္လာနေ့က ပြောကြားခဲ့သည်။

အဆိုပါကဏ္ဍအတွက် သတင်းများ ရွေးချယ်ရာတွင် နိုင်ငံရေးဘက်လိုက်သည့် အထောက်အထား မတွေ့ရကြောင်း စုံစမ်းတွေ့ရှိခဲ့သည်ဟု ကုမ္ပဏီက ပြောခဲ့ကြောင်း သိရသည်။ Trending Topics ကဏ္ဍဆိုသည်မှာ ဖေ့စ်ဘွတ်ခ်အသုံးပြုသူအများစု ဝင်ရောက်သတင်းကြည့်ရှုသော သတင်းဆောင်းပါးသီးခြားကဏ္ဍတစ်ခုဖြစ်သည်။

ဝက်ဘ်ဆိုက်တွင် တင်ရန်အတည်ပြုထားသည့် ထိပ်တန်းစာရင်းများကို အပြောင်းအလဲများ စတင်ပြုလုပ်ခဲ့ကြောင်း၊ အယ်ဒီတာများကို သဘောတရားရေးရာများ၊ နိုင်ငံရေးဘက်လိုက်မှုများ ရှောင်ရှားစေရန် တိကျသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်လေ့ကျင့်ထားပြီးဖြစ်ကြောင်း လုပ်ထုံးလုပ်နည်းများကိုလည်း ဖြည့်စွက်ပြင်ဆင်ထားကြောင်း အဆိုပါကမ္ဘာ့အကြီးဆုံးလူမှုကွန်ရက်အဖွဲ့အစည်းမှ သိရသည်။

**(ရိုက်တာ)**

# အာဃာတများမပါသော တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုများကိုသာ အလိုရှိတဲ့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု

**ကလျာမိုးမြင့်**

**အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုဟာ ပါရီမှာ ငြိမ်းချမ်းရေးညီလာခံတစ်ရပ် ကျင်းပမယ့် ပြင်သစ်နိုင်ငံရဲ့ ပဏာမကြိုးပမ်းမှုကို ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး အာဃာတအမုန်းတရားများမပါတဲ့ တိုက်ရိုက်စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကိုသာ တွင်တွင်ကြီး တောင်းဆိုနေပါတယ်။**

သို့သော်လည်း နေတန်ယာဟုရဲ့ကန့်ကွက်မှုဟာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းမာ့က်အိုင်ရုလ်ကို ဟန့်တားခြင်းငှာ မစွမ်းဆောင် နိုင်ခဲ့ပါဘူး။ ယန်းမာ့က်အိုင်ရုလ်ဟာ ယခုသီတင်းပတ်အတွင်းမှာပဲ ဂျေရုဆလင်နဲ့ ရမာလာမြို့တွေကို သွားရောက်ခဲ့ပြီး ၎င်းအနေနဲ့ အစ္စရေးနိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုဆောင်ကြဉ်းပေးမယ့် ငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေး အတွက် ကြိုတင်စီမံမှုများ ဆက်လက်ဆောင်ရွက်သွားဖို့ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီဖြစ်ပါတယ်။

ဝန်ကြီးချုပ် နေတန်ယာဟုအနေနဲ့ အစ္စရေးနိုင်ငံကို ဂျူးလူမျိုးများရဲ့နိုင်ငံအဖြစ် ပါလက်စတိုင်းက အသိအမှတ်ပြုပေးဖို့ကို သဘောတူညီမှုတစ်ရပ်အနေနဲ့ လိုလားလျက်ရှိနေပြီး ပါလက်စတိုင်းအာဏာပိုင်သမ္မတ မာမွတ်အာဘတ်ကတော့ အသိအမှတ်ပြု သဘောတူခြင်းမရှိခဲ့ပါဘူး။

အစ္စရေးနိုင်ငံကို အခုလိုအသိအမှတ်ပြုပေးဖို့ အမှန်တကယ်လိုအပ်ခြင်းရှိမရှိဆိုတဲ့အချက်ဟာ အချေအတင်ငြင်းခုံဖွယ်ရာ ပြဿနာရပ်ဖြစ်နေပါတယ်။

အစိုးရအဖွဲ့သို့ ပြန်လည်ဝင်ရောက်လာပြီး ခုနစ်နှစ်ကျော်ကာလကစပြီး ဝန်ကြီးချုပ် နေတန်ယာဟုဟာ နယ်စပ်ရေးရာ၊ ရွှေ့ပြောင်းအခြေချမှုများ၊ လုံခြုံရေးစီမံဆောင်ရွက်မှုများ၊ ဂျေရုဆလင်နဲ့ဒုက္ခသည်များစတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အရေးကြီးအကြောင်းအချက်များကို ဖော်ပြဆွေးနွေးခဲ့ပါတယ်။

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ၎င်းနဲ့ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းမာ့က်အိုင်ရုလ်တို့ တနင်္ဂနွေနေ့ကဆုံတွေ့ခဲ့စဉ် ဂျေရုဆလင်အရေးကို ယူနက်စကိုအဖွဲ့က အဖြေရှာရာမှာ အစ္စရေးရဲ့ကူညီပံ့ပိုးမှုဟာ ပြင်သစ်ရဲ့ငြိမ်းချမ်းရေးကြိုးပမ်းမှုအတွင်းမှာ ပေါ်ပေါက်လာနေတဲ့ ဘက်မလိုက်သော ဆောင်ရွက်မှုအပေါ် ဖြစ်ပွားနေသော သံသယများကို ဖယ်ရှားစေခဲ့ကြောင်း ယခုတစ်ပတ်ဝန်ကြီးများအဖွဲ့ဆွေးနွေးပွဲမှာ ပြောဆိုခဲ့ပါတယ်။



> **ဝန်ကြီးချုပ် နေတန်ယာဟုအနေနဲ့ အစ္စရေးနိုင်ငံကို ဂျူးလူမျိုးများရဲ့ နိုင်ငံအဖြစ် ပါလက်စတိုင်းက အသိအမှတ်ပြုပေးဖို့ကို သဘောတူညီမှုတစ်ရပ်အနေနဲ့ လိုလားလျက်ရှိ**

ယခုနှစ်နှောင်းပိုင်းမှာပြုလုပ်မယ့် ပဏာမငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် အစီအစဉ်ချမှတ်ဖို့ မေ ၃၀ ရက်မှာပြုလုပ်မယ့် အစည်းအဝေးတက်ရောက်ဖို့ နိုင်ငံခြားရေးဝန်ကြီး ၂၀ ထက်မနည်း ဖိတ်ခေါ်ထားပါတယ်။ မေလမှာပြုလုပ်မယ့် အဆိုပါတွေ့ဆုံပွဲသို့အစ္စရေးနဲ့ ပါလက်စတိုင်းအာဏာပိုင်များကို ဖိတ်ကြားထားခြင်းမရှိခဲ့ပါဘူး။

ဝန်ကြီးချုပ်ဟာ Temple Mount နဲ့ Western Wall ကိုချည်နှောင်ထားတဲ့ ဂျူးလူမျိုးတို့ရဲ့ သမိုင်းကြောင်းကို ဖျက်ပစ်ဖို့ယူနက်စကိုရဲ့ဖြေရှင်းမှုကို ပြင်သစ်နိုင်ငံက အားပေးကူညီခဲ့ခြင်းနဲ့ပတ်သက်ပြီး ပြင်းထန်သောစကားလုံးများပါဝင်တဲ့ စာတစ်စောင်ကိုလည်း ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းထံသို့ ပေးပို့ခဲ့ပါသေးတယ်။

ပါရီမှာအခြေစိုက်ထားတဲ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)ဟာ အာရပ်နိုင်ငံများစွာတို့က တင်ပြတောင်းဆိုနေတဲ့ "အသိမ်းပိုက်ခံပါလက်စတိုင်း" အရေးကို ဖြေရှင်းဆောင်ရွက်ဖို့ ဧပြီလလယ်လောက်မှာ သဘောတူလက်ခံခဲ့ပါတယ်။ ယူနက်စကိုအဖွဲ့ဟာ အစ္စရေးနိုင်ငံကို စစ်ရေးအရကျူးကျော်အာဏာသိမ်းမှုများ ပြုလုပ်နေတဲ့နိုင်ငံတစ်ခုအနေဖြင့် ကြိမ်ဖန်များစွာရည်ညွှန်းပြောဆိုခဲ့ပါတယ်။

အခုလို လွန်လွန်ကဲကဲတစ်ဖက်စောင်းနင်းဆန်နေပြီး စော်ကားပုတ်ခတ်လိုတဲ့၊ သမိုင်းကြောင်းဆိုင်ရာ ပုံဖျက်လိုတဲ့ဖြေရှင်းမှုမျိုးကို ပြင်သစ်နိုင်ငံကအားပေးကူညီခဲ့ခြင်းအတွက် ဝန်ကြီးချုပ်နေတန်ယာဟုအနေနဲ့ အကြီးအကျယ်တုန်လှုပ်ခြောက်ခြားခဲ့ရပါကြောင်း ၎င်းရဲ့စာမှာထည့်သွင်းရေးသားထားပါတယ်။

ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းကတော့ ပြင်သစ်မှာရှိတဲ့ ဂျူးလူမျိုးစုများထံ စာတစ်စောင်ရေးသားပေးပို့ကာ မဲပေးထောက်ခံခြင်းကိုအထင်အမြင်လွဲမှားမှုတစ်ရပ်လို့ သမုတ်လိုက်ပြီး ဒီလိုဆောင်ရွက်ဖြေရှင်းမှုမျိုးကို နောက်ထပ်ဘယ်တော့မှအားပေးကူညီခြင်းမပြုတော့ကြောင်း အလေးအနက်ကတိပြုလိုက်ခြင်းဖြင့် အပြစ်တင်မှုများကိုလျော့ပါးအောင် ပြုလုပ်ခဲ့ပါတယ်။ ပြင်သစ်ဝန်ကြီးချုပ်မက်နူရယ်ဗော့က ဒါကို ကိုးရိုးကားရားနိုင်တဲ့ ရေးသားဖြေရှင်းမှုလို့ဆိုထားပြီး အစ္စရေးပါလက်စတိုင်းကိစ္စရပ်ကိုချဉ်းကပ်တဲ့နေရာမှာ ၎င်းတို့နိုင်ငံရဲ့ သဘောထားဟာ ပြောင်းလဲ ခြင်းမရှိဘူးလို့ ပြောခဲ့ပါတယ်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဟာ တနင်္ဂနွေနေ့က ဂျေရုဆလင်ကိုရောက်ရှိခဲ့ပြီး ပါရီမှာပြုလုပ်မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ နေတန်ယာဟုပါဝင်လာအောင် ဆွဲဆောင်စည်းရုံးဖို့ ကြိုးပမ်းခဲ့ပါတယ်။ သို့သော်လည်း အစ္စရေးဝန်ကြီးချုပ်က အမည်ခံ သာရှိတဲ့ ဆွေးနွေးမှုကို ငြင်းဆန်လိုက်ပြီး အစ္စရေးနဲ့ပါလက်စတိုင်းအာဏာပိုင်တွေကြားက တိုက်ရိုက်ဆွေးနွေးညှိနှိုင်းမှုတွေကနေ ဘယ်လိုစစ်မှန်တဲ့ဖြေရှင်းမှုရလဒ်မျိုးမှထွက်လာမှာမဟုတ်ဘူးလို့ ပြောင်ပြောင်တင်းတင်းပြောဆိုလိုက်ပါတယ်။


**ကိုးကား-ဂူဂဲ**

## ပြင်ဆင်ဖတ်ရှုပါရန်

မေလ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ ပါ အမေရိကန်တို့က ဗီယက်နမ်အပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုဖယ်ရှားသတင်း၏ စာကြောင်းရေ လေးကြောင်းမြောက်တွင် လက်နက်ကုန်သွယ်ခြင်းကို ပိတ်ပင်လိုက်ကြောင်း **အစား** လက်နက်ကုန်သွယ်ခြင်း ပိတ်ပင်မှုကို ဖယ်ရှားလိုက်ကြောင်းဟူ၍ ပြင်ဆင်ဖတ်ရှုပါရန် ။

**စာတည်း**

# ဗင်နီဇွဲလား၌ သကြားပြတ်တောက်မှုကြောင့် ကိုကာကိုလာ ထုတ်လုပ်မှု ရပ်ဆိုင်းဖွယ်ရှိ



**ကရာကတ် မေ ၂၄**
ဗင်နီဇွဲလားနိုင်ငံ၌ အစားအစာနှင့် စွမ်းအင်ပြတ်တောက်မှုများမြင့်တက်နေချိန်တွင် သကြား ပြတ်လပ်မှုသည်ကိုကာကိုလာထုတ်လုပ်မှုကိုရပ်တန့်ရန်ဖိအားတစ်ရပ်ဖြစ်လာသည်။

ဗင်နီဇွဲလားတွင်ကုန်ကြမ်းပြတ်တောက်မှုကြောင့်ကိုကာကိုလာထုတ်လုပ်မှုကို ယာယီ ရပ်တန့် ရလိမ့်မည်ဟု တာဝန်ရှိသူများက ပြောသည်။ နိုင်ငံ၏အကြီးဆုံး အဖျော်ယမကာကုမ္ပဏီ ဖြစ်သည့်အမ်ပရီဆာပိုလာကုမ္ပဏီက ဘာလီစေ့ပြတ်တောက်မှုကြောင့် လုပ်ငန်းရပ်ဆိုင်းလိုက်ပြီးနောက် ကိုကာကိုလာထုတ်လုပ်မှုကို ရပ်ဆိုင်းရတော့မည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ရေနံဈေးကျဆင်းသွားသည့်အတွက် ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးယိုင်နဲ့လာခြင်းဖြစ်သည်။ ကိုကာကိုလာကုမ္ပဏီသည် သကြားမပါသောအချိုရည်ထုတ်လုပ်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ကုမ္ပဏီမှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ဤအခက်အခဲကို ကျော်လွှားရန်သကြားကုန်သည်များ၊ အစိုးရအာဏာပိုင်များနှင့် အတူပူးပေါင်းအဖြေရှာသွားမည်ဟု ၎င်းကဆက်လက်ပြောသည်။ ကြံစိုက်ပျိုးမှုမှာ ဈေးကွက် ထိန်းချုပ်မှု၊ ထုတ်လုပ်မှုစရိတ်မြင့်တက်မှုနှင့် မြေသြဇာရရှိမှုနည်းပါးမှုတို့ကြောင့် ကျဆင်းလျက်ရှိသည်။

ထို့ကြောင့်ကြံစိုက်တောင်သူများသည် တခြားသော ဝင်ငွေမြင့်မားသည့် ဈေးကွက်ထိန်းချုပ်ထားခြင်းမရှိသည့်သီးနှံများကို ပြောင်း၍စိုက်ပျိုးလာကြသည်။

**(ဘီဘီစီ)**

# ဆိုလာစွမ်းအင်ထုတ်လုပ်ရန် ဝန်ကြီးချုပ်ထံတင်ပြဆွေးနွေး

**ရန်ကုန် မေ ၂၄**
ရေဝတီတိုင်းဒေသကြီးအတွင်း ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်ရန် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မည့် ကုမ္ပဏီများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ မေ ၂၁ ရက်က တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတော်၌လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရေဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင် (နေရောင်ခြည်စွမ်းအင်)ကို မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်သွားနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် ကုမ္ပဏီများက ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီထံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအထောက်အထား ဘဏ်ငွေစာရင်းနှင့်တကွ တင်ပြဆွေးနွေးခဲ့ခြင်းဖြစ်သည်။

"အခု ကျွန်တော်တို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံတင်ပြတဲ့ ငွေစာရင်းအထောက်အထားက အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ ရှိပါတယ်။ ဒါက ကျွန်တော်တို့ ဒီလုပ်ငန်းကို လုပ်ကိုင်ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုငွေ အလုံအလောက်ရှိပါတယ်ဆိုတာကို လက်တွေ့ကျကျတင်ပြတာပါ။ တိုင်းဒေသကြီးအစိုးရကလည်း ဒါကိုလက်ခံပါတယ်။ ပြည်ထောင်စုအစိုးရထံ ဆက်လက်တင်ပြပြီး ခွင့်ပြုတယ်ဆိုတာနဲ့ လုပ်ငန်းစတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဆိုလာပြားတွေကလည်း ထိုင်းမှာ အသင့်ရှိနေပါပြီ။ တိုင်းဒေသကြီးအစိုးရရဲ့ ကိုယ်စားလှယ်တွေကိုလည်း ထိုင်းမှာ ဆိုလာနဲ့ စွမ်းအင်ထုတ်လုပ်နေတာကို လက်တွေ့ပြသသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ ငွေအင်အားလည်းရှိတယ်။ လုပ်ဖို့အခွင့်အလမ်းတွေလည်း ရှိတယ်ဆိုတော့ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် Won Toll ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကွန်းဇော်ထွန်းက မြန်မာ့အလင်းသို့ပြောကြားသည်။

အဆိုပါ ကုမ္ပဏီနှင့် ထိုင်းနိုင်ငံ အခြေစိုက် Kamrai Pahit ကုမ္ပဏီတို့သည် ရေဝတီတိုင်းဒေသကြီးအတွင်း အသုံးမပြုသော မြေလွတ်မြေရိုင်းများပေါ်တွင် မဂ္ဂါဝပ် ၃၀၀ ရှိ ဆိုလာစွမ်းအင်ထုတ်လုပ်သွားနိုင်ရန် လွန်ခဲ့သောသီတင်းပတ်က MoU လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ လုပ်ကိုင်ခွင့်ရရှိပြီးနောက် ပထမခြောက်လအတွင်း မဂ္ဂါဝပ်၅၀ မှ ဝပ် ၁၀၀ အထိ၊ ဒုတိယခြောက်လအတွင်း မဂ္ဂါဝပ် ၂၀၀ မှ ၂၅၀ အထိ ထုတ်လုပ်ကာ တစ်နှစ်အတွင်း အဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်သွားနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် အဆိုပါ ဆိုလာစွမ်းအင်စီမံကိန်းသည် ပုသိမ်နှင့် မအူပင်စက်မှုဇုန်များအပြင် ရန်ကုန်စက်မှုဇုန်ကိုပါ လိုအပ်သည့်လျှပ်စစ်ဓာတ်အားများ အပြည့်အဝဖြန့်ဖြူးပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်

**မန္တလေး မေ ၂၄**
ပညာရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်အရ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေရပ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ မေ ၂၄ ရက်က စုပေါင်းပြုလုပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးမပြုလုပ်မီတွင် ကျောင်းအုပ်ဆရာမကြီးက ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ပါ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးအကြောင်းကိုလည်းကောင်း၊ ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စာသင်ခန်းဝန်းကျင်နှင့် ကျောင်းပတ်ဝန်းကျင်တို့တွင် အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ကျောင်းရှေ့ရေဆိုးထုတ်မြောင်းများ ဆယ်ယူခြင်း၊ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ကျောင်းအကျိုးဆောင်များ၊ မိဘများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်းပါဝင်၍ အုပ်စုငါးစုခွဲကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
**ထွဏ်းလှအောင်(မန္တလေး)**

# ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**စဉ့်ကိုင် မေ ၂၄**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၄ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးညွန့်လွင်နှင့် အလှူရှင် ဦးခင်မောင်ချင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပညာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကာ အလှူရှင်မိသားစုက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ရှိပြီး အလှူရှင် ဦးခင်မောင်ချင်းမိသားစုက ငွေကျပ်သိန်း ၃၅၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ကျောင်းဆောင်သစ်သည် မိုးကောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ သုံးဆောင်မြောက်ကျောင်းဆောင်ဖြစ်ပြီး ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၇၂ ဦးအနေဖြင့် ကျောင်းဆောင်သစ်ပြီးစီးသည့်အတွက် အေးချမ်းစွာ ပညာသင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။
**တင်တင်ထွေး(စဉ့်ကိုင်)**

# လူငယ်ဘောလုံးသင်တန်းသားများ ရွေးချယ်

**ချောက် မေ ၂၄**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးအကယ်ဒမီ (မန္တလေး)၏ ၂၀၁၆ ပညာသင်နှစ်အတွက် လူငယ် ဘောလုံးသင်တန်းသားများကို မကွေးတိုင်းဒေသကြီး ချောက်မြို့ရှိ မြို့နယ်အားကစားကွင်း၌ မေ ၂၃ ရက်က လာရောက်ရွေးချယ်ခဲ့ကြောင်း သိရသည်။

သင်တန်းသားများ ရွေးချယ်ရာတွင် ချောက်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် ဘောလုံးအကယ်ဒမီ(မန္တလေး)မှ လေ့ကျင့်ရေးတာဝန်ခံ ဦးသန်းလွင်တို့က စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။သင်တန်းသားရွေးချယ်ရာတွင် သင်တန်းတက်ရောက်ရန် လျှောက်ထားသော လူငယ်များကို စိစစ်ကာ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိသောလူငယ် ၃၀ ကို ဆန်ခါတင်သင်တန်းသားများအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။
**ဝင်းအိမွန်(ပြန်/ဆက်)**

နိုင်ငံတကာသတင်း

# သက်စွန့်ကြိုးပမ်း ဧဝရက်တောင်တက်ခရီးကြမ်း

**ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သော ဧဝရက်တောင်သို့ တက်ရောက်ရာတွင် အန္တရာယ်များပြည့်နှက်နေသည်မှာ ဆိုဖွယ်မရှိပါချေ။ ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်သလို အန္တရာယ်များကလည်း လက်ကမ်းကြိုဆိုလျက်ရှိပါဘိ။ တောင်ထိပ်သို့ သက်စွန့်ကြိုးစားတက်ရောက်ရာတွင် အောင်မြင်သူများရှိသလို အသက်ပေါင်းများစွာ စတေးခဲ့ရသူများလည်း ရှိသည်။**

ယခုတစ်ဖန် ဧဝရက်တောင်တက်ရာသီဖြစ်သော ဧပြီနှင့် မေလသို့ဝင်ရောက်ခဲ့ပြီဖြစ်သည်။ နာမည်ကျော် ဧဝရက်တောင်ကြီးသည် ၂၀၁၆ ခုနှစ် တောင်တက်ရာသီတွင်လည်း တောင်တက်သမားများ၏ အသက်ကို ခြိမ်းခြောက်လျက်ရှိသည်။

လွန်ခဲ့သောကြာသပတေးနေ့(၁၉-၅-၂၀၁၆)တွင် တောင်တက်သမားလေးဦး အမြင့်ပေ ၂၉၀၃၅ ရှိ တောင်ထွတ်တွင် အသက်စတေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ အသက်စတေးခဲ့ရသူများတွင် ရှာပါးလူမျိုးတစ်ဦး၊ ဒတ်ချ်တစ်ဦး၊ ဩစတြေးလျ အမျိုးသမီးတစ်ဦးနှင့် အိန္ဒိယအမျိုးသားတစ်ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ အခြားအိန္ဒိယ တောင်တက်သမားနှစ်ဦးလည်း ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးကို ရှာဖွေရန် ကယ်ဆယ်ရေးလုပ်ငန်းများလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မကြာသေးမီက ဧဝရက်တောင်သို့ တက်ခဲ့သော တောင်တက်သမားများ၏ သေဆုံးမှုများသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လျင်မြန်စွာ ဖြစ်ပွားခဲ့သည်။ ဧဝရက်တောင်၏ ရာသီဥတုမှာလည်း အလွန်ဆိုးရွားလျက်ရှိသည်။ အပူချိန်သည် အနုတ် ၃၁ ဖာရင်ဟိုက်မှ အနုတ် ၄ ဖာရင်ဟိုက်အတွင်း ရှိကြောင်း သိရသည်။ တောင်တက် ရာသီဥတုဆိုးခြင်းမှာလည်း ဧပြီနှင့် မေလများတွင် ဧဝရက်တောင်၏ လေတိုက်နှုန်းမှာ နည်းလျက်ရှိပြီး တောင်တက်သမားများအတွက် တောင်တက်လွယ်ကူသော အခြေအနေရှိသောကြောင့်ဖြစ်သည်။

ယခု တောင်တက်ရာသီတွင် တောင်တက်သမား ၄၀၀ ကျော် ဧဝရက်တောင်သို့ တက်ရောက်ရန် ကြိုးစားခဲ့ပြီး ၄င်းတို့ထဲတွင် နိုင်ငံခြားသား ၂၈၈ ဦးနှင့် ရှာပါးလူမျိုး ၁၀၀ ကျော်နှင့် လမ်းပြများ ပါဝင်ကြောင်း နီပေါခရီးသွားဝန်ဆောင်မှုဌာန ညွှန်ကြားရေးမှူး ဆူဒါဘာန်ဒါကယ်က ပြောသည်။ ယခု တောင်တက်သမားပမာဏသည် လွန်ခဲ့သော တောင်တက်ရာသီ၏ တောင်တက်သမားပမာဏထက် ပိုမိုများပြားကြောင်း ၄င်းက ဆက်လက်ပြောကြားခဲ့သည်။



**ဧဝရက်တောင် ကြာသပတေးနေ့ အခြေအနေ**

တောင်တက်အဖွဲ့ဝင် ဖာဘာရှာပါးသည် ဧဝရက်တောင်မှ ပြုတ်ကျပြီး သေဆုံးခဲ့သည်။ အသက် ၂၅ နှစ်အရွယ် ဖာဘာရှာပါးသည် တောင်ထွတ်အနားမီတာ ၁၅၀ အကွာရှိ တောင်တက်လမ်းကြောင်းကို ပြင်ဆင်နေချိန်တွင် ပြုတ်ကျသေဆုံးခဲ့ကြောင်း နီပေါကယ်ဆယ်ရေးခေါင်းဆောင် မင်မာရှာပါးက ပြောခဲ့သည်။

(မှတ်ချက်- နီပေါနိုင်ငံနှင့် တိဗက်နိုင်ငံတို့၏နယ်စပ်တွင် နေထိုင်သော ဟိမဝန္တာလူမျိုးတစ်စုကို ရှာပါးလူမျိုးစုဟု ခေါ်သည်။)

**ဧဝရက်တောင် သောကြာနေ့ အခြေအနေ**

နယ်သာလန်မှ အသက် ၃၆ နှစ်အရွယ်ရှိ အဲရစ်အာနိုးသည် တောင်ထွတ်ပေါ်ရောက်ပြီး နောက်ပြန်လဲကျကာ (နှလုံးဖောက်ခြင်းဖြစ်နိုင်) ညဘက်တွင် သေဆုံးခဲ့ကြောင်း တောင်ထွတ်ခုနစ်ခုကို အောင်မြင်စွာ တက်ရောက်ခဲ့သူ ဘာရှီလက်ခ်ပါရှာပါးက ဆိုသည်။

**ဧဝရက်တောင် စနေနေ့ အခြေအနေ**

တောင်ထွတ်ခုနစ်ခုသို့ တက်ရောက်ခဲ့ဖူးသူ ဩစတြေးလျအမျိုးသမီး မာရီယာစထရိုင်ဒန်သည် တောင်ထွတ်အမြင့်ကြောက်ရောဂါ တစ်မျိုးကို ဧဝရက်တောင်ထွတ်ရောက်ခါနီး တောင်တက်စခန်း အမှတ်(၄)တွင် ခံစားခဲ့ရသည်။

**ဧဝရက်တောင် တနင်္ဂနွေနေ့အခြေအနေ**

အိန္ဒိယ တောင်တက်သမား ဆူဘက်ရှ်ပေါ်(အသက် ၄၄နှစ်) သည် တောင်တက်စခန်း အမှတ်(၂)တွင် အမြင့်ကြောက်ရောဂါတစ်မျိုးရကာ သေဆုံးခဲ့ကြောင်း နီပေါတောင်တက်အဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဝမ်ချူရှာပါက ပြောခဲ့သည်။

ယခုအခါတွင် အခြားပျောက်ဆုံးနေသော တောင်တက်သမားများကို ဆက်လက်ရှာဖွေ ကယ်ဆယ်မှုများ လုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း နီပေါခရီးသွားလာရေး ဝန်ဆောင်မှုဌာနမှ အရာရှိတစ်ဦးဖြစ်သူ ဂျိုင်နန်ဒရာ ရှရက်စ်စတာက ပြောခဲ့သည်။
**(စီအင်န်အင်န်)**

■ ဘာသာပြန်-တင်လင်းအောင်

# အောင်ချမ်းသာရေနုတ်မြောင်းပေ ၁၅၀ ခန့် ထပ်မံပြို၊ မြောင်းအနီးတိုက်များအတွက်စိုးရိမ်မှုရှိနေ

**ရန်ကုန် မေ ၂၄**

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက်နှင့် စမ်းချောင်း(တောင်) ရပ်ကွက်အကြားရှိ အောင်ချမ်းသာရေနုတ်မြောင်းကြီးမှာ မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က အလယ်မြောင်းကူးတံတားအနီးမှ ပေ ၂၀၀ခန့်ပြိုကျခဲ့ပြီး မေ ၂၃ ရက်ညနေ ၅ နာရီကျော်ခန့်တွင် ဗဟိုလမ်းဘက်ခြမ်းအနီးမှ ပေ ၁၅၀ ခန့် ထပ်မံပြိုကျမှုဖြစ်ခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) မှ လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦးက "မေ ၂၃ ရက် ညနေက ရွာတဲ့မိုးက ကောင်းလွန်းတယ်။ မြောင်းရေက နှုတ်ခမ်းနဲ့ သုံးပေလောက် အထိတက်လာတယ်။ ရေဝိတ်ကနံရံကို တွန်းတာရယ်၊ အောက်ခြေက ရေဝဲထိုးပြီး ထပ်မံပြိုကျမှုဖြစ်တာပါ" ဟုဆိုသည်။

ပြိုကျမှုနှစ်ခုစလုံးမှာ စမ်းချောင်း(တောင်) ရပ်ကွက်ဘက်ခြမ်းတွင်ဖြစ်သည်။ လက်ထောက်ဌာနမှူး၏ အဆိုအရ တိုက်အနောက်ဘက်တစ်လျှောက် မီးဖိုချောင်များတိုးချဲ့ခြင်း၊ စားကြွင်း စားကျန်များကြောင့် ကြွက်များဖောက်၍ ရေများဝင်ခြင်း၊ မိုးကြောင့်ရေစီးအားကောင်းခြင်းတို့ကြောင့်ဖြစ်ရခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

စတင်ပြိုသည့် မေ ၂၂ ရက်မှာပင် စည်ပင်မှတာဝန်ရှိသူများလာရောက်ကြည့်ရှုပြီး ပြုပြင်မှုများ စတင်ခဲ့သည်။

လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦးက "စက်ယန္တရားကြီးလေးခုအပြင် လူအင်အား၂၀၀ နီးပါးနဲ့ တစ်လျှောက်လုံးဆောင်ရွက်နေပါတယ်" ဟု ဆိုသည်။

ပြိုသည့်နေရာတစ်လျှောက် သဲအိတ်များချ၍ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ ဝါးကတ်၊ ကတ္တရာပုံးခွံများဖြင့် ကာရံ၍ မျောတိုင်၊ သံပေါင်တိုင်များရိုက်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေသည်။



မေ ၂၃ ရက်က ထပ်မံပြိုကျသောနေရာကို တွေ့ရစဉ်

စမ်းချောင်းမြို့နယ်အတွင်း ယင်းမြောင်းအစမှာ မြေနီကုန်းရှိ ဘလက်ဇွန်ဘေးမှ ဆင်းလာခဲ့ပြီး ဓမ္မာရုံလမ်း၊ ထိုမှ ဗားကရာလမ်းကိုဖြတ်၍ ပဒေသာလမ်း၊ ပြည်လမ်း၊ စမ်းချောင်းလမ်း ရေခဲစက်အနီးမှ အောင်ချမ်းသာမြောင်းအတွင်းသို့ စီးဝင်ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က "၂၀၁၄ က အောင်ချမ်းသာဘက်ခြမ်းမှာ တစ်ခါပြိုဖူးတယ်။ အခု ၂၀၁၆ ခုနှစ်မှာ စမ်းချောင်းတောင်ဘက်အခြမ်းမှာ ပြိုတာပါ။ ပြိုတာကလည်း ပြီးခဲ့တဲ့နှစ်က ဆောင်ရွက်ခဲ့တဲ့အပိုင်းက ပြိုတာပါ" ဟု ဆိုခဲ့သည်။

ထို့အပြင် ၎င်းက "မပြိုခင်တစ်နာရီအလိုလောက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ အထောက်ကူပြုအဖွဲ့တွေလာပါတယ်။ ပြိုတော့မယ်ပေါ့၊ အထက်အဆင့်ဆင့်အကြောင်းကြားနေဆဲမှာပင် ပြိုတာပါ"ဟုအတည်ပြုပြောခဲ့သည်။

အောင်ချမ်းသာရေနုတ်မြောင်းကြီးမှာ အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဂဝံကျောက်ဖြင့် အင်္ဂလိပ်အက္ခရာ"ဗွီ" ပုံစံတည်ဆောက်ခဲ့ပြီး ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် မြို့တော်စည်ပင် လမ်း/တံတားဌာနမှ "ယူ" ပုံစံဖြင့် ပြန်လည်အမြင့်တင်ကာရံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးသို့ ဆက်သွယ်မေးမြန်းကြည့်ရာ "သူတို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလကတည်းက လုပ်ငန်းစတင်ခဲ့တယ်။ လုပ်နေတုန်းပဲ ၂၀၁၆ ဇန်နဝါရီ ၃၀ ရက်မှာ ပေ ၅၀ ခန့် ပြိုကျမှုဖြစ်ခဲ့တယ်။ တည်ဆောက်နေတဲ့အပေါ် အနီးဝန်းကျင်ကသူတွေက စိုးရိမ်ပူပန်မှုတွေရှိခဲ့တယ်။ အဲဒီအတွက် လွှတ်တော်မှာ ဖေဖော်ဝါရီ ၁၇ က ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးခဲ့ပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာဌာနက လာမဖြေခဲ့ဘူး။ မေ ၁၈ ရက်မှာ မြို့တော်ဝန်ဟောင်းဆီက သေချာစွာစစ်ဆေးပြီးကြောင်း အကြောင်းပြန်စာရခဲ့ပါတယ်။ အခု မေ ၂၂ ရက်မှာ ပေ ၂၀၀ ခန့် ပြိုကျမှုဖြစ်ခဲ့သလို မေ ၂၃ ရက်မှာ ပေ ၁၅၀ ခန့် ထပ်မံ ပြိုကျမှုဖြစ်ခဲ့ပါတယ်။ မြောင်းဘေးမှာက တိုက်အမြင့်တွေချည်းပဲ။ ရပ်မိရပ်ဖတွေ၊ တိုက်နေပြည်သူတွေရော ကျွန်တော်ပါစိုးရိမ်မှု တွေရှိနေပါတယ်။ လွှတ်တော်မှာ ထပ်မံတင်ပြဖို့ရှိသလို သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကလည်း တင်ပြသွားဦးမှာပါ" ဟု ပြောကြားပေးခဲ့သည်။

ယင်းရေနုတ်မြောင်းဘေးရှိ အောင်ချမ်းသာရပ်ကွက်မှာ မိုးအခါ ရေမြောင်းမှရေများတက်ပြီး လမ်းနှင့်အိမ်များအတွင်းသို့ ရေဆိုးများဝင်ရောက်မှုကြောင့် နှစ်စဉ်ဒုက္ခခံစားနေရသည်ဟုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်ဝေဝေမြင့်က ဆိုခဲ့သည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# အခမဲ့ဖွင့်လှစ်ခဲ့သည့် အား/ကာသိပ္ပံ(ရန်ကုန်) နွေရာသီအားကစားသင်တန်း ပြီးဆုံး

**ရန်ကုန် မေ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)တို့က ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက တာမွေမြို့နယ်ရှိ အား/ကာသိပ္ပံ(ရန်ကုန်) ၌ ကျင်းပသည်။

ယင်းသင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး အားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနည်းအလိုက် သရုပ်ပြသမှုများ ပြုလုပ်ခဲ့သည်။

အား/ကာသိပ္ပံ(ရန်ကုန်)၏ နွေရာသီအခြေခံအားကစားသင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၂၄ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားခဲ့ပြီး ရေကူး၊ ဝူရှူး၊ သေနတ်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ကရာတေးဒို၊ ဂျူဒို၊ ကျွမ်းဘား၊ ဘောလုံး၊ ဖူဆယ်၊ လက်ဝှေ့၊ ဘော်လီဘော၊ ဘတ်စကက်ဘောနှင့် ကြက်တောင် အားကစားနည်း (၁၆) မျိုးတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၅ ဦး တက်ရောက်ခဲ့သည်။ **ညီမြတ်သော်တာ**








ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် အမှတ်(၁၈)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်စုမှ ဒုရဲမှူး မီမီကို ဦးစီး၍ ရက် ၁၀၀ စီမံချက်ဖြင့် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာ များ၊ ရပ်ကွက်များ၊ ကားဂိတ်များ၊ လေဆိပ်၊ စည်ပင်သာယာဈေးအတွင်းနှင့် လူစည်ကားရာအရပ်တို့တွင် လူကုန်ကူးမှုဆိုင်ရာများ၊ လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းများ၊ အဓမ္မခိုင်းစေမှုများအကြောင်းကို အသိပညာပေးဟောပြောခြင်း၊ ဒေသဘာသာစကားများရိုက်နှိပ်၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို မေ ၂၀ ရက်က ဆောင်ရွက်စဉ်။

မောင်မောင်နိုင်(ကျိုင်းတုံ)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀ မြို့နယ်များ၌ ဆောင်ရွက်ချက်များ

**မိုးမောက်**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ ရေလုံလောက်စွာရရှိစေရန် မြို့ဟောင်းကျေးရွာ အရှည်တစ်မိုင် စိမ့်စမ်းရေသွယ်ပိုက်လိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာသို့ ရေသွယ်ယူသည့် မူလရေသွယ်နေရာသည် ရေထွက်နည်းလာသောကြောင့် မူလပိုက်လိုင်းအတွင်းသို့ ရေပေါင်းထည့်ကာ ကျေးရွာအတွင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအချိန်မီပြီးစီးရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနမှ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအဖြစ် ပျိုးဥယျာဉ်အတွင်း ပျိုးစင်များ ပြုပြင်ခြင်း၊ အမိုးများလဲလှယ်ခြင်း၊ ပျိုးတောင်များ ပြုပြင်ခြင်းနှင့် ပျိုးပင်များရှင်သန်ရေးတို့အတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ထို့အပြင် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးဘေးနှင့် မြို့တွင်းလမ်းများရှိ ပလက်ဖောင်းများ ပြုပြင်ခြင်း၊ ပန်းအလှစိုက်ပျိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်ထံမှ သိရသည်။

**စိုင်း(သီပေါ)**

**မင်းတပ်**

မင်းတပ်မြို့နယ်အတွင်းရှိ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည့် ကျေးရွာပေါင်းခြောက်ရွာအား ရက် ၁၀၀ စီမံချက်အတွင်း ရေပေးဝေနိုင်ရေးအတွက် မင်းတပ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးမှုများကို မေလတတိယပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါရွေးချယ်ထားသည့် ကျေးရွာများမှာ လွှာကျေးရွာ၊ အမ်လောင်းကျေးရွာ၊ အုံးကျေးရွာ၊ ဟီးလောင်းကျေးရွာ၊ ပြုံးကျေးရွာနှင့် အထက်ဆာတူးကျေးရွာတို့ဖြစ်ပြီး ယင်းရေပေးဝေနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများမှာ ပြင်ထိန်းလုပ်ငန်းဆောင်ရွက်မည့်လုပ်ငန်းဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အခက်အခဲများစွာရှိမည်ဖြစ်သော်လည်း ရက်ပေါင်း ၁၀၀အတွင်း အပြီးအစီးဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဦးထန်းအွမ်က ပြောသည်။

**လိန်းဟုန်းမာန်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ စိမ့်စမ်းရေ သွယ်ယူပေးဝေခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**မိုးနဲ မေ ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနမှ အယ်နီညိုရာသီဥတုကြောင့် ကျေးရွာများတွင် ရေရှားပါးမှုမရှိစေရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ဝမ်ဟေကျေးရွာအုပ်စု ဝမ်ဟေကျေးရွာ စိမ့်စမ်းရေသွယ်ယူပေးဝေမှုလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများက မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်း ရက် ၁၀၀ စီမံချက်လုပ်ငန်းကို ငွေကျပ် ၄ ဒသမ ၅ သန်းနှင့် ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာအုပ်စုရှိ အိမ်ခြေ ၃၁ အိမ်အား အိမ်အရောက်ရေငုတ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**



## တိုင်းရင်းသားကျေးရွာများသို့ တိုင်းရင်းဆေးအခမဲ့ကုသ

**ကျိုင်းတုံ မေ ၂၄**

ကျိုင်းတုံခရိုင် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ တိုင်းရင်းသားကျေးရွာများသို့ အခမဲ့ဆေးဝါးကုသခြင်း၊ ဟောပြောခြင်းနှင့်သင်တန်းပို့ချခြင်းများကို ခရိုင်တိုင်းရင်းဆေးမှူးနှင့် တာဝန်ရှိသူများက မေ ၂၂ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ကျိုင်းတုံမြို့ အမျိုးသမီးသက်မွေးပညာအတတ်သင်ကျောင်းတွင် သင်တန်းသူ ၅၅ ဦးတို့အား တိုင်းရင်းဆေးအခြေခံသဘောတရားများကို ပို့ချခဲ့ပြီး ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုင်းရင်းသားကျေးရွာ လေးရွာသို့ ဟောပြောပွဲများ၊ လူနာပေါင်း ၃၀၃ ဦးကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းကုသသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ရေစီးရေလာကောင်းမွန်ရေး အမှိုက်သရိုက်များနှင့်နုန်းများ သန့်ရှင်း

**ရွှေကျင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းဦးစီး၍ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO များ၊ ဒေသခံပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးအောင်မိုးဦး ဦးဆောင်သည့် ဝန်ထမ်းများသည် မြို့နယ်စည်ပင် သာယာရေး



အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်လေးစီးဖြင့် မေ ၂၂ နံနက်ပိုင်းက ရက် ၁၀၀ စီမံချက်အဖြစ် ရွှေကျင်မြို့အတွင်း စီးဆင်းသော ခဝါချောင်းရေ စီးရေလာကောင်းမွန်ရေး အမှိုက်သရိုက်များ၊ နုန်းများ ဆယ်ယူ၍ သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

## ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျွန်းလှ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်နှင့်ဝန်ဆောင်မှု ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို မေ ၂၃ ရက်က မြို့နယ်စုပေါင်း ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ပြည်သူ့အကျိုးပြုဝန်ဆောင်မှုရဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဆေးဝါးသစ် စက်ရုံသစ်တွေပါဝင်သည့် စက်မှုဝန်ကြီးဌာန၏ ရက် ၁၀၀

## [စက်မှုဝန်ကြီးဌာန ရက် ၁၀၀ စီမံချက်]



ဦးခင်မောင်ချို
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

■ **တွေ့ဆုံမေးမြန်း- မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - အေးသန်း**

စက်မှုဝန်ကြီးဌာနသည် ရက်ပေါင်း ၁၀၀ အတွင်း စက်ရုံ စက်ရုံအလုပ်ရုံများ ဖွင့်လှစ်ရေး၊ စက်မှုကဏ္ဍနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ စွမ်းအင်ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စက်ရုံစီမံကိန်းများတွင်ရှိသည့် အလုပ်ရုံများကို အပိုင်းလိုက် အပြီးသတ်အောင် ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောကြားသည်။

**ဦးခင်မောင်ချို**
**ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန**

**မေး။ ။စက်မှုဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဘယ်လိုလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ လုပ်ငန်းကဏ္ဍ (၆)ရပ်နဲ့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။

ပထမတစ်ခုကတော့ ပြည်သူ့အကျိုးပြုစက်ရုံ အလုပ်ရုံများ ဖွင့်လှစ်ခြင်းကဏ္ဍပါ။ ကျွန်တော်တို့ ဆေးဝါးစက်ရုံ တွေကနေ တစ်နှစ်ကို မြွေဆိပ်ဖြေဆေး ၃၀၀၀၀ ခန့်ထုတ်လုပ်ပေးနေပေမယ့် တစ်နိုင်ငံလုံးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးပါဘူး။ ရက်ပေါင်း ၁၀၀ အတွင်းမှာ GMP (Good Manufacturing Practices) နည်းစဉ်နှင့်အညီ ဆောင်ရွက်ထားတဲ့ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုအလုပ်ရုံဖွင့်လှစ်ပြီး တစ်နှစ်မှာ မြွေဟောက် အဆိပ်ဖြေဆေးအလုံး ၁၀၀၀၀ နဲ့ မြွေပွေး အဆိပ်ဖြေဆေးအလုံး ၇၀၀၀၀ ခန့်အထိ တိုးမြှင့်ထုတ်လုပ်ပြီး ပြည်သူတွေရဲ့ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ဆေးဝါးတွေနဲ့ ဆေးဝါးကုန်ကြမ်းများ သိုလှောင်ရာမှာ အရည်အသွေး ထိခိုက်မှုမရှိစေဖို့အတွက် သတ်မှတ်အပူချိန်နဲ့ စိုထိုင်းဆကို ထိန်းညှိသိုလှောင်နိုင်မယ့် Automated Storage and Retrieval System တပ်ဆင်ထားတဲ့ Ware House ကို ဖွင့်လှစ်ဖို့ရှိပါတယ်။ ဒီ Ware House က WHO ရဲ့ GSP (Good Storage Practices) သတ်မှတ်ချက်နှင့်အညီ တည်ဆောက်ထားတာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မယ့် ပုဂ္ဂလိကနဲ့ အကျိုးတူ BOT စနစ်နဲ့ ဆောင်ရွက်ထားတဲ့ တစ်နေ့တန် ၅၀၀၀ ကျတိုးချဲ့ ဘိလပ်မြေစက်ရုံဖွင့်လှစ်သွားမှာ ဖြစ်ပြီး ပြည်သူအကျိုးပြုစက်ရုံအလုပ်ရုံတွေ ထွန်းကားလာစေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီစက်ရုံကနေ ALPHA တံဆိပ် ဘိလပ်မြေများကို ထုတ်လုပ်ဖြန့်ဖြူးသွားမှာဖြစ်ပြီး ဘိလပ်မြေ အရည်အသွေးက ၅၂ ဒသမ ၅ N/mm2 (28 days strength) ဖြစ်လို့ဆောက်လုပ်ရေးနဲ့လမ်းတံတားလုပ်ငန်းတွေမှာသုံးစွဲဖို့အထူး ကောင်းမွန်ပါတယ်။ ဒီ ALPHA တံဆိပ်ဘိလပ်မြေတန် (၅၀၀ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက နေပြည်တော်မှာ တည်ဆောက်မယ့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ရေးမှာ အသုံးပြုနိုင်ဖို့ ပေးလှူသွားဖို့ကိုလည်း စီစဉ်နေပါတယ်။ ပြည်သူတွေအတွက် တည်ဆောက်တဲ့ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွေရဲ့ ကုန်ကျစရိတ် လျှော့ချရေးမှာ အထောက်အကူပြုစေဖို့ရည်ရွယ်လှူဒါန်းခြင်း ဖြစ်ပါတယ်။

ဒုတိယကတော့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပါ။ ဒီကဏ္ဍမှာတော့ အဓိကအားဖြင့် အသေးစားနဲ့အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးရေးအတွက် နည်းပညာပံ့ပိုးဖြန့်ဝေမယ့် အစီအစဉ်တွေ၊ အသိပညာပူးပေါင်းဖလှယ်တဲ့ အစီအစဉ်တွေကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေ၊ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တတိယအနေနဲ့ကတော့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ စက်မှုသင်တန်းကျောင်း ခြောက် ကျောင်း ရှိပါတယ်။ ဒီကျောင်းက နည်းပြတွေက ရွေ့လျားစက်မှုသင်တန်း (Mobile Training) အနေနဲ့ ကျေးရွာတွေ၊ ဒေသတွေအရောက် အခြေခံလျှပ်စစ်နဲ့ သူတို့ဒေသမှာသုံးတဲ့ လုပ်ငန်းသုံးအင်ဂျင်ငယ်ပြုပြင် ထိန်းသိမ်းခြင်းတွေကို သင်ကြားပေးမှာ ဖြစ်ပါတယ်။ အခုဆိုရင်အင်းလေး ဒေသမှာသင်တန်းစနေပါပြီ။ နောက်ပြီး ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး နည်းပြအရည်အသွေးတိုးမြှင့်ရေးသင်တန်း၊ ဈေးကွက်သုတေသနနဲ့ ဈေးကွက်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွေကိုလည်း ဖွင့်လှစ်သွားဖို့ ရှိပါတယ်။ လုပ်သားတွေရဲ့ ကျွမ်းကျင်မှုအဆင့်အတန်းကိုလည်း စံသတ်မှတ်ချက်နဲ့အညီ စစ်ဆေးပေးနိုင်ဖို့ ပုဂ္ဂလိက သက်မွေးပညာသင်တန်းကျောင်းတွေနဲ့ အစိုးရသက်မွေးပညာ သင်တန်းကျောင်းတွေကို National Skill Standard Authority (NSSA) အသိအမှတ်ပြု Testing Center များအဖြစ် အသိအမှတ်ပြုခံရဖို့ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

စတုတ္ထကတော့ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိရေး ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ လူငယ်လူရွယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးကို ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သူတို့တွေရဲ့ စွမ်းဆောင်ရည်၊ အသိပညာ၊ အတတ်ပညာတွေကို မြှင့်တင်ပြီး ပိုမိုကောင်းမွန်တဲ့အလုပ်အကိုင်တွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိအောင် ရည်ရွယ်ပါတယ်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပဥ္စမကတော့ စွမ်းအင်ချွေတာရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖြစ်ပါ တယ်။ ASEAN – Energy Efficiency and Conservation Sub-Sector Network Annual Meeting နဲ့ ဆက်စပ်အစည်းအဝေးတွေကိုအိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၆ ခုနှစ် မေလ ၂ ရက်ကနေ ၆ ရက်နေ့အထိ လက်ခံကျင်းပပေးခဲ့ပြီး စွမ်းအင်ခြိုးခြံချွေတာရေး လုပ်ငန်းစဉ်တွေကို ဒေသတွင်းမှာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ အခြေခံစွမ်းအင် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းတွေကိုလည်း ဇွန်လအတွင်းမှာ ဖွင့်လှစ်ဖို့ ရှိပါတယ်။ နောက်ပြီး စက်ရုံအလုပ်ရုံတွေရဲ့ စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုအခြေအနေကို စနစ်တကျစမ်း သပ်စစ်ဆေးမှုတွေပြုလုပ်ပြီး လိုအပ်ချက်တွေကို ပြုပြင်လိုက်နာဆောင်ရွက်စေဖို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ စက်ရုံစီမံကိန်းများမှာရှိတဲ့ အလုပ်ရုံတွေကို အပိုင်းလိုက် အပြီးသတ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အမှတ် (၁) သံမဏိစက်ရုံစီမံကိန်း(မြင်းခြံ) ရဲ့ Melt Shop-2 အလုပ်ရုံနဲ့ အမှတ်(၂) သံမဏိစက်ရုံစီမံကိန်း (ပင်းပက်)ရဲ့ Air Separation Unit, Lime & Dolomite Plant, Sizing Plant စတာတွေကို အပြီးသတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို အလုပ်ရုံများအပိုင်းလိုက် အပြီးသတ်ဆောင်ရွက်ခြင်းအားဖြင့် စီမံကိန်း တစ်ခုလုံးအရည်အသွေးပြည့်ဝစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် အထောက်အကူပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးဖို့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိက ဆောင်ရွက်နေမှုအခြေအနေအပြင် မြန်မာနိုင်ငံရဲ့ထုတ်ကုန်တွေအရည်အသွေးပြည့်မီပြီး နိုင်ငံခြားဈေးကွက်တွေကို ထိုးဖောက်နိုင်အောင် ဘယ်လိုစီမံ ဆောင်ရွက်သွားမလဲဆိုတာသိပါရစေ။**

ဖြေ။ ။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် SME တွေ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေးကဏ္ဍ၊ နည်းပညာအကူအညီ ရယူရေးကဏ္ဍ စတာတွေမှာ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့လည်း နိုင်ငံပိုင်စက်ရုံတွေကို ပုဂ္ဂလိကနဲ့ ပူးပေါင်းပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေဆောင်ရွက်နေသလို စက်မှုသင်တန်းကျောင်းတွေမှာလည်း ပုဂ္ဂလိကပညာရှင်တွေကို ဖိတ်ခေါ် သင်ကြားပို့ချစေပြီး SME ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွေမှာလည်း ပြည်တွင်းပြည်ပ ပညာရှင်တွေ ပါဝင်ဆွေးနွေးဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ထုတ်ကုန်တွေ ပြည်ပဈေးကွက် ထိုးဖောက်ဖို့ကတော့ အချိန်ယူ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းစက်မှုလုပ်ငန်းတွေမှာ အားနည်းချက်တွေ၊ အခက်အခဲနဲ့ စိန်ခေါ်မှုများစွာရှိပါတယ်။ ဒါတွေကို သေသေချာချာ လေ့လာဆန်းစစ်အဖြေရှာပြီးဖြေရှင်းသွားဖို့ လိုပါတယ်။ ကျွန်တော်တို့ ဆီမှာက အရည်အသွေးထိန်းသိမ်းမှုနဲ့သုတေသနလုပ်ငန်းတွေက အတော်ကို အားနည်းနေပါသေးတယ်။ ဒါတွေကို ဆောင်ရွက်သွားရမှာပါ။ စက်မှုဝန်ကြီးဌာနက ဆေးဝါးစက်ရုံတွေအနေနဲ့ကတော့ GMP (Good Manufacturing Practice) နဲ့အညီထုတ်လုပ်ပြီး ပြည်ပဈေးကွက်ရရှိနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။


**မေး။ ။ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ လက်ရှိအခြေအနေနဲ့ ဖွံ့ဖြိုးတိုးတက်အောင် စက်မှုဝန်ကြီးဌာနက**

*စာမျက်နှာ ၁၈ သို့*

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ် လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည့်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်း အလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။




စက်မှုသင်တန်းကျောင်းများတွင် သင်တန်းသားများ လေ့ကျင့်ရန် မော်တော်ယာဉ်အစိတ်အပိုင်းများ



မြွေဆိပ်ဖြေဆေး အဆင့်ဆင့်ထုတ်ယူမှု



ပင်းပက်စက်ရုံမှ သံမဏိထုတ်လုပ်မှုအဆင့်ဆင့်ကို တွေ့ရစဉ်။

**စက်မှုဝန်ကြီးဌာနသည် ရက်ပေါင်း ၁၀၀ အတွင်း စက်ရုံ စက်ရုံအလုပ်ရုံများ ဖွင့်လှစ်ရေး၊ စက်မှုကဏ္ဍနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ စွမ်းအင်ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စက်ရုံစီမံကိန်းများတွင်ရှိသည့် အလုပ်ရုံများကို အပိုင်းလိုက် အပြီးသတ်အောင် ဆောင်ရွက်ရေးတို့ကို ဖော်ဆောင်သွားမည်**

**ဒီငါးနှစ်ကာလမှာ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ တန်ဖိုးမြှင့် Value-added ထုတ်ကုန်တွေ ပိုမိုထုတ် လုပ်နိုင်ဖို့၊ အလားအလာရှိတဲ့ စက်မှုလုပ်ငန်းတွေကနေ ပြည်ပပို့ကုန်တင်ပို့နိုင်ဖို့ နဲ့စက်မှုလုပ်ငန်းတွေကနေ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းမရှိအောင် အလေးထားဆောင်ရွက်သွားမယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုလာမှာ ဖြစ်ပါတယ်။**



မြွေဆိပ်ဖြေဆေး ထုတ်ရန် ဓာတ်ခွဲစမ်းသပ်နေစဉ်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

**ဆောင်ရွက်နေမှုတွေကိုလည်းသိချင်ပါတယ်။ ဒီလိုလုပ်ငန်းတွေကရော အများပြည်သူကို ဘယ်လောက်ထိ အကျိုးသက်ရောက်မှုရှိနိုင်ပါသလဲ။**

ဖြေ။ ။ဒီ SME တွေကို ခြုံငုံပြောရရင် သူတို့ဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာနဲ့ လုပ်စွမ်းအားအရင်းအမြစ်စတာတွေမှာ အားနည်းနေပါတယ်။ ဒီအခြေခံအချက်တွေနဲ့ အခြားပံ့ပိုးပေးရမယ့်အချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ကတော့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နိုင်ဖို့ SME Development ဌာနတစ်ခု ကို ၂၀၁၂ ခုနှစ်က စတင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီဌာနအနေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်မယ့် နည်းပညာလွှဲပြောင်းပေးနိုင်မယ့်အစီအစဉ်တွေကို ပြည်ပအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လုပ်စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာဖို့အတွက် Entrepreneurship Training တွေ Financial Management နဲ့ Business Management, Marketing Training တွေကိုလည်း ပြုလုပ်ပေးနေပါတယ်။ SME တွေရဲ့ ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ငွေကြေးထောက်ပံ့ပေးနိုင်မယ့်အစီအစဉ်တွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ SME တွေရဲ့ ယှဉ်ပြိုင်နိုင်တဲ့ စွမ်းရည်တိုးတက်လာ စေဖို့ ဒေသအလိုက် Cluster တွေ စုဖွဲ့နိုင်ရေးကိုလည်းစီစဉ်ဆောင်ရွက်ပေးနေပါတယ်။ SME ကဏ္ဍဟာ ကျယ်ပြန့်လွန်းတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေသော်လည်း ပြည့်စုံလုံလောက်မှုမရှိသေးပါဘူး။

ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမယ့် ကိစ္စရပ်တွေလည်းရှိနေတဲ့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါ တယ်။ SME လုပ်ငန်းတွေဟာ ၉၅ ရာခိုင်နှုန်းခန့်ရှိတဲ့အတွက် SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူလူထုရဲ့ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုက အလွန်ပဲများပါတယ်။ ဒါကြောင့် ကျွန်တော်တို့က SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အလေးထား ဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး။ ။ငါးနှစ်တာကာလအတွင်းမှာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အမှန်တကယ်လူထုကို အကျိုးပြုနိုင်မယ့် လုပ်ငန်းတွေကို အဓိကထားပြီး ဘယ်လိုဆောင်ရွက်သွားမလဲ ဆိုတာသိပါရစေ။**

ဖြေ။ ။ဒီငါးနှစ်ကာလမှာ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ တန်ဖိုးမြှင့် Value-added ထုတ်ကုန်တွေ၊ ပိုမိုထုတ်လုပ်နိုင်ဖို့၊ အလားအလာရှိတဲ့ စက်မှုလုပ်ငန်းတွေကနေ ပြည်ပပို့ကုန်တင်ပို့နိုင်ဖို့နဲ့ စက်မှုလုပ်ငန်းတွေကနေ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းမရှိအောင် အလေးထားဆောင်ရွက်သွားမယ်။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုလာမှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေပါ ထွန်းကားလာမှာဖြစ်ပြီး တစ်ဦးချင်း ဝင်ငွေမြင့်မားလာဖို့ကို ရည်ရွယ်ထားပါတယ်။

**မေး။ ။ဆေးဝါးအသစ်တွေ ထုတ်လုပ်ပြီး ပြည်တွင်းသုံးဖို့ သာမက ပြည်ပအထိ Export ပို့နိုင်အောင် လုပ်ဖို့ရှိတယ်လို့သိရပါတယ်။ ဘယ်တော့လောက်စပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမလဲ။**

ဖြေ။ ။ ဆေးဝါးနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တဲ့ BPI Brand က ဈေးကွက်မှာ နှစ်ပေါင်းများစွာ နာမည်ကောင်းရှိပြီးဖြစ်ပါတယ်။ ပြည်ပကဝင်တဲ့ ဆေးတွေနဲ့ အရည်အသွေးယှဉ်ပြိုင်နိုင်မှုရှိတယ်ဆိုတာ အားလုံး အသိပဲ ဖြစ်ပါတယ်။ ဒီဆေးတွေကို WHO အသိအမှတ်ပြုတဲ့ ထုတ်လုပ်မှုနည်းစဉ် (Good Manufacturing Practices – GMP)၊ ကုန်ကြမ်းကုန်ချောသိုလှောင်ထိန်းသိမ်းမှုစနစ် (Good Storage Practices – GSP) တို့နဲ့အညီ ဆောင်ရွက်နိုင်မယ့်အလုပ်ရုံ၊ သိုလှောင်ရုံတွေကို ဆေးဝါးစက်ရုံ(အင်းစိန်)မှာ တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာနမှာရှိတဲ့ ဆေးဝါးစက်ရုံတွေရဲ့ အဓိကရည်ရွယ်ချက်က ပြည်သူလူထုရဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုအတွက် လိုအပ်တဲ့ ဆေးဝါးတွေကို လုံလောက်အောင်ထုတ်လုပ်ဖြည့်တင်းသွားဖို့ ဖြစ်ပါတယ်။

အခုဆိုရင် မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့ အလုပ်ရုံကို တိုးချဲ့တည်ဆောက်နိုင်ခဲ့လို့ ဒီဘဏ္ဍာရေးနှစ်ကစပြီး တစ်နှစ်ကို မြွေဆိပ်ဖြေဆေး အလုံးရေ ၈၀၀၀၀ အထိ GMP စနစ်နဲ့အညီ တိုးချဲ့ထုတ်လုပ်ပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်တင်းသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံရင် မြွေဆိပ်ဖြေဆေး ထုတ်လုပ်ခြင်းမရှိတဲ့ ဒေသတွင်းနိုင်ငံတွေကို တင်ပို့နိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုတင်ပို့နိုင်ဖို့ ကျွန်တော်တို့စက်ရုံက မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်မှုအခြေအနေနဲ့အချက်အလက်တွေကို WHO Website ကတစ်ဆင့် ဒေသတွင်းမှ မြွေဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ခြင်းမရှိတဲ့ နိုင်ငံတွေကိုအသိပေးနိုင်ဖို့ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်တဲ့ Generic Drug များ၊ Essential Drug တွေ၊ Control Drug တွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ လိုအပ်ချက်နဲ့အညီ အချိန်မီ လုံလောက်အောင် ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပြီး Generic Drug အပါအဝင် အခြားဆေးဝါးတွေကိုလည်း ဈေးကွက်အလားအလာရှိမှုအပေါ်သုံးသပ်ပြီး ပြည်ပဈေးကွက် တင်ပို့နိုင်ရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။စက်မှုဝန်ကြီးဌာနရဲ့ရေရှည်မျှော်မှန်းချက်နဲ့ နိုင်ငံတကာမှာ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားမယ့် စီမံချက်တွေရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။စက်မှုဝန်ကြီးဌာနရဲ့ ရေရှည်မျှော်မှန်းချက်ကတော့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုလုပ်ငန်းများဖြစ်ပေါ်လာရေးကို မျှော်မှန်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသတွင်းမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုလုပ်ငန်းတွေအဖြစ် မြန်မာ့စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် (Global Supply Chain)ကို ချိတ်ဆက်ဝင်ရောက်နိုင်ဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကတော့ ကာလရှည် စီမံကိန်းတွေအဖြစ် ချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်ကတော့ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်နိုင်ရေးက အဓိကကျပါတယ်။ အရည်အသွေးပိုင်းကောင်းမွန်ဖို့လိုသလို ထုတ်လုပ်မှုနည်းစဉ်တွေဟာလည်း နိုင်ငံတကာ အသိအမှတ်ပြုနည်းစဉ်တွေနဲ့ ညီညွတ်ဖို့လိုပါတယ်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းကြီးတွေကလည်း ဒေသတွင်းနိုင်ငံ အသီးသီးရဲ့ ပင်ကိုယ်အားသာချက်ကို အသုံးပြုပြီး နိုင်ငံဖြတ်ကျော် ကုန်ထုတ်လုပ်မှုကွင်းဆက်ပုံစံနဲ့ တစ်နိုင်ငံရဲ့ ထုတ်ကုန်ပစ္စည်းအစိတ်အပိုင်းနဲ့ အခြားနိုင်ငံကထုတ်တဲ့ ပစ္စည်းအစိတ်အပိုင်းတွေကို တတိယနိုင်ငံမှာ တပ်ဆင်တဲ့ ပုံစံမျိုးနဲ့ ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုထုတ်လုပ်မှု ကွင်းဆက်မှာ စက်မှုလုပ်ငန်းတွေက ချိတ်ဆက်ပါဝင်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ အရည်အသွေး၊ စံချိန်စံညွှန်းနဲ့ သုတေသနလုပ်ငန်းတွေဟာ အရေးကြီးတဲ့အတွက် ဒီကိစ္စတွေကို အလေးထားဆောင်ရွက်သွားမှာပါ။ မူဝါဒတွေ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းတွေ၊ အခွန်အကောက်ဆိုင်ရာတွေကိုလည်း Review ပြန်လည်ပြုလုပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။



စက်မှုသင်တန်းကျောင်း၌ သင်တန်းသား၊ သင်တန်းသူများ စက်မှုနည်းပညာများ လက်တွေ့လေ့လာဆည်းပူးစဉ်။



အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် " ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စည်သာလမ်း အလွမ်းပြေ မနက်ခင်း

**▌ဆူးငှက်**



လှည်းလမ်းကြောင်းတစ်လျှောက်မှာ သစ်ရွက်ကြွေတွေ လှဲလျောင်းနေသည်။ လမ်း၏ညာဘက်ဘေးမှာ ကင်ပွန်းချုံနွယ်၊ နဘူးချုံနွယ်လေးတွေရှိသည်။ ဘယ်ဘက်မှာက ယာခင်း။ ယာခင်းထဲတွင် ရိုးပြတ်အမှိုက်တွေကို မီးရှို့ထားလို့ မီးခိုးအူအူထနေသည်။ သည်လှည်းလမ်းကြောင်းက ယာခင်းကိုသွားသော လှည်းလမ်းလည်းမဟုတ်။ လူနေရပ်ကွက်ထဲသွားသော လှည်းလမ်းလည်းမဟုတ်။

လှည်းလမ်းကြောင်းအတိုင်း မျှော်၍အဝေးဆီ လှမ်းကြည့်လိုက်လျှင်တော့ ဟိုးမှုန်ပျပျမှာ တောင်ကိုတွေ့ရမည်။ တောင်၏ ဟောသည်ဘက်မှာက တစ်မျှော်တစ်ခေါ်လယ်ကွင်း။ လယ်ကွင်း၏ ကလနားအစပ်လှည်းလမ်းကြောင်းလေး အဆုံးမှာက အမိုးတွေပြိုပျက်နေသော ယိုင်နဲ့နဲ့ဇရပ်ကလေးရှိနေသည်။ ဇရပ်ကလေးဘေးမှာက ကြီးမားသော ကုက္ကိုပင်ကြီး တစ်ပင်ရှိမည်။ တမာပင်လေးသုံးလေးပင်ရှိမည်။ ပုံစံအမျိုးမျိုးနှင့် အုတ်ဂူလေးတွေရှိနေမည်။ အုတ်ဂူလေးတွေကြားမှာ ခြောက်သွေ့နေသော ပန်းခွေတချို့ရှိမည်။ သို့မဟုတ် နွမ်းရိစပြုနေသော ပန်းခွေတချို့ရှိမည်။ ရောင်စုံဖဲတွန့်စက္ကူအပြတ်အသတ်တချို့ရှိမည်။ ရောင်ပြားရွှေစက္ကူ ငွေစက္ကူအစုတ်တချို့ရှိနေမည်။ ကျောက်ဖရုံသီးအကွဲတစ်လုံး တလေရှိမည်။ ဂူလေးတွေဘေး ယာခင်းစပ်မှာ မြက်စားနေသော နွားမတစ်ကောင်ရှိမည်။ နို့ပိန်တွယ်နေသော ခွေးသားအမိတစ်အုပ်ရှိမည်။

တောင်နားဆီချောင်းစပ်က ချိုးကူသံသဲ့သဲ့ ကြားရမည်။ မလှမ်းမကမ်းက ကောက်စိုက်သမတွေ အသံတစာစာ ကြားရမည်။ ပြီးတော့ မြို့မရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်မှ သီချင်းသံကိုလည်း ပြတ်တောင်းပြတ်တောင်း ကြားရမည်။ ထိုအသံများအားလုံးထဲတွင် ဇရပ်ကလေးဘေး ကုက္ကိုပင်ပေါ်က ကျီးအာသံတအအက အကျယ်လောင်ဆုံး ဖြစ်နေ၏။

တကယ်တော့ ထိုနေရာကလေးသည် မြို့ကလေးတစ်မြို့၏ သုသာန်တစ်စပြင် တစ်ခုပဲဖြစ်ပါသည်။ ဤသို့သော နေရာကလေးမှာ မြို့ကြီးပျော် ကျွန်တော့်မိတ်ဆွေတစ်ယောက် ထာဝရ လှဲလျောင်းအပိုင်စား နေရစ်ခဲ့ရလေပြီ။

မြို့ကြီးကိုချစ်သော မြို့ကြီးအကြောင်း စုံစီနဖာ အပ်ကျမတ်ကျသိခဲ့သော မြို့ကြီးအကြောင်း တဖွဖွပြောနေရလျှင် မမောသော၊ မြို့ကြီးက ဖန်ဆိမ့်လက်ဖက်ရည်ခွက်ပေါင်းများစွာ တရှိုက်မက်မက်သောက်ခဲ့သော၊ မြို့ကြီးနဲ့ပတ်သက်သော သီချင်းပေါင်းများစွာကို နှလုံးသားထဲထိစိမ့်နေအောင် ကြိုက်တတ်ခဲ့သော၊ မြို့ကြီး၏ ပွဲခင်းပေါင်းများစွာကို မရောက်ရောက်အောင်သွားကာ မွေ့လျော်ခဲ့သော ထိုမိတ်ဆွေသည် သည်လိုနေရာလေးမှာ တိတ်တိတ်ဆိတ်ဆိတ် ရိုးမြေကျရမည်ဟု မျှော်လင့်ခဲ့မှာလေတော့မဟုတ်။

မြို့ကလေး၏သုသာန်မှာ ဇရပ်ကလေးရှေ့ ယာယီခုတင်လေးပေါ် မလှုပ်မယှက် လှဲလျောင်းကာ ရေစက်ချအမျှဝေသံကို နားစွင့်နေသည့် မိတ်ဆွေသည် သူ့ဝိညာဉ်၊ သူ့အာရုံကတော့ ဟိုးမှုန်ပျပျမြင်နေရသည့် တောင်၏အခြေမှ ရပ်ကွက်ကလေးဆီရောက်နေမှာ သေချာသည်။ ထိုရပ်ကွက်ကလေးမှာ သူကြီးပြင်းခဲ့သည်။ ထိုရပ်ကွက်ကလေးမှာပဲ သေတစ်ပန်သက်ဆုံး နေရလိမ့်မည်ဟု ယုံကြည်ခဲ့သည် မဟုတ်ပါလော။ ထို့အတူမိတ်ဆွေသည်မြို့ကြီးကို ချစ်သည်။ မြို့ကြီးမှာပဲ သူကြီးပြင်းခဲ့သည်။ မြို့ကြီးမှာပဲ သေတစ်ပန် သက်ဆုံးနေရလိမ့်မည်ဟု ယုံကြည်ခဲ့သည်မဟုတ်လော။

အဘယ်ကြောင့်ဆိုသော် မိတ်ဆွေနှင့်ကျွန်တော်သည် မြို့ကြီး၏ ရပ်ကွက်လေးမှလမ်းတစ်လမ်းပေါ်ရှိ လက်ဖက် ရည်ဆိုင်လေးတစ်ဆိုင်တွင်ထိုအကြောင်းတွေကို ရက်ပေါင်း များစွာ နှစ်နှစ်သက်သက်ပြောဆိုခဲ့ကြဖူးလေ၏။

ကျွန်တော်သည် သည်လမ်းကို"စည်သာ"လမ်းဟုမသိ။ မိတ်ဆွေကပြောပြမှသိရသည်။ သို့သော် သည်လမ်းပေါ်ကိုတော့ မကြာခဏရောက်ဖူးနေသည်။ အိုးပုတ်ပွဲသွားတော့လည်း သည်လမ်းကသွားသည်။ အမေနှင့် ဥပုသ်နေ့တိုင်း မှန်ကင်းရိပ်သာသွားတော့လည်း သည်လမ်းပေါ်မြင်းလှည်းနှင့် ဖြတ်ဖူးသည်။ သို့သော်စည်သာလမ်းရယ်လို့ဖြင့် သတ်သတ်မှတ်မှတ်မသိခဲ့။ မန္တလေးတွင် နန်းမြို့တော်မှ ခတ်တံခါး၊ မိတ်တံခါးများနှင့် လမ်းမကြီးတွေ တည့်တည့်အရှေ့အနောက် တောင်မြောက်ဖောက်ခဲ့သည်။ ထိုလမ်းမကြီးများအနက် သက်ဆိုင်ရာ တံခါးအမည်နှင့်တွဲဖက်ပြီး အမည်ခေါ်တွင်ခဲ့သော လမ်းမကြီးများကို ယခုထက်တိုင်ကျန်ရှိ ခေါ်ဝေါ်နေဆဲလမ်းများမှာ ကျွန်တော်သိသလောက်ဆိုလျှင်အာဋ္ဌာဝတီလမ်း၊ စည်ရှင်လမ်းနှင့် ယခုစည်သာလမ်းပဲရှိပါလိမ့်မည်။ မင်္ဂလာလမ်းသည်လည်း မင်္ဂလာတံခါးကို အကြောင်းပြုခေါ်ဝေါ်ခဲ့သည်ဆိုငြားအံ့။ မင်္ဂလာတံတားဟူသည်က မူလအမည်။ အမည်ရင်းမဟုတ်။ မူလအမည် အမည်ရင်းက ကျော်မိုးတံခါး၊ ကျော်မိုးတံတားပဲဖြစ်ပါသည်။

နန်းမြို့တော်အတွင်း၌လည်း တာ ၅၀ လျှင် တစ်ပြကျ သတ်မှတ်ထားသည့်အတိုင်း လမ်းများကို ယင်းပြနှင့်အညီ ဖောက်လုပ်ထားရာ မြို့တွင်းမှာလည်း တစ်မျက်နှာလျှင် ၁၂ လမ်းကျရှိပေသည်။ ထိုတွင် အလယ်တံခါးလမ်းမကြီးများသည် မြို့လယ်နန်းတော်ဆီသို့ အသီးသီးဦးတည်လျက်ရှိ၏။ အရှေ့ဦးထိပ်တံတားလမ်းက သစ်တပ် အရှေ့မျက်နှာအလယ်ဗဟိုဖြစ်သော ရွှေတော်ယူတံခါးဖြတ်ပြီး မြေနန်းစမုခ်ဦးကိုဦးတိုက်သည်။ အနောက်မျက်နှာစည်ရှည်တံခါးလမ်းသည် အနောက်ဝင်းတော်မှ အနောက်စမုခ်ဦး၊ တောင်မျက်နှာကျော်မိုးတံခါးနှင့် မြောက်လေးသိန်းတံခါးလမ်းများက တောင်ဝင်းမြောက်ဝင်းတို့မှ တောင်စမုခ်နှင့် မြောက်စမုခ်ဦးများသို့ အသီးသီးဦးတည်ကြသည်။ ထိုတံခါးလမ်းများကို မင်းလမ်းမ သို့မဟုတ် လမ်းမတော်ဟုခေါ်ပြီး လမ်း၏ဝဲယာနှစ်ဖက်တို့တွင် သုံးကိုက်ခန့်မြင့်ပြီး ထုတစ်ကိုက်နီးပါးရှိ အုတ်ရာဇမတ်ဖြင့် ကာရံထားသည်ဟု ဆို၏။

ထိုအလယ်တံခါးလမ်းမကြီးများ၏ ဝဲယာသုံးပြကွာတိုင်း မိတ်တံခါးခေါ် မလွယ်တံခါးလမ်းများ တစ်မျက်နှာ နှစ်လမ်းကျစီဖြင့် လေးမျက်နှာအတွက် လမ်းရှစ်သွယ်ရှိနေသည်။ ယင်းမလွယ်တံခါးလမ်းများမှာ နန်းတော်ကွက် အပြင်ဘက်တစ်ပြအကွာမှနေ၍တံခါးပေါက် တစ်ခုမှသည်တစ်ခုသို့ ထုတ်ချင်းပေါက် ဖြောင့်တန်းနေသည်ဆို၏။ အရှေ့လွန်ကဲတံခါးမှ အနောက်ထင်ရှားတံခါး၊ အရှေ့သောင်းညွှတ်တံခါးမှ အနောက်ကြေးမုံတံခါး၊ တောင်ကျွန်းလုံးယူတံခါးမှ မြောက်မန်းဦးတံခါး၊ တောင်ရန်နည်တံခါးမှ မြောက်စည်သာတံခါးများသို့ အသီးသီး ဖြောင့်ဖြူးသာယာလှသည့် တံခါးလမ်းများဖြင့် ဆက်သွယ်ထား၏။ ထိုမလွယ်တံခါးလမ်းများတွင်လည်း လမ်းဘေးဝဲယာ၌ နှစ်ပေခန့်မြင့်သော အုတ်တံတိုင်းများဖြင့် ကာရံထားသည်ဆို၏။

ထို့ကြောင့် စည်သာလမ်းသည် နန်းမြို့တွင်းရှိ တောင်ရန်နည်တံခါးမှမြောက်စည်သာတံခါးသို့ ဖောက်လုပ်ထားသော မလွယ်တံခါး၏ ကျုံးခြားပြီး မြို့ပြင်သို့ ဆက်လက်ဖောက်လုပ်သောလမ်းဖြစ်လေသည်။

ကျွန်တော့်မိတ်ဆွေသည် ယခင်ကထားဝယ်ရပ်ထဲတွင် နေထိုင်ပါသည်။ သူကအပေါင်းအသင်းများအပေါ် သံယောဇဉ်ကြီးလွန်းသူဖြစ်၏။ ထို့ပြင် စာဖတ်ဝါသနာပါသည်။ ရှုမဝမဂ္ဂဇင်းထဲက ဆောင်းဝင်းလတ်ဝတ္ထုတွေကို နှစ်နှစ်သက်သက် ရှာဖွေဖတ်ရှုကာ တစိမ့်စိမ့်ပြန်လည် ပြောပြချင်သူဖြစ်သည်။ သီချင်းတွေလည်းဝါသနာပါသည်။ သူဝါသနာပါသည့် သီချင်းများကလည်း မန္တလေးသီချင်းချည်းဖြစ်၏။ အထူးသဖြင့် မြို့မသီချင်းများဟု ပြောရမည်ဖြစ်သည်။ အမေလူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ကြီးကို အိပ်ရာ ဘေးထားအိပ်ကာ တစွက်စွက်ဖတ်နေပြီး ပြန်ပြောပြနေတတ် သူဖြစ်သည်။ ထို့ပြင် ရွှေမန်းဝင်းမြင့်၏ "စာဆိုဖြစ်အင်နှင့် သူ့တေးတစ်ရာ" စာအုပ်ကိုလည်း ညက်ညက်ကြေမျှ ဖတ်ထား သေးသည်။

သူစာဖတ်ဝါသနာပါတာ၊ သီချင်းဝါသနာပါတာတွေကြောင့် စည်သာလမ်းနှင့် ကျွန်တော် ရေစက်ဆုံခြင်းဟု ပြောရမလို ဖြစ်သည်။

ထားဝယ်ရပ်က သူ့အိမ်ကလေးသို့ ရောက်သွားလျှင် အိမ်မှာဖွင့်လှစ်ထားသော သူ့မရီး၏ဈေးဆိုင်ကလေးဘေး ဗုဒ္ဓသရဏံပင်တွေကြားက ပက်လက်ကုလားထိုင်ကလေးမှာထိုင်ရင်း သူကဆေးပေါ့လိပ်ဖွာတတ်သည်။ ထို့နောက် ဖတ်လိုက်ရသောဆောင်းဝင်းလတ် ဝတ္ထုတစ်ပုဒ်အကြောင်း ပြောမည်။ ဝတ္ထုမဆုံးမီမှာပင် သူ့စိတ်ကူး တစ်မျိုးပြောင်းသွားကာ ပက်လက်ကုလားထိုင်လေးမှထပြီး ဝတ်ထားသော စစ်စိမ်းရောင် ဆွယ်တာကြီးချွတ်၊ တိုင်မှာချိတ်ထားသည့် ရှပ်အင်္ကျီအိတ်လေးထဲ ပိုက်ဆံစမ်းကြည့်ကာ ကောက်လျှိုဝတ်လိုက်၏။ အကယ်၍ အင်္ကျီအိတ်ထဲ ပိုက်ဆံမရှိလျှင် ဈေးဆိုင်လေးမှထိုင်နေသည့် အသက်ခပ်ကြီးကြီး သူ့မရီးထံကပိုက်ဆံလှမ်းတောင်းသည်။ ထို့နောက် "စည်သာလမ်းသွားရအောင်ဗျာ"ဟုဆိုကာ ဘာမပြောညာမပြောနှင့် ရှေ့ကဆေးပေါ့လိပ်လေးဖွာရင်း "စိုက်စိုက် စိုက်စိုက်"နှင့် ထွက်သွားတတ်၏။ ကျွန်တော်လည်း သူ့နောက်ကလိုက်ရုံပါပဲ။ ဒါပေမယ့်သူပြောသော "စည်သာလမ်း"ဆိုတာဘာမှန်းမသိ။ ဘယ်နေရာမှန်းမသိ။

သူ့အိမ်ရှေ့ကလမ်းကလေးအတိုင်း အရှေ့ဘက်သို့ထွက်သည်။ လမ်းကလေးက ကျောက်ကြမ်းတွေ ထိုးထိုးထောင်ထောင်၊ လမ်းနံဘေးအိမ်ကလေးတွေက အိမ်ရှေ့နှင့်လမ်းကလေးကြားမှာ စက္ကူပန်းရုံတွေ အစီအရီစိုက်ထားကြသည်။ စက္ကူပန်းရုံကြီးတွေအောက်မှာ ဝါးကွပ်ပျစ်တွေ ထိုးထားကြ၏။ လမ်းဘေးမှာလည်း ဗာဒံပင်ကလေးတွေ စီတန်းပေါက်နေသည်။ အဝါရောင်ဗာဒံရွက်ကြွေတွေ လမ်းပေါ်ကကျောက်တုံးတွေကြား နားနေကြသည်။ အိမ်ကလေးတွေအများစုက ပန်းထိမ်ဖိုကလေးတွေမို့ တူသံတောက်တောက်တောက်တောက် ကြားနေရသည်။

***(ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်မည်

**ကသာ မေ ၂၄**
ကသာမြို့နယ်အနီးတစ်ဝိုက်ရှိ ဧရာဝတီမြစ်အတွင်း သွားလာနေသော ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသက်ကယ်ပစ္စည်းများ ပြည့်စုံမှု ရှိ မရှိ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံမှု ရှိ မရှိတို့ကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းများကို အခါအားလျော်စွာ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသော တားမြစ်ချက်များ၊ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါကလည်း အရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရေယာဉ်မောင်းသူများကိုလည်း စစ်ဆေးအရေးယူမှုများ ပြုလုပ်မည့်အကြောင်း အသိပေးမှာကြားထားကြောင်း၊ အပတ်စဉ်စစ်ဆေးခြင်းများကိုလည်း တာဝန်ရှိ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကသာမြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရေယာဉ်များ ဘေးန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးမှုများကို ကသာခရိုင် မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ မေ ၂၂ ရက်က ပြုလုပ်ခဲ့ပြီး ခရီးသည်တင်ရေယာဉ်များ၊ ရုပ်ပြေးရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ၊ ကူးတို့များတွင် အသက်ကယ်ပစ္စည်းများ ပြည့်စုံမှု ရှိ မရှိ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပစ္စည်းများ ပြည့်စုံမှု ရှိ မရှိ စစ်ဆေးခဲ့ကာ လိုအပ်သည်များကို အကြံပြုမှာကြားခဲ့သည်။

ကသာမြို့နယ်အတွင်း ပြေးဆွဲနေသော ရေယာဉ်များအနေဖြင့် သဘာဝဘေးဖြစ်သော မုန်တိုင်းဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်များ ကျရောက်ပါက ကာကွယ်နိုင်ရန်အတွက် လိုအပ်သော အသက်ကယ်ပစ္စည်းများ၊ မီးသတ်ဆေးဘူးများ အဆင့်သင့်ရှိနေရန် ရေယာဉ်မမောင်းနှင်မီ ဆောင်ရွက်ထားရှိဖို့ အလွန်အရေးကြီးကြောင်း၊ ထို့အတူ မိုးလေဝသသတင်းများကိုလည်း နားထောင်၍ ခရီးသွားခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်ပါက အသက်အန္တရာယ် မကြုံတွေ့ရစေရန် ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ရေယာဉ်များ မတော်တဆမှု ပေါ်ပေါက်ပါကလည်း မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ငွေအိုး(ကသာ)**





မိုးကုတ်မြို့၏ ကျက်သရေဆောင် ဘုရားတစ်ဆူဖြစ်သော ချမ်းသာကြီး ဘုရားတောင်တော်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးနိုင်ကြရေးအတွက် မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ စုပေါင်းအမှိုက်သိမ်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို မေ ၂၀ ရက်က ဆောင်ရွက်စဉ်။ နေဝါ(မိုးကုတ်)

## သောက်သုံးရေပေးဝေ

**မော်လမြိုင် မေ ၂၄**
မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မော်လမြိုင်မြို့နယ်အတွင်းရှိ ရေရှားပါးလျက်ရှိသော ညောင်ပင်ဆိပ်ရပ်ကွက်သို့ မေလ ဒုတိယပတ်က သောက်သုံးရေ ဂါလန် ၂၆၀၀ ခန့်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**ဝေဝေ**



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ကျေးရွာများမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ဖွင့်လှစ်ထားသော စာကြည့်တိုက်များအနက် စာဖတ်သူ နည်းပါးလျက်ရှိသော စာကြည့်တိုက်များ ပြန်လည်ရှင်သန်လာစေရန် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ မေ ၂၂ ရက်က ကွင်းဆင်း ဆောင်ရွက်စဉ်
နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**မြို့သစ် မေ ၂၄**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်မှုအဖြစ် မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို တမူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် တမူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးအေးမင်း ဦးဆောင်သည့် ဝန်ထမ်းများက ယာဉ်စည်းကမ်းပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် များဖြန့်ဝေခြင်း၊ ဒေသတွင်းမှ ယာဉ်နှင့် ယာဉ်လိုင်စင်များ သက်တမ်းတိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**

# ယာဉ်စည်းကမ်းပညာပေးခြင်းနှင့် လက်နက်ကိုင်ဆောင်ခြင်းမပြုရန် စစ်ဆေးမှုများ ဆောင်ရွက်

**ညောင်လေးပင် မေ ၂၄**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး စစ်ဆေးပညာပေးနှင့် လက်နက်ကိုင်ဆောင်ခြင်းများ မရှိစေရန် ရှာဖွေစစ်ဆေးခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့က ဦးဆောင်၍ မေ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်းပညာပေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်-မန္တလေးကားလမ်းပေါ်၌ ပြုလုပ်ခဲ့ပြီး ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန် အပါအဝင် ယာဉ်စည်းကမ်းဆိုင်ရာများကို စစ်ဆေး၍အသိပညာပေး ရှင်းလင်းပြောကြားကာ ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

လက်နက်ကိုင်ဆောင်ခြင်းများ မရှိစေရန် ရှာဖွေစစ်ဆေးခြင်းကို ညောင်လေးပင်မြို့မဒေါက်-ရွှေကျင်လမ်းပေါ်မှ ကျူချောင်းရဲကင်းဂိတ်အနီး၌ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ရဲအုပ်ဝင်းထွဋ်အောင်နှင့်အဖွဲ့က ဆောင်ရွက်ခဲ့ပြီး တုတ်၊ ဓား၊ လေးခွများ သယ်ဆောင်လာခြင်းမရှိစေရန် ရှာဖွေစစ်ဆေးခဲ့ကြကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**



## ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ တင်ဒါစည်းကမ်းချက်များ ရှင်းလင်း

**မုံရွာ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုမ္ပဏီများအား တင်ဒါစည်းကမ်းချက်များ ရှင်းလင်းပွဲကို မုံရွာမြို့နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအနက် တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများကို ရွေးချယ်ရာတွင် ကုန်ကျစရိတ်သက်သာပြီး စွမ်းဆောင်ရည်ကောင်းမွန်ရန်၊ တင်ဒါသွင်းလိုသူအားလုံးကို တင်ဒါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အခွင့်အရေးတန်းတူညီမျှစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်ရည်ရွယ်ပြီး တင်ဒါစည်းကမ်းချက်အသေးစိတ် ရှင်းလင်းပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားကာ တက်ရောက်လာကြသည့် ကုမ္ပဏီများက တင်ဒါစည်းကမ်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။
**ဖိုးချမ်း(မုံရွာ)**

# စနစ်သစ်သူငယ်တန်းပညာရေး (Kinder Garten-KG) အကြောင်း သိကောင်းစရာများ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြောင်းလဲလာသော ခေတ်သစ် စနစ်သစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းစဉ်များ အတိုင်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုး ရေးဆိုင်ရာဥပဒေ၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ကဏ္ဍပေါင်းစုံပါဝင်ရေးဆွဲထားသော မြန်မာနိုင်ငံ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ မူဝါဒတို့အား အတည်ပြုပြဋ္ဌာန်းခဲ့ သည်။

ကလေးတစ်ဦးဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံး ကာလမှာ ဘဝ၏အစောဆုံးနှစ်များပင်ဖြစ်ပြီး အမျိုးမျိုးသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်များ အတွက် လိုအပ်သောပံ့ပိုးမှုများကို ရရှိခဲ့သော ကလေးများသည် လူ့ဘောင်အသိုင်းအဝိုင်း၌ ဘက်စုံဖွံ့ဖြိုးတိုးတက်စေသည်။ သို့ဖြစ်သော ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဦးအရွယ် ကလေးများ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမျိုးမျိုးသော နယ်ပယ်များအတွက် သဘော တရားများ (ဘာသာစကား၊ သင်္ချာ၊ သိပ္ပံ၊ တီထွင် ဖန်တီးမှု၊ အနုပညာ၊ တေးဂီတနှင့် လှုပ်ရှားမှု၊ ကာယပညာနှင့် ဖွံ့ဖြိုးမှု၊ မိဘရပ်ရွာ စသည့် အထောက်အကူပြုနည်းစနစ်များ ပါဝင်လာရ သည်။

ထို့အပြင် ၂၀၁၃ ခုနှစ်ကလည်း ဘက်စုံလွှမ်းခြုံ နိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ချက် အရ အခြေခံပညာဦးစီးဌာန ဆရာအတတ်သင် နှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများ မြန်မာနိုင်ငံပညာရေး သုတေ သနဦးစီးဌာန(သင်ရိုး)တို့ ပါဝင်သော အဖွဲ့သည် KG သူငယ်တန်း သင်ရိုးသစ်ကို စတင်ရေးဆွဲကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အမျိုးသားပညာ ရေးဥပဒေပြဋ္ဌာန်းထားသည့် အခြေခံပညာရေး စနစ်ဖွဲ့စည်းပုံ (KG+12) အရ အခြေခံပညာ ကျောင်းများ၌ သူငယ်တန်းသင်ရိုးသစ်ကို စတင် အကောင်အထည်ဖော် သင်ကြားပေးတော့မည် ဖြစ်ပေသည်။

ထိုသို့ သင်ကြားဆောင်ရွက်ရန်အတွက် KG (သူငယ်တန်း)ကို သင်ကြားပေးမည့် ဆရာ ဆရာ မများအား လေ့ကျင့်မွေးထုတ်သင်တန်းဖွင့်လှစ် ပို့ချပေးပြီးဖြစ်၍ သင်တန်းဆင်း ဆရာ ဆရာမများ မှ KG (သူငယ်တန်း) ကလေးသူငယ်များအား မိမိကိုယ်မိမိ ယုံကြည်အားကိုးသူများဖြစ်လာစေ ရန် အာဟာရပြည့်ဝပြီး ကျန်းမာပျော်ရွှင်သော ကလေးသူငယ်များဖြစ်လာစေရန်၊ သင်္ချာအပါ အဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများဖြစ်လာစေရန်၊ မိမိပတ် ဝန်းကျင်အကျိုးကို ဆောင်ရွက်လုပ်ကိုင်သူများ ဖြစ်လာစေရန် အနီးကပ်သင်ကြားပေးသွားမည် ဖြစ်သည်။

စနစ်သစ် KG (သူငယ်တန်း)ကလေးငယ်များ ကို စတင်သင်ကြားရာတွင် ယခင်ကကဲ့သို့ သင် ကြားနည်းစနစ်များ မဟုတ်တော့ဘဲ ကလေး ဗဟိုပြုသင်ကြားမှုစနစ်နှင့် ကဗျာ၊ ပုံပြင်၊ ကစား ခြင်း၊ ပန်းချီဆွဲခြင်း၊ ကလေးများကိုယ်တိုင်သီဆို လှုပ်ရှားခြင်း၊ ကခုန်ခြင်း၊ သရုပ်ဆောင်ပါဝင်ခြင်း၊ စိတ်ကြိုက်အမူအရာများ သဘောတူညီချက်များ နှင့် သဘာဝပတ်ဝန်းကျင်၊ အိမ်၊ လမ်း၊ ကျောင်းပွဲ တွေ့ရှိခဲ့သမျှကို မေးမြန်းမှတ်သားစေခြင်း စသည် တို့ကို အလေးပေးသင်ကြားပေးသွားမည်ဖြစ်၍ ထိုသို့ သင်ကြားပေးမှုကြောင့် ကလေးသူငယ်များ တွင် တိမ်မြုပ်နေသော ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးများကို ထုတ်ဖော်ပေးနိုင် မည့်အပြင် ကလေးများအား စာသင်ကြားခြင်းမှန်း မသိသင်ကြားခြင်းနည်းဖြင့် ချဉ်းကပ်သင်ကြား သင်ယူမှုတို့ ပြုလုပ်ကြမည်ဖြစ်ပေသည်။ ဖန်တီးမှု စွမ်းရည်များကို ဖော်ထုတ်ပေးနိုင်မည့် အခွင့် အလမ်းများကို ရရှိနိုင်မည်ဖြစ်ပြီး လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိခြင်း၊ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်ခြင်း၊ မိမိ ကိုယ်မိမိ တန်ဖိုးထားတတ်ခြင်း၊ ကိုယ်ချင်းစာ တရားထားရှိလာတတ်ခြင်း စသည့်အကျိုးကျေးဇူး များ ရရှိလာမည်ဖြစ်သည်။

သင်ကြားပေးမည့် ဆရာ ဆရာမများအနေဖြင့် လည်း ယခင် သမားရိုးကျသင်နည်းအတိုင်း မဟုတ် တော့ဘဲ သင်ပြနည်းအသစ်များ၊ တီထွင်ဖန်တီးမှု စွမ်းရည်များမြင့်မားလာပြီး စနစ်သစ်၊ စိတ်ကူး စိတ်သန်းသစ်များဖြင့် အနာဂတ်၏ သားကောင်း ရတနာများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင် တော့မည်ဖြစ်ပေသည်။

ပညာသင်နှစ်တစ်နှစ်အတွင်း KG (သူငယ် တန်း)ကလေးငယ်များကို ကဗျာရွတ်ခြင်း၊ သီချင်း ဆိုခြင်း၊ ဆော့ကစားခြင်း၊ ပန်းချီဆွဲခြင်း၊ သဘာဝ ပတ်ဝန်းကျင်ကိုလေ့လာခြင်း၊ ကိန်းဂဏန်းများ အား ထိတွေ့စေခြင်း စသည်တို့နှင့် ခုနစ်လတာ အချိန်ကုန်ခံသင်ကြားပေးစေပြီးမှ နောက်ဆုံး သုံး လတွင် စာရေးသင်ခြင်းကို စတင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်သင်ကြားပေးမှုကြောင့် ယခင် က မူကြိုတက်ခဲ့သည့်ကလေးနှင့် မတက်ခဲ့သည့် ကလေးတို့ KG (သူငယ်တန်း)တွင် ကွာခြားမှု မရှိတော့ဘဲ ကလေးသူငယ်များအတွက် ကျူရှင် စနစ်လည်း ပပျောက်သွားမည်ဖြစ်ကာ ကလေး တိုင်းတွင် ဉာဏ်ရည်ဖွံ့ဖြိုးမှုတူညီလာကြမည်ဖြစ် သည်။ ထို့ကြောင့်လည်း ကျောင်းတစ်ကျောင်း တွင် KG (သူငယ်တန်း)သည် အရေးပါဆုံးသော အတန်းတစ်တန်းဖြစ်လာပေတော့မည်။

KG (သူငယ်တန်း)အတွက် သင်ရိုးညွှန်းတမ်း စာအုပ်များကို ဆရာ ဆရာမများအတွက်သာ ထားရှိပြီး ကျောင်းသား ကျောင်းသူများ ကိုင်တွယ် သင်ယူစရာမလိုဘဲ မိမိတို့တွေ့မြင်ခံစားသိရှိသမျှ နှင့် စူးစမ်းလေ့လာတတ်မြောက်မှုတို့ကို အလေး ပေးသင်ကြားပေးသွားမည်သာဖြစ်သဖြင့် ကလေး သူငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် ကောင်းမွန်သော အစကောင်းများအား စတင် ပြုစုပျိုးထောင်ပေးလိုက်သော အတန်းတစ်တန်း ပင်ဖြစ်ပေတော့သည်။ ။

**သတင်းဆောင်းပါး - သက်နိုင်(ပြင်ဦးလွင်)**

---

## စပါးပေါ်စအချိန်တွင် ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**ကျောက်တံခါး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ယခုအခါ ကောက်ဦးစပါးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ကာ စပါးဈေးမှာလည်း ဈေးကောင်းရနေသဖြင့် ဒေသခံ စပါးစိုက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ဇောဓိကွင်းကျေးရွာမှ တောင်သူတစ်ဦးဖြစ်သည့် ဦးဌေးဌေး က "ဒီနှစ်စပါးတွေ အစောကြီးပေါ်တော့ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ဈေးကောင်းရတာပေါ့။ စပါးတင်းတစ်ရာကို ငါးသိန်းခွဲဈေးနဲ့ ရောင်းရပါတယ်။ ဈေးကွက် မှာ ဈေးကောင်းရောင်းရပြီး နောက်ထပ်ဆောင်းသီးနှံကိုလည်း အချိန်မီ ထွန်ယက်စိုက် ပျိုးနိုင်မှာဖြစ်လို့ တောင်သူတွေအနေနဲ့ အဆင်ပြေပါတယ်"ဟု ပြောသည်။

စပါးပေါ်ချိန် စောသည့်အပြင် ကျောက်တံခါးမြို့နယ်အတွင်းမှ တောင်သူများ အနေဖြင့် စပါးများကို အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့နိုင်ရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို အသုံးပြုလျက်ရှိသည်။

ခြွေလှေ့စက်များ အသုံးပြုသဖြင့် ကောက်ဦး စပါးများကို အချိန်ကုန်၊ ငွေကုန် သက်သာစွာ ရိတ်သိမ်းနိုင်သည့်အပြင် လိုရာကိုလည်း အချိန်နှင့်တစ်ပြေးညီသယ်ယူ နိုင်ကြောင်း၊ အလေအလွင့်လည်းမရှိသဖြင့် တစ်ကေလျှင် စပါးတင်းတစ်ရာနှုန်းအထိ ရရှိခဲ့သောကြောင့် ဒေသခံတောင်သူများ အဆင်ပြေကြကြောင်းလည်း ၄င်းက ဆက်လက်ပြောကြားသည်။

**ခင်ကို(ကျောက်တံခါး)**

---

## ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသူများကို ရေချိုငါးလုပ်ငန်းဥပဒေဖြင့် အရေးယူ

**ကျောက်တံခါး မေ ၂၄**

ရွှေဘိုမြို့နယ် ရွှေဘို-ရေဦး ကားလမ်းဘေး ပန်းရံ ကျေးရွာ အနီး ရေကျော်တံတားနှင့် ထီးချိုင့်မြို့နယ် ရောဝတီမြစ် အတွင်းတွင် မေ ၁၆ ရက်နှင့် ၁၇ ရက်တို့က ဘက်ထရီရှော့ခ်တိုက်၍ ငါးနှင့်ငါးရှဉ့် ဖမ်းဆီးနေသူ များကို ရေချိုငါးလုပ်ငန်း ဥပဒေအရ အမှုဖွင့်အရေးယူ ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"မေ ၁၆ ရက်က ရေချိုငါးလုပ်ငန်းဥပဒေအရ အမှုဖွင့်ထားတဲ့ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနေတဲ့ လူငယ်လေးဦးမှာ တစ်ဦးက ကလေးသူငယ်ဖြစ်နေတဲ့ အတွက် အုပ်ထိန်းသူထံ အပ်နှံစစ်ဆေးနေသလို ကျန်တဲ့ သုံးဦးကို အရေးယူဆောင်ရွက်နေပါတယ်။ ရောဝတီ မြစ်ထဲ မေ ၁၇ ရက်က ဖမ်းမိတဲ့ ဘက်ထရီရှော့ခ်တိုက် သူနှစ်ဦးကိုလည်း ထီးချိုင့်မြို့မရဲစခန်းမှာ အမှုဖွင့် အရေးယူထားပါတယ်"ဟု တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးဌာန တာဝန်ရှိသူက ရှင်းပြသည်။

ရွှေဘိုမြို့နယ် ပန်းရံကျေးရွာအနီး ရေကျော် တံတားတွင် မေ ၁၆ ရက် ညနေပိုင်းက ဘက်ထရီရှော့ခ် တိုက်၍ ငါးနှင့်ငါးရှဉ့်ဖမ်းနေကြောင်း သတင်းအရ ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွား ရောက်စစ်ဆေးခဲ့ပြီး စိုးဝေနိုင် (၁၄ နှစ်) အပါအဝင် လူငယ်လေးဦးကို ရှော့ခ်တိုက်ငါးဖမ်းသည့် ပစ္စည်းများ နှင့်အတူ ဖမ်းမိခဲ့သည်။ မေ ၁၇ ရက်တွင်လည်း ထီးချိုင့်မြို့ အမှတ်(၂) ရပ်ကွက်အနီး ရောဝတီမြစ် အတွင်း ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေသည့် ဇင်မင်း ဦးနှင့်မျိုးမင်းဦးတို့ကို အသုံးပြုသည့်ပစ္စည်းများနှင့် အတူ ထီးချိုင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင် မိုးနှင့်အဖွဲ့က ဖမ်းမိခဲ့သဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီး ဌာနမှူးများက ရွှေဘိုနှင့် ထီးချိုင့်မြို့မရဲစခန်းများ၌ အမှုဖွင့်တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

## အရိုး၊ အကြောရောဂါများ မေတ္တာဖြင့် ကုသပေး

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မြလှမြင့်စေတနာ ကျန်းမာရေးဖောင်ဒေးရှင်း ဆေးရုံ၌ ဒေသခံအရိုး၊ အကြော ဝေဒနာရှင် ၆၀၀ ကျော်အား အမေရိကန်နိုင်ငံမှ ဂုဏ်ထူးဆောင်ပါမောက္ခ အရိုး၊ အကြောအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်ထူးက မေ ၂၂ ရက်နှင့် ၂၃ ရက်တွင် မေတ္တာဖြင့် လာရောက်စမ်းသပ်ကုသ ပေးခဲ့ကြောင်း သိရသည်။

ဆရာဝန်ကြီး လာရောက်ကုသပေးရာတွင် မြလှမြင့် စေတနာကျန်းမာရေးဖောင် ဒေးရှင်းဆေးရုံက လူနာများအတွက် ဆေးဝါးများလှူဒါန်းပြီး မီးသတ်တပ်ဖွဲ့၊ ကြက် ခြေနီ၊ ကလျာဏမိတ္တ ဓမ္မစကူးလ်အဖွဲ့နှင့် မြို့မိမြို့ဖများက ဝေဒနာရှင်များလွယ်ကူစွာ ဆေးကုသပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြကာ မြစ်သားမြို့ A1 ပွဲရုံပိုင်ရှင် ဦးစိုး ညွှန့်မိသားစုကလည်း ထမင်းဘူးနှင့် ရေသန့်ဘူး ၁၂၀၀ကျော်ကို လာရောက်ကုသ ကြသော ဝေဒနာရှင် ၆၀၀ ကျော်အား လှူဒါန်းကျွေးမွေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**

---

## ကျေးရွာများတွင်ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ရှင်းလင်းဟောပြော

**တနင်္သာရီ မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာများ၌ဆောင်ရွက်မည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်ဌာနဆိုင်ရာများက ကျေးရွာ သုံးရွာသို့ မေ ၂၂ ရက်က ကွင်းဆင်း၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးဦးစီး၍ မြို့နယ်ဌာနဆိုင်ရာများပါဝင် သောအဖွဲ့က သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တွင်လည်းကောင်း၊ တမုတ်ချုန်းကျေးရွာအုပ်စု ရေဖြူကျေးရွာအုပ်ချုပ် ရေးမှူးရုံးတွင်လည်းကောင်း ၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ ဇေယျာသုခဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်တွင်လည်းကောင်း ဒေသခံပြည်သူ များကို ဟောပြောခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က မူးယစ်ဆေးဝါးရောင်း ဝယ်မှုနှင့် လက်ဝယ်ထားရှိမှုများ မရှိစေရန်၊ သစ်တောများကို ထိန်းသိမ်းရန်၊ တောမီး ရှို့ခြင်းများကြောင့် ဒေသခံပြည်သူအချင်းချင်း ဆုံးရှုံးနစ်နာမှုများ မရှိစေရေးတို့အတွက် ခွင့်ပြုချက်မရှိဘဲ တောမီးရှို့ခြင်းမပြုကြရန်စသည်တို့ကို ဟောပြောပြီး လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းကျော်က ကျေးရွာများသို့ နိုင်ငံသားကတ်နှင့်အိမ်ထောင်စုစာရင်းများအား အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်ကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဇေယျာဝင်းထက်က မူးယစ်ဆေး ဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဥပဒေများကိုလည်းကောင်း၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးမင်းလင်းနိုင်က သစ်တောကြိုးဝိုင်းနှင့် သစ်တောများကို ထိန်းသိမ်းရေး တွင် ဒေသခံများက ပူးပေါင်းပါဝင် ကူညီပေးရန်လည်းကောင်း၊ မြန်မာ့လျှပ်စစ်လုပ်ငန်း နှင့် (PTC)လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းက ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိ ရေး ဝန်ဆောင်မှုပေးမည့်အစီအစဉ်ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စံညီစာကြည့်တိုက်များ ပုံမှန်ရှင်သန်လည်ပတ်မှုရှိ စေရေးကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

---

## ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပိုစတာစိုက်ထူ

**ဘားအံ မေ ၂၄**

ဘားအံမြို့တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး သတင်းပတ် လှုံ့ဆော်မြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၂၃ ရက်က ဘားအံ အထက (၁) ကျောင်း ဘောလုံးကွင်းရှေ့၌ ကျင်းပသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆည်ကြီးချောင်းရေကြီးသဖြင့် ဒေသခံပြည်သူများ အခက်အခဲကြုံနေ

**ကလေး မေ ၂၄**

ချင်းတောင်တန်းပေါ်မှ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ကလေးမြို့နယ် ကလေး-လက်ပံချောင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆည်ကြီးချောင်းသို့ တောင်ကျရေများ စီးဝင်ခဲ့၍ မေ ၂၁ ရက် ညနေပိုင်းက ချောင်းရေကြီးမှုဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ချောင်းရေကြီးမှုကြောင့် ကလေးမြို့လှိုင်သာယာရပ်ကွက်တွင် သောက်သုံးရေရရှိရေးအတွက် တူးဖော်ထားခဲ့သော အရှည်ပေ ၁၈၀၀ ကျော်ရှိ ရေပေးမြောင်း၏ မြောင်းပေါင်များ ရေတိုက်စားပျက်စီးသွားခဲ့ကာ ကတ္တရာလမ်းမကြီးပေါ်အထိ ရေများလျှံထွက်ခဲ့ခြင်းကြောင့် ယခုအချိန်တွင် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေရသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ အတွက်လည်း စိုက်ပျိုးရေ လုံလောက်စွာရရှိရန် အခက်ကြုံနေကြရကြောင်း သိရသည်။

လှိုင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေအစ်က ဆည်ကြီးချောင်းရေကြီးပြီး ပြည်သူများအသုံးပြုနေသည့် ရေသွယ်မြောင်း ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေပြန်လည်ရရှိနိုင်ရေးနှင့် သောက်သုံးရေလည်း လုံလုံလောက်လောက် ရရှိနိုင်ရေးတို့အတွက် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများ တွေ့ဆုံကာ နည်းလမ်းများ ရှာကြံဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။

ဆည်ကြီးချောင်းရေကြီးခြင်းကြောင့် ဆည်ကြီးကျေးရွာဘက်သွားသည့် ကျေးရွာများမှ ဒေသခံပြည်သူများမှာလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိကြကာ ကုန်ကျစရိတ်လည်း များပြားလျက်ရှိကြောင်း၊ ရေကြီးနေချိန်တွင် ချောင်းဖြတ်ကူးကြရသည့် ပြည်သူများအနေဖြင့် လူတစ်ဦးလျှင် ၁၀၀၀ ကျပ်၊ ဆိုင်ကယ်တစ်စီးလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် အကူအညီခေါ်၍ ဖြတ်သန်းနေကြရကြောင်း သိရသည်။

ဆည်ကြီးချောင်းပေါ်ရှိ ချောင်းကူးတံတားသည် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ပျက်စီးသွားခဲ့ခြင်းဖြစ်ပြီး သဘာဝဘေးဒဏ်သင့် ကျေးလက်နေပြည်သူများအား အကူအညီပေးနိုင်ရန်အတွက် ဗီဒီယို၊ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီဝေဠုကျော် လာရောက်ခဲ့စဉ်တွင် ဝေဠုကျော်ကိုယ်တိုင် ကြိုးတန်းကိုအသုံးပြု၍ ခက်ခက်ခဲခဲဖြတ်ကျော်ကူးသန်းခဲ့ရသည့် ချောင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**



## သတင်းတိုများ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ကသာမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မေ ၂၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲများကို 'စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့၊ လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကိုရှောင်ပါမနှေး' စသည့် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ပြီး ကသာခရိုင်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **ဦးရဲ(ကသာ)**

### မီးဘေးသင့်ပြည်သူများအား ထောက်ပံ့

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့မီးဘေးပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက နမ့်ဆန်မြို့ မီးဘေးကာကွယ်ရေးအတွက် ရေလှောင်ကန်သစ်တည်ဆောက်ရန်နှင့် အဟောင်းပြုပြင်ရန် ငွေကျပ် ၁၇၂ သိန်း၊ မီးဘေးသင့် ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ် ရှစ်သိန်းနှင့် မီးဘေးသင့် ဒေသခံများအတွက် အလှူငွေ ကျပ် ၃၃ သိန်းကျော်ကို ပေးအပ်ခဲ့သည်။ နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းငွေမှာ စုစုပေါင်း ကျပ် ၂၁၃၇၀၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

**ဒေါ်ခင်မေဇော် ၁၂/ဗတထ(နိုင်)၀၃၇၂၈၉၏ (၂၀-၅-၂၀၁၆)ရက်စွဲပါ အများသိစေရန် သတိပေးကြေညာခြင်းအား**

## ပြန်လည်ရှင်းလင်း၍ အများသိစေရန် အသိပေးကြေညာခြင်း

PALE'NADI SERVICES CO.,Ltd.(PALE' NADI GROUP OF COMPANIES)၏ C.E.O ဒေါ်လွင်လွင်မူ၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်မေဇော် ၁၂/ဗတထ(နိုင်)၀၃၇၂၈၉နှင့် အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်သည်။

ဒေါ်ခင်မေဇော်၏ ၂၀-၅-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏PALE' NADI GROUP OF COMPANIESနှင့် အများသိစေရန် သတိပေးကြေညာချက်သည် မှားယွင်းနေကြောင်း ဦးစွာပြောလိုပါသည်။

ဒေါ်ခင်မေဇော်သည် ကျွန်ုပ်တို့၏ PALE' NADI GROUP OF COMPANIES၏ Freight Forwarding Department တွင် ၁၈-၁-၂၀၁၆ရက်မှစပြီး GMရာထူးကို လခစားဝန်ထမ်းစနစ်ဖြင့် စတင်အလုပ်ခန့်အပ်ခဲ့ပါသည်။ အမြဲတမ်းဝန်ထမ်း အဖြစ် အတည်ပြုခန့်အပ်မှုကို PALE' NADI GROUP OF COMPANIES ၏ ရုံးအမိန့်အမှတ် (၀၂၁/၂၀၁၆)ဖြင့် ခန့်အပ်ပြီးဖြစ်ပါသည်။ ဒေါ်ခင်မေဇော်သည် PALE' NADI GROUP OF COMPANIES တွင် စတင်ဝင်ရောက်လုပ်ကိုင်စဉ်က ထုတ်ပြန်ထားသော စည်းမျဉ်းများကို ဖတ်ရှုသိရှိ၍ လိုက်နာပါမည်ဟု ကျွန်ုပ်တို့ကုမ္ပဏီထံတွင် လက်မှတ်ရေးထိုး ဝန်ခံထားမှုလည်းရှိပါသည်။

ဒေါ်ခင်မေဇော်ဖော်ပြထားသော ၂၀၁၆ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လပါ ဖော်ပြထားသော ငွေပမာဏများသည် Freight Forwarding Department၏ဝင်ငွေသာဖြစ်ပြီး Freight Forwarding Department ရှိ ဝန်ထမ်းများအားလုံး စုပေါင်းလုပ်ကိုင်ပေးခဲ့ပြီး ရရှိလာသောအကျိုးအမြတ်သာဖြစ်၍ ဒေါ်ခင်မေဇော်နှင့် တစ်စုံတစ်ရာသက်ဆိုင်ခြင်းမရှိကြောင်း သိစေအပ်ပါ သည်။

ဒေါ်ခင်မေဇော်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏လခစားဝန်ထမ်းတစ်ဦးအဖြစ် လုပ်ကိုင်နေစဉ်ကာလအတွင်း ဒေါ်ခင်မေဇော်၏ ကိုယ်ပိုင် Laptopကို ကျွန်ုပ်တို့ ကုမ္ပဏီသို့ တားမြစ်သည့်ကြားမှ ယူဆောင်လာသည့်အပြင် ထို Laptopကို အသုံးပြုကာ ကုမ္ပဏီအကျိုးစီးပွားထိခိုက်ပျက်စီးအောင် PALE' NADI GROUP OF COMPANIES ၏ သတင်းအချက်အလက်များနှင့် ကုမ္ပဏီ၏လုပ်ငန်းနှင့် စီးပွားဆက်စပ်လျက်ရှိသော Company များ၊ Customerများကို လူကိုယ်တိုင်စည်းရုံး၍ သော်လည်းကောင်း၊ ဒေါ်ခင်မေဇော်၏ကိုယ်ပိုင် emailမှ ပေးပို့၍လည်းကောင်း ဒေါ်ခင်မေဇော်၏ခင်ပွန်းနှင့် ယောက္ခမတို့ အတူရှယ်ယာပါသော Ocean Gold Services Co.,Ltd.သို့ လွှဲပြောင်းအသုံးပြုခြင်းဖြင့်လည်းကောင်း၊ ဌာနတွင်းဝန်ထမ်းအချင်းချင်း စည်းလုံးမှု ပျက်ပြားအောင် စည်းရုံးလှုံ့ဆော်ခြင်းဖြင့်လည်းကောင်း၊ ထိုသို့သော ဝန်ထမ်းကျင့်ဝတ်နှင့်မလျော်ညီသော ကိစ္စရပ်များကို PALE' NADI GROUP OF COMPANIESတွင် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်းတွင် ပြုလုပ်ခဲ့ကြောင်းကို ခိုင်လုံ သောသက်သေအထောက်အထားများနှင့်တကွ သိရှိခဲ့ရ၍ ကျွန်ုပ်တို့ကုမ္ပဏီမှ များစွာထိခိုက်နစ်နာပါသည်။

ဒေါ်ခင်မေဇော်သည် ကုမ္ပဏီ၏လခစားဝန်ထမ်းဖြစ်ခဲ့ပါသည်။ ဝန်ထမ်းအဖြစ်လုပ်ကိုင်နေစဉ်ကာလအတွင်း ဒေါ်ခင်မေဇော်သည် မသမာသောနည်းဖြင့် Ocean Gold Services Co.,Ltd. သို့ PALE' NADI GROUP OF COMPANIES၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ PALE' NADI GROUP OF COMPANIES အားနောက်နောင်မဆက်သွယ်ရန် Customer များအား ပြောကြားခြင်း၊ ဝန်ထမ်းအဖြစ်လုပ်ကိုင်နေစဉ်ကာလအတွင်း BL(Bill of Lading) များတွင် PALE' NADI Services Co.,Ltd. အစား Ocean Gold Services Co.,Ltd.အမည်ကိုသာ အသုံးပြုခဲ့ခြင်း၊ PALE' NADI Services Co.,Ltd. တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း Customer များအား Marketing ဆင်းရာတွင် Ocean Gold Services Co.,Ltd. ၏ အကျိုးစီးပွားအတွက် သွားရောက်ဆွဲဆောင်မှုများပြုလုပ်ခဲ့ခြင်း၊ ဝန်ထမ်းများ နုတ်ထွက်ရန် အချင်းချင်းသွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း စသော ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကျဆင်းစေသော ကိစ္စရပ်များ လုပ်ဆောင်ခဲ့ပါသည်။

၁၀-၅-၂၀၁၆ရက်တွင် ကျင်းပသော ကျွန်ုပ်တို့ကုမ္ပဏီ၏ BODအစည်းအဝေးဆုံးဖြတ်ချက်အရ PALE' NADI GROUP OF COMPANIES ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိ၍ ရုံးအမိန့်အမှတ်(၀၂၆/၂၀၁၆)ဖြင့် ဒေါ်ခင်မေဇော်အား ထုတ်ပယ်ခဲ့ပါသည်။ ထိုသို့ ထုတ်ပယ်ရန်အတွက် ဒေါ်ခင်မေဇော်၏ စည်းကမ်းဖောက်ဖျက်သောအချက်အလက်များအား ကုမ္ပဏီ၏ BODအဖွဲ့ဝင်များမှ စေ့စပ်စွာ စစ်ဆေးဆုံးဖြတ်ခဲ့၍ ယခုကဲ့သို့ ထုတ်ပယ်သော ရုံးအမိန့်စာကို အသုံးပြုကာ ဒေါ်ခင်မေဇော်အား အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်ပယ်ရခြင်းဖြစ်သည်။ ထို့ကြောင့် PALE' NADI GROUP OF COMPANIES ၏ ရုံးအမိန့်အမှတ်(၀၂၆/၂၀၁၆)တွင် သင့်အနေဖြင့် ဖြေရှင်းလိုပါက သုံးရက်အတွင်း လာရောက်ဖြေရှင်းရန် ထိုအမိန့်စာတွင်ပင် ဖော်ပြထားပြီးဖြစ်သည်။ သို့ပါသော်လည်း ဒေါ်ခင်မေဇော်မှ လာရောက်ဖြေရှင်းခြင်းမရှိသည့်အပြင် ၂၀-၅-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် "ဒေါ်လွင်လွင်မူ(MD)နှင့် ဦးသန်းဝင်းအောင်(CEO)၊ ကိုကျော်ကျော်လင်း (Chief of Officer)PALE' NADI GROUP OF COMPANIESတို့နှင့် အများသိစေရန် သတိပေးကြေညာခြင်း" ခေါင်းစဉ်ဖြင့် ထည့်သွင်းကြေညာခြင်းမှာ မည်သည့်အကြောင်းအရာမှ မှန်ကန်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ အသရေဖျက်မှုများကိုသာရေးရှုဖြစ်ပေါ်စေပါ၍ ကျွန်ုပ်တို့ PALE' NADI GROUP OF COMPANIES၏ ဂုဏ်သိက္ခာကိုကြီးမားစွာ ထိခိုက်စေသဖြင့် ကျွန်ုပ်တို့ကုမ္ပဏီအား ကျေနပ်လောက်သည်အထိ ပြန်လည်တောင်းပန်ရမည်။ PALE' NADI GROUP OF COMPANIES၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်၍ ထုတ်ပယ်ခံရသော ဒေါ်ခင်မေဇော်သည် နစ်နာကြေးတစ်စုံတစ်ရာ တောင်းဆိုခွင့်မရှိကြောင်းနှင့် ဒေါ်ခင်မေဇော်ဘက်မှ PALE' NADI GROUP OF COMPANIES၏အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမှုများအတွက် နစ်နာကြေးကို ကျွန်ုပ်တို့ PALE' NADI GROUP OF COMPANIES ၏ BOD များမှ သဘောထားကြီးစွာဖြင့် မတောင်းဆိုဘဲ သင့်အား သတိပေးမှုပြုခြင်းသည်ပင် သင့်အနေဖြင့် ကျေးဇူးတင်ရမည်ဖြစ်သည်။

ဒေါ်ခင်မေဇော်၏ သတင်းစာကြော်ငြာတွင်ပါဝင်သော ကိုကျော်ကျော်လင်း(Chief Operation Officer)အား ဒေါ်ခင်မေဇော် ၏စွပ်စွဲကြေညာချက်များသည် ကျွန်ုပ်တို့ PALE' NADI GROUP OF COMPANIESနှင့် သက်ဆိုင်ခြင်းမရှိ၊ မှန်ကန်ခြင်းမရှိဘဲ ဒေါ်ခင်မေဇော်မှ ကိုကျော်ကျော်လင်းအား ပုဂ္ဂိုလ်ရေးဆိုင်ရာ သိက္ခာကျစေရန် စွပ်စွဲပြောဆိုသော ကိစ္စရပ်သာဖြစ်သည်။ PALE' NADI GROUP OF COMPANIES တွင် ဒေါ်ခင်မေဇော် အလုပ်လုပ်ကိုင်နေစဉ်အတွင်း ဆက်သွယ်လုပ်ကိုင်ခဲ့သော PALE' NADI GROUP OF COMPANIES၏ Customer များစာရင်းနှင့် Customerများ၏လုပ်ငန်းအချက်အလက်များကို လွှဲပြောင်းရန်အတွက် Company မှ တောင်းဆိုသော်လည်း ဒေါ်ခင်မေဇော်မှ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းစဉ်များကို လွှဲပြောင်းပေးရန် ငြင်းဆိုခဲ့ပါသည်။

ထို့ကြောင့် ဒေါ်ခင်မေဇော်၏မဟုတ်မမှန်စွပ်စွဲထားမှုများနှင့် ပတ်သက်သည့် ၂၀-၅-၂၀၁၆ရက်စွဲပါ အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းရန်နှင့် ထိုကဲ့သို့ မဟုတ်မမှန် စွပ်စွဲထားမှုများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ PALE' NADI GROUP OF COMPANIESအား ကျေနပ်သည်အထိ တောင်းပန်ရန် အသိပေးလိုက်သည်။ နောက်နောင် ကျွန်ုပ်တို့ PALE' NADI GROUP OF COMPANIES၏ ဂုဏ်သိက္ခာထိပါးအောင် မမှန်မကန်ပြုလုပ်မှုများ၊ ပြောဆိုပြုမှုများ၊ တစ်နည်းနည်းဖြင့် မပြုလုပ်ရန် အသိပေးသည်။ အထက်ပါတောင်းဆိုမှုအတိုင်း ဆောင်ရွက်မပေးလျှင်ဖြစ်စေ၊ ထပ်မံပြုလုပ်လာလျှင်ဖြစ်စေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲ တရားဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လွင်လွင်မူ** | **ဦးသူရဇော်ဦး** |
| **C.E.O** | **LL.B.,D.B.L,WIPO(Switzerland)** |
| **PALE' NADI SERVICES CO.,Ltd.** | **အထက်တန်းရှေ့နေ** |
| | **ဖုန်း-၀၉-၄၃၁၃၅၃၇၈** |

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မွန်ပြည်နယ်**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ မွန်ပြည်နယ်အတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါထည့်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေးမြို့နယ် အားကစားရုံကြမ်းခင်းတည်ဆောက်ခြင်း

(ခ) ပြည်နယ် ရာမညအားကစားကွင်း ဂါလန် (၁၂၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်း (အဝီစိတွင်း၊ မော်တာ၊ ရေစက်အိမ် အပါအဝင်)

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၃-၆-၂၀၁၆ ရက် (သောကြာနေ့) ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၀၅၇-၂၄၈၃၂ (မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန)

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**

---

**ပြင်ဆင်ရန်အတွက်လျှောက်ထားကြောင်း**
**ပြင်ဆင်မှုတရားခံသို့ထုတ်ပေးသည့်**

## အကြောင်းကြားစာ

**မကွေးခရိုင်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၁၀**

ဒေါ်စံပယ် ပြင်ဆင်မှုလျှောက်ထားသူ

**နှင့်**

၁။ ဒေါ်ခင်သန်းအေး ပြင်ဆင်မှုလျှောက်ထားခံရသူများ
၂။ ဒေါ်သန်းအေး
၃။ ဒေါ်သန်းဌေး
၄။ မချိုမာလွင်
၅။ ဒေါ်အောင်သန်းတင်

အမှတ် (၂) ပြင်ဆင်မှုလျှောက်ထားခံရသူ ဒေါ်သန်းအေး၊ ချမ်းမြေ့သာယာရပ်၊ (ဃ)အုပ်စု-မကွေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် -၂၇ ၌ မကွေးမြို့ တွဲဖက်မြို့နယ်တရားသူကြီးချမှတ်သောအမိန့်ကို ပြင်ဆင်ရန်အတွက် လျှောက်လွှာတစ်စောင်ကို အထက်အမည်ပါ ပြင်ဆင်မှုလျှောက်ထားသူက ဤရုံးတော်သို့ ၂၀၁၆ ခုနှစ် မတ် ၃ရက်တွင် တင်သွင်းသည်ဖြစ်၍ အဆိုပါ ပြင်ဆင်ရန်အတွက် လျှောက်လွှာကို ၂၀၁၆ခုနှစ် မေ ၂၇ ရက် နံနက် ၁၀နာရီတွင် ကြားနာရန် သတ်မှတ်ထားကြောင်း သင့်အား အကြောင်းကြားစာပေးလိုက်သည်။

၂၀၁၆ ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(သိန်းဇော်)**

**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5416 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၁၄၄၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**


RAIN COAT
ENVIRONMENT FRIENDLY
CNC
men's wear
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
NoBulge Pocket Design
Pen Pocket x2
Travel Documents Pocket
i-Pad Pocket
YAMAHA
www.cncmenwear.com | www.facebook.com/cnc1999
www.cncmenwear.com | www.facebook.com/cnc1999

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့် မော်တော်ယာဉ်ဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါယာဉ်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) TC အမှိုက်သိမ်းယာဉ် (၃)တန်

(ခ) GARBAGE COMPACTOR TRUCK ($14/15m^3$)

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား ၁-၆-၂၀၁၆ရက်မှစ၍ ၁၄-၆-၂၀၁၆ရက်ထိ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတွင် ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၆ ရက် မွန်းလွဲ ၁း၀၀နာရီတွင် ၂၆လမ်း၊ ၇၁လမ်း×၇၂လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး
## မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ (၄)လုံး ဆောက်လုပ်ရန်ရှိသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၃၀-၅-၂၀၁၆ရက်မှစတင်ဝယ်ယူနိုင်ပြီး ၂၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၉၂၆၂ တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်း(၂၈)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၁၃၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၁။ မီတာ (၁၀၀) Synthetic Track ပြေးလမ်းတည်ဆောက်ခြင်း (ဟားခါးမြို့) (၁)ခု
၂။ ရေကူးကန်(အမိုးပါ မီတာ-၅၀)တည်ဆောက်ခြင်း (ဟားခါးမြို့) (၁)ခု
၃။ ဟရန်ထီးယို ဘောလုံးကွင်း ကျောက်စီမြေထိန်းနံရံ(၃)ဆင့် ကာရံခြင်း (ဖလမ်းမြို့) (၁)ခု
၄။ (၃)ခန်းတွဲဝန်ထမ်းအိမ်ရာ (၄၅'×၃၆'×၁၂') RC တစ်ထပ်တိုက် ဆောက်လုပ်ခြင်း (ထန်တလန်မြို့)(၁)ခု
၅။ ပွဲကြည့်စင်၊ ကတ်တုံး၊ ဝင်းခြံပါ ဘောလုံးကွင်းသစ်(မတူပီမြို့နယ်-ရေဇွါမြို့) (၁)ခု တည်ဆောက်ခြင်း
၆။ အလတ်စား မိုးလုံလေလုံအားကစားရုံသစ်(၁၂၀'×၉၀'×၃၀') (မတူပီမြို့) (၁)ခု တည်ဆောက်ခြင်း
၇။ မြို့မ ဘောလုံးကွင်း ခြံစည်းရိုးကာရံခြင်း (ကန်ပက်လက်မြို့) (၁)ခု
၈။ မြို့နယ်ဘောလုံးကွင်း ခြံစည်းရိုးကာရံခြင်း (ပလက်ဝမြို့) (၁)ခု
၉။ ရေကူးကန်(အမိုးပါ မီတာ-၅၀)တည်ဆောက်ခြင်း (ပလက်ဝမြို့) (၁)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၆-၅-၂၀၁၆)ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈၊ ၀၉-၄၃၀၁၀၁၂၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လယ်ယာသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 5 Lots |
| (ခ) | ထွန်ယက်ရေးပစ္စည်းများ | 9 Lots |
| (ဂ) | ထွန်စက်နောက်တွဲယာဉ် | 1 Lot |
| (ဃ) | စပါးရိတ်သိမ်းခြွေလှေ့စက် | 3 Lots |
| (င) | စပါးအခြောက်ခံစက် | 1 Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၆-၆-၂၀၁၆ ရက် ၁၃း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၃၁၅၊ ၀၆၇-၄၃၁၂၀၅**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၆၆/၃၃/၁၁ကေဗွီ ၂×၄၅အမ်ဗွီအေ ပေါက်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (သတ္တုရေးရာ)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)ရှိ ဝန်ကြီးရုံး/ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် အသုံးပြုမည့် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစာရေးကိရိယာများနှင့် (Toner ,Catridge & Computer Accessories)ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန(သတ္တုရေးရာ)ဝန်ကြီးရုံး/ ဦးစီးဌာန/ လုပ်ငန်း(၇)ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၀၉၃၇၀ |
| (ခ) | သတ္တုတွင်းဦးစီးဌာန | ဖုန်း-၀၆၇-၄၀၉၃၇၇ |
| (ဂ) | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၄၀၇၉ |
| (ဃ) | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | ဖုန်း-၀၆၇-၄၀၉၁၆၂ |
| (င) | အမှတ်(၂) သတ္တုတွင်းလုပ်ငန်း | ဖုန်း-၀၆၇-၄၀၉၃၉၁ |
| (စ) | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | ဖုန်း-၀၆၇-၄၁၄၉၀၉ |
| (ဆ) | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ဖုန်း-၀၆၇-၄၁၄၀၈၃ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားခံသို့ ကြားသိစေသည့်
# အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ဟသ်ာတခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမအယူခံမှုအမှတ်-၃၀

ဦးညဏ်ထွန်း
အမှတ် ၃၆၇၊ ၄ လမ်း၊ (၁)ကွက်၊
သုံးပင်ကွင်းရပ်ကွက်၊
ဟသ်ာတမြို့။

နှင့်

၁။ ဦးခွေးလေး(ခ)ဦးသန်းမြင့်
၂။ ကိုဝေလွင်ဦး(ခ)ဖိုးချို
အမှတ် ၃၂၆၊
ဗိုလ်မြတ်ထွန်းလမ်း၊
ဥယျာဉ်မြောက်ရပ်ကွက်၊
ဟသ်ာတမြို့။

**အယူခံတရားလို** **အယူခံတရားခံများ**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၅ ရက်စွဲပါ ဟသ်ာတမြို့နယ်တရားမရုံးတော်မှ တရားမကြီးမှုအမှတ် ၁၂၃/၂၀၁၄ ကို အယူတော်ခံမှု။

အယူခံ တရားခံ(၂) ကိုဝေလွင်ဦး(ခ)ဖိုးချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအယူခံမှုတွင် ဟသ်ာတမြို့နယ်တရားမရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလို ဦးညဏ်ထွန်းက အယူတော်ခံရာ ဤရုံးတော်တွင် သွင်း၍ ထိုအယူခံမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက် (၁၃၇၈ ခုနှစ် နယုန်လဆန်း ၈ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ဤအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင် သင်အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး၊ ဟသ်ာတခရိုင်တရားရုံး**

---

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်မည့်
## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ) အမှတ်စဉ်(၂)သင်တန်း။

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်သူ မဖြစ်စေရ။

(ဂ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် ၆-၆-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၅။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃၀-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၉-၇-၂၀၁၆ ရက်တွင် မန္တလေးတက္ကသိုလ်၌ ကျင်းပပါမည်။

၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း(အမ်ပီအေ) တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖြစ်ပါသည်။

၈။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ဌာနမှူး သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄-၃၉၂၇၈၊ ၀၉-၄၀၂၆၆၂၃၃၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ခ) ဌာနမှူး၊ စီးပွားရေးပညာဌာန ဖုန်း-၀၉-၃၃၃၀၃၀၈၇၊ မန္တလေးတက္ကသိုလ်။

**(အေးဇော်)**
**ဌာနမှူး**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား တည်ဆောက်ရေးလုပ်ငန်းအပါအဝင် Turnkey စနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) မိုးမိတ်-မဘိမ်း ၆၆ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း

(၁) မိုးမိတ်-မဘိမ်း ၆၆ကေဗွီဓာတ်အားလိုင်း(၂၇)မိုင်

(၂) မိုးမိတ်တွင် ၆၆ကေဗွီ Switch Bay တစ်ခုတိုးချဲ့ခြင်း

(၃) မဘိမ်းတွင် ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း

(ခ) ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ၆၆ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း

(၁) ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန် ၆၆ကေဗွီ ဓာတ်အားလိုင်း (၃)မိုင်

(၂) ပုဏ္ဏားကျွန်းခွဲရုံတွင် Switch Bay တစ်ခုတိုးချဲ့ခြင်း

(၃) ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် ၆၆/၁၁ကေဗွီ၊ ၂×၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်း

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးရာဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၃၅၃၊ မြေကွက်တည်နေရာအမှတ် ၃၅၃၊ နံ့သာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးစံငွေ WKA-၁၁၂၆၉၂ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်ဆန်း ၁၂/သဃက(နိုင်)၀၁၁၈၀၇မှ ဝယ်ယူထားသော စာချုပ်အဆက်အစပ်များနှင့် တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် မူရင်းသာတင်ပြနိုင်ပြီး မြေနေရာချထားပေးခဲ့ရသူများ၏ မှီခိုသူများစာရင်း စာရွက်မူရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မိတ္တူဖြင့်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၁၄၃၄/ခ၊ မြေကွက်တည်နေရာ အမှတ်(၁၄၃၄/ခ)၊ ဘုမ္မာ(၁၉)လမ်း ဒေါ်သန်းခင် ၁၂/ဥကမ(နိုင်)၀၅၇၅၃၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းခင်မှ ဂရန် ခြကိုက်ပျက်စီးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## (ဒဂုံမြို့သစ်)
## ဆိပ်ကမ်း၊ တောင်ပိုင်း
# မြေကွက်ဝယ်လိုသည်
**ဖုန်း- 09-43083879**

---

## အမည်ပြောင်းနှင့်ဖခင်အမည်မှန်

ပေါင်မြို့နယ် အထက(ခွဲ)၊ ထန်းပင်ချောင် န၀မတန်း(အောင်)မှ မပိုးဖြူသဲအား ယနေ့မှစ၍ မသက်သက်ဝင်းဟု ခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ မောင်ဦး ၁၀/ပမန(နိုင်)၁၀၈၇၁၆ ဖြစ်ပါကြောင်း။

**မသက်သက်ဝင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၉၊ ရွှေပင်လုံအိမ်ရာ၊ မြေကွက်အမှတ် ၁၇၊ ဧရိယာ ၀ ဒသမ ၁၅၂ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးလင်းအောင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် ၂၀၅၉/၂၀၁၆ တင်ပြ၍ ဒေါ်ခင်ခင်ဌေး ၁၂/လမတ(နိုင်)၀၂၀၃၀၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၅ (ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ်(၁၀၉/B)၊ ဧရိယာ ၀ ဒသမ ၂၀၃ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၁၈၃၇/၂၀၁၆) တင်ပြ၍ မောင်အောင်ထက်ဝင်း ၁၂/ဗတထ(နိုင်)၀၄၄၃၄၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၅ (ရတနာမြိုင်အိမ်ရာ)၊ မြေကွက်အမှတ်(၁၀၉/C)၊ ဧရိယာ ၀ ဒသမ ၁၉၇ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းအောင်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၁၉၄၇/၂၀၁၆) တင်ပြ၍ မယွန်းနဒီဝင်း ၁၂/ဗတထ(နိုင်)၀၄၄၃၄၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇွန်လ၊ ၄၊၅ (၆၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇွန်လ (၄-၅)ရက်များတွင် ၆၂-ကြိမ်မြောက် ဦးရေ (၇၇၃၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



တောင်သာမြို့နယ်အသင်း(ရန်ကုန်)

## ဒုတိယအကြိမ်မြောက်ဆွေခိုင် ဆုတံဆိပ်ပြိုင်ပွဲစာမူဖိတ်ခေါ်ခြင်း

**သင်္ချာရောင်စဉ်နှင့် လူမှုကမ္ဘာတို့ ပေါင်းစပ်ဖွဲ့စည်းခြင်းပုံရိပ်**

**Composite Image of Spectrum of Mathematics and Social World ကို ထင်ရှားပေါ်လွင်အောင် ခြယ်မှုန်းပြထားသော မြန်မာဘာသာဖြင့် ရေးသားထားသည့် သင်္ချာဆောင်းပါးများ ပေးပို့ကြပါရန် တောင်သာမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့က ဖိတ်ခေါ်ပါသည်။**

**ဆောင်းပါးရေးသားရန်အတွက် သတ်မှတ်ချက်များ**

(၁) တိကျမှန်ကန်သော သင်္ချာအကြောင်းအရာအချက်အလက်အချို့ပါရှိရမည်။
(၂) လေးလံရှုပ်ထွေးသော သင်္ချာတွက်ချက်မှုမျိုးကို ရှောင်ကျဉ်ရမည်။
(၃) သင်္ချာအမြင် သင်္ချာအတွေးကို ပေါ်လွင်အောင် ကိုယ်ပိုင်အမြင်ဖြင့် တင်ပြနိုင်ရမည်။
(၄) လူမှုရေးနယ်ပယ်တစ်ခုခုဖြင့် သင်္ချာကိုဆက်စပ်ဖော်ဆောင်ရမည်။
(၅) လူအများဖတ်ရှုနားလည်နိုင်လောက်သော ပေါ့ပါးသွက်လက်သည့် အရေးအသားမျိုးကို ဦးစားပေးရမည်။
(၆) သင်္ချာနှင့် လူသားသည် မခွဲခြားနိုင်ဆိုသည်ကို မြင်သာအောင် သရုပ်ဖော်နိုင်ရမည်။
(၇) သုတအမြင်ကိုဦးတည်သော ရသအသွင်ဆောင်းပါးမျိုးဖြစ်စေရမည်။
(၈) ဆောင်းပါးရေးရာ၌ ကပ္ပိယပေစိ၏ သင်္ချာရောင်စဉ်နှင့်လူမှုကမ္ဘာ စာအုပ်ဖတ်ရှုပြီး နမူနာယူနိုင်သည်။
(၉) ဆောင်းပါးခေါင်းစီးအမည်ကို ကြိုက်နှစ်သက်ရာ ရွေးချယ်သတ်မှတ်နိုင်ခွင့်ရှိသည်။
(၁၀) ကိုယ်ပိုင်ဟန်နှင့် ကိုယ်တိုင်ရေးဆောင်းပါးဖြစ်ကြောင်း ဝန်ခံချက်ပြုရမည်။
(၁၁) ဆောင်းပါးရှင်သည် အသက်(၆၀)ထက်မကြီးသူမြန်မာနိုင်ငံသား ဖြစ်ရမည်။
(၁၂) ဆောင်းပါးသည် မြန်မာဘာသာကွန်ပျူတာစာစီဖြင့် စာမျက်နှာ(၈)မျက်နှာအောက် မလျော့နည်းစေဘဲ စာမျက်နှာ(၁၂)မျက်နှာထက်မကျော်လွန်စေရ၊ (အခြေအနေပေါ်မူတည်၍ စာမျက်နှာအတိုးအလျော့ကို စဉ်းစားပေးမည်။)
(၁၃) ရွေးချယ်ခံဆောင်းပါးရှင်သည် ဆုရွေးချယ်ချီးမြှင့်ခြင်းမခံရမီ ဆုရွေးချယ်ရေးအဖွဲ့ ရှေ့မှောက်တွင် ဆောင်းပါးကို ကိုယ်တိုင်ဖတ်ကြားရှင်းလင်းတင်ပြရမည်။
(၁၄) ဆုရဆောင်းပါးရှင်ကို တောင်သာမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်တွေ့ဆုံပွဲတွင် ဆွေခိုင်မိသားစုက ဆုတံဆိပ်နှင့်အတူ ကျပ်ငွေဆယ်သိန်း(ကျပ် ၁၀၀၀၀၀၀ိ/)ကို ချီးမြှင့်မည်ဖြစ်သည်။
(၁၅) ပြိုင်ပွဲဝင်ဆောင်းပါးရေးသူ၏ ဆက်သွယ်နိုင်သောလိပ်စာအပြည့်အစုံကို ဖော်ပြလျက် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်အတူ ဥက္ကဋ္ဌ၊ တောင်သာမြို့နယ်အသင်း(ရန်ကုန်)၊ အမှတ်(၁၀)၊ ဦးထွန်းမြတ်လမ်း၊ တာမွေစာတိုက်၊ ရန်ကုန်သို့လိပ်မူပြီး ၂၀၁၆ အောက်တိုဘာ ၃၁ရက်မတိုင်မီ အရောက်ပေးပို့ရမည်။
(အချိန်မီမရောက်ရှိသော စာမူများအတွက် အဖွဲ့က တာဝန်ယူမည်မဟုတ်ပါ။)

**အမှုဆောင်အဖွဲ့**



## တောင်သာမြို့နယ်အသင်း(ရန်ကုန်) စာမူများပေးပို့နိုင်ကြပြီ

နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသော တောင်သာမြို့နယ်(ရန်ကုန်)မဂ္ဂဇင်းကို ကဏ္ဍစုံလင်စွာဖြင့် ဝေဝေဆာဆာ ဆက်လက်ထုတ်ဝေမည်ဖြစ်ပါသဖြင့် တောင်သာမြို့နယ်ဖွား ကလောင်ရှင်များနှင့် တောင်သာမြို့နယ်အကြောင်း စိတ်ဝင်တစားရှိကြသော မည်သည့်ကလောင်ရှင်မဆို စာမူများရေးသားပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ **ပေးပို့နိုင်သောစာပေအမျိုးအစားများမှာ-**
ကဗျာတို/ရှည်၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ မဂ္ဂဇင်း၊ ဝတ္ထုရှည်(စ-ဆုံး)၊ တစ်ခန်းရပ်ပြဇာတ်၊ ရသစာတမ်း၊ အင်တာဗျူး၊ ခရီးသွားမှတ်တမ်း/ကိုယ်တွေ့မှတ်တမ်း တို့ဖြစ်ကြပါသည်။
၂။ ဆောင်းပါးစာမူကို ခုနစ်မျက်နှာနှင့် ဝတ္ထုတိုစာမူကို ရှစ်မျက်နှာ၊မဂ္ဂဇင်းဝတ္ထုရှည်စာမူ ၁၄မျက်နှာ၊ ရသစာတမ်း၊ အင်တာဗျူး၊ တစ်ခန်းရပ်ပြဇာတ်နှင့် မှတ်တမ်းစာမူများကို လေးမျက်နှာထက် မပိုရပါ။
၃။ ဆောင်းပါး၊ အင်တာဗျူး၊ ခရီးသွားမှတ်တမ်းများအတွက် ဆီလျော်သော ဓာတ်ပုံများ(ဖြစ်နိုင်လျှင် စီဒီခွေများ) ပူးတွဲပေးပို့နိုင်ပါသည်။
၄။ စာမူများကို A-4 ဆိုဒ် တစ်မျက်နှာတည်းသာ ရေးသားကြပါရန်နှင့် လက်ရေးလက်သားပီသ ရှင်းလင်းရပါမည်။
၅။ မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးဖော်ပြရပါမည်။ (တောင်သာမြို့နယ်သူ၊ မြို့နယ်သားများ ဖတ်ရှုလေ့လာသိရှိသင့်သော စာမူအချို့မှအပ အခြားမဂ္ဂဇင်း၊ ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြခဲ့ပြီးသောစာမူများကို ပေးပို့ရန်မလိုအပ်ပါ။)
၆။ ကလောင်အမည်နှင့်အတူ အမည်ရင်း၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များ ဖော်ပြပေးရပါမည်။
၇။ စာမူများကို ၃၁-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရပါမည်။
တောင်သာမြို့နယ်(ရန်ကုန်)မဂ္ဂဇင်းမျက်နှာဖုံးကို ၂၀၁၆ခုနှစ်မှစ၍ နှစ်သက်မြတ်နိုးဖွယ်တောင်သာဒေသ၏ သဘာဝအလှ ရှုခင်းဓာတ်ပုံများဖြင့် ဖော်ပြသွားမည်ဖြစ်ပါသဖြင့် ဓာတ်ပုံဝါသနာရှင်များထံမှ ဓာတ်ပုံများပေးပို့ကြရန် ဖိတ်ခေါ်အပ်ပါသည်။

**မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံများဖိတ်ခေါ်ခြင်း**

၁။ တောင်သာမြို့နယ်အတွင်းရိုက်ကူးသော တောင်သာဒေသ အညာအငွေ့အသက်များပါရှိသည့် ဓာတ်ပုံများဖြစ်ရပါမည်။
၂။ အရွယ်အစား ၁၀"×၁၅" ဆေးရောင်စုံဓာတ်ပုံဖြစ်ရပါမည်။
၃။ Digital Effect ဖြင့် ပြုပြင်မွမ်းမံထားခြင်းမဟုတ်ဘဲ ပင်ကိုသဘာဝအတိုင်းဖြစ်ရပါမည်။
၄။ ဓာတ်ပုံကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း ဝန်ခံလက်မှတ်ရေးထိုးဖော်ပြရပါမည်။
၅။ မဂ္ဂဇင်းမျက်နှာဖုံးအသုံးပြုရန် ရွေးချယ်ခြင်းခံရပါကသင့်လျော်သောဉာဏ်ပူဇော်ခချီးမြှင့်ပါမည်။
၆။ စည်းကမ်းသတ်မှတ်ချက်များနှင့်မညီသော စာမူများ၊ ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၇။ ဓာတ်ပုံများကို ၃၁-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရပါမည်။

**ပေးပို့နိုင်သော ပုဂ္ဂိုလ်များ**

၁။ ဒေါက်တာခင်မောင်ဆွေ အမှတ် ၁၀၊ ဦးထွန်းမြတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးအောင်သောင်း အမှတ် ၁၃၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
၃။ ဦးစိန်လှ အမှတ်၃၅၄၊ ၃၅၆၊ အခန်း ၁၀၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဦးလှမော် အမှတ် ၁၄၄-ဘီ၊ အခန်း ၈၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၅။ ဦးအောင်ရွှေ(ဆင်တဲဝမြတ်ဖုန်း)အမှတ် ၈၉၉၊ ကွန္တာ ၉ လမ်း၊ ၄ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။



## လယ်တီဝိပဿနာ ၄၅ ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စေတီအနီး မြတ်ပါရမီသီလရှင် စာသင်တိုက်အတွင်း၌ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး နည်းဥပနိသယအတိုင်း လယ်တီဝိပဿနာ (၄၅)ရက် တရားစခန်းကို ၁-၆-၂၀၁၆ ရက်မှ ၁၅-၇-၂၀၁၆ရက်အထိ ဆရာတော် ဦးပညာဝံသ (MA-မဟာဓမ္မာစရိယ) ဦးဆောင်ပြီး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**ဆက်သွယ်စာရင်းပေးသွင်းရန် ဖုန်း-၀၉-၅၁၉၁၈၃၂၊ ၀၉-၈၃၀၁၆၃၀၊ ၀၉-၇၉၉၉၈၈၅၉၆**

**မှတ်ချက်**။ ၁-၆-၂၀၁၆ ရက် ညနေ ၅း၀၀နာရီအရောက် (မှတ်ပုံတင်ယူဆောင်လာပါရန်)



## အငြိမ်းစားဥပဒေအရာရှိများ(၈)ကြိမ်မြောက်တွေ့ဆုံပွဲ

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအသီးသီး၌ ဥပဒေအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ နံနက်စာသုံးဆောင်ရင်း ရင်းနှီးခင်မင်စွာ ပြန်လည်တွေ့ဆုံနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀ နာရီ
**နေရာ** - တော်ဝင်နှင်းဆီစားသောက်ဆိုင်၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်

**အလုပ်အမှုဆောင်အဖွဲ့(ယာယီ)**
**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**



## သီဟ ၅၅ မှ သူငယ်ချင်းများသို့

တို့များရဲ့ကျောင်းဆင်းပွဲ (၃၇)နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယခင်နှစ်များအတိုင်း ကျဆုံးကွယ်လွန်ပြီးသော သူငယ်ချင်းများကိုရည်စူး၍ ဆွမ်းကပ်လှူဒါန်း အမျှအတန်းပေးဝေခြင်း၊ ဆရာများကန်တော့ခြင်း အခမ်းအနားကို ၂-၆-၂၀၁၆ ရက်(ကြာသပတေးနေ့)နံနက် ၉ နာရီတွင် တိပိဋကကျောင်း၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုများနှင့်တကွ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကွယ်လွန်သွားခဲ့ပြီးသော သူငယ်ချင်းများ၏ မိသားစုများပါ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**




## သူရ(၆၃)သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)သူရတပ်ခွဲ၏ (၃၄)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံးပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) (၂၈-၅-၂၀၁၆)ရက် (စနေနေ့)၁၈း၃၀ နာရီတွင် Gandamar Wholesale (အပေါ်ထပ်ခန်းမ)၊ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းပြုလုပ်ပါမည်။
(ခ) ၂၉-၅-၂၀၁၆ ရက်(တနင်္ဂနွေနေ့) ၀၉း၀၀ နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ စွယ်တော်မြတ်စေတီအနီး ရန်ကုန်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။
(ဂ) ၂၉-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့)၁၃း၀၀ နာရီတွင် ဒညင်းကုန်းဂေါက်ကွင်း ရန်ကုန်၌ ဂေါက်သီးကစားပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန် ၂၀၁၅ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သောဘာသာရေး၊ ပညာရေး၊ လူမှုရေး ထူးချွန်ဆုရရှိသော သားသမီးများ အမည်စာရင်းပေးပို့နိုင်ရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း-၀၉-၆၈၀၁၀၈၃၊ ၀၉-၂၅၄၀၁၆၅၇၆၊ ၀၉-၇၃၂၂၂၁၁၀၊ ၀၉-၄၃၀၈၉၁၀၀၊ ၀၉-၃၁၀၀၁၄၂၈၊ ၀၉-၅၁၃၀၆၂၇၊ ၀၉-၈၆၀၁၀၂၉၊ ၀၉-၄၉၂၇၈၃၁၇၊ ၀၉-၃၆၆၁၇၁၇၃၊ ၀၉-၂၆၂၉၅၄၉၉၅၊ ၀၉-၈၆၂၇၈၀၃၊ ၀၉-၈၆၁၂၁၇၅တို့သို့ ဆက်သွယ်ကြပါရန်။

**သူရ(၆၃)ကော်မတီ**


**စရီ စိဝ စူပရာမန်နီယာဆွာမိ ဟိန္ဒူဘုရားကျောင်း မဟာကုမ္ဘာဘိသေျဂမ်(ခ)သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော် ဖိတ်ကြားလွှာ**

**ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျား ။ ။**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၄၁)တွင် ရှေ့နှစ်ပေါင်း(၁၅၀)ကျော်ခန့် သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဘုရား ကျောင်းတော်ကြီး၏ စတုတ္ထ အကြိမ်မြောက် မဟာကုမ္ဘာဘိသေျဂမ် (ခ) သိဒ္ဓိတင်ရေစင်သွန်းလောင်း ပွဲတော်ကို ၆၊ ၆၊ ၂၀၁၆ (တနင်္လာနေ့) နံနက် (၉း၄၅)နာရီမှ (၁၀း၁၅)နာရီ အချိန်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူတော်စင်အပေါင်းတို့အား ကြွရောက်ကြည်ညို ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်**

ဦးအောင်စိုး (ခ) အောင်ဆန်း (ဥက္ကဋ္ဌ) ဦးမောင်မောင် (အတွင်းရေးမှူး)
ဦးကျော်မင်း (ဘဏ္ဍာရေးမှူး) ဦးအောင်အောင် (စာရင်းစစ်) ဦးစိန်ဝင်း(အဖွဲ့ဝင်)


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ဒုတိယမြို့နယ်တရားသူကြီး(၁)တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈**

ဦးတင်ထွေး **နှင့်** ဦးစိန်
(ကွယ်လွန်သူ ဒေါ်ညိုတင်၏ အကျိုးဆက်ခံခွင့်ရှိသူ)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊ အမှတ်၆၁နေ တရားပြိုင် ဦးစိန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အချင်းဖြစ်နေအိမ်မြေကွက်နှင့် ပတ်သက်၍ တရားလိုမှ "မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၇ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းရွှေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**


**ပျောက်ဆုံးကြောင်း**

Dihatsu Hijet (Chno-S200P-014777 ကား၏ ID.No-ILV 1415 3503, B/L, ချိပ်ပိတ်ဖိုင်ပျောက်ဆုံး၍ တွေ့ရှိကအကြောင်းကြားရန်။ **ဖုန်း-၀၉-၄၃၀၃၀၇၈၇၊ ၀၁-၂၉၀၆၉၃**


## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**တောင်ငူခရိုင်တရားရုံးတော်**
**၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁**

ကွယ်လွန်သူ ဒေါ်ဝိုင်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

အမှတ် ၇/၃၅၊ စွယ်တော်လမ်း၊ တောင်ငူမြို့၌နေထိုင်သော ကွယ်လွန်သူ ဒေါ်ဝိုင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သီတာညွန့်(ဘ)ဦးခင်မောင်ညွန့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ် ဇွန် ၂ ရက် (၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော်၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဝိုင်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၆ ခုနှစ် ဇွန် ၂ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သီတာညွန့်(ဘ)ဦးခင်မောင်ညွန့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ် မေ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဖြူပြာအေး**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

## စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် စာမူတောင်းခံလွှာ

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ကြီး ၁၂၈၀ ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့သော **မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲကြီး**သည် ၁၃၇၉ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်တော့မည်ဖြစ်ပါသည်။ ယင်းနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၁၁-၁၁-၂၀၁၇ ရက်)တွင် မဟာဂန္ဓာရုံ ရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲ၊ ရာပြည့်ပူဇော်ပွဲ ကျင်းပပြုလုပ်ရာ၌ ရာပြည့်အထိမ်းအမှတ် စာစောင်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အောက်ဖော်ပြပါအချက်အလက်များနှင့် လိုက်လျောညီထွေဖြစ်သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို ရေးသားပေးပို့နိုင်ပါသည်။ ယင်းစာမူများကို ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ (၁၀-၅-၂၀၁၇ရက်) နောက်ဆုံးထား၍ ပေးပို့ချီးမြှင့်ကြပါရန် လေးစားစွာ တောင်းခံအပ်ပါသည်။

၁။ စစ်ကိုင်းမြို့၊ မဟာဂန္ဓာရုံရွှေကျင်ဂိုဏ်း ဝိနည်းစာတော်ပြန်ပွဲနှင့် သက်ဆိုင်သောအကြောင်းအရာများ။
၂။ ရွှေကျင်ဂိုဏ်းနှင့်သက်ဆိုင်သော အကြောင်းအရာများ။
၃။ လောက သာသနာ အကျိုးများစေသည့် အကြောင်းအရာများ။

**ပေးပို့ရန်ဌာန-**
**အရှင်သီလာနန္ဒာဘိဝံသ**
**မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၇၈၀၈၆၁၅၆၆**

## ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး ၏ နှစ်စဉ်ကျင်းပမြဲ (၁၄)ကြိမ်မြောက် ဝါတွင်းအထူးရက်(၁၀၀)တရားစခန်းပွဲကြီး

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်(၉)ရပ်ကွက်၊နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ ကိုယ်ယုံလျှက် ဆရာတော် "အရှင်ပုညာနန္ဒ" ၏ဉာဏ်မှီသမျှ ဟောကြားတော် မူခဲ့သောခန္ဓာ ဉာဏ်ရောက်သစ္စာဆိုက်တရားတော်များ၊အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိကဆရာတော်ကြီးများဟောကြားတော်မူသော သစ္စာတရားတော်များကို နာယူမှတ်သားကာ ဝိပဿနာတရားများ ရက်ရှည်ကျင့်ကြံပွားများ အားထုတ်နိုင်ရန်အတွက်ဘုန်းဘုန်းကြီးဘဒ္ဒန္တဝိစာရမှ(၁၃-၇-၂၀၁၆)မှ(၂၃-၁၀-၂၀၁၆)နေ့အထိကျင်းပကုသိုလ်ပြုလုပ် ကုသိုလ်ပြု သွားမည်ဖြစ်ရာ မိမိတို့စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်လိုသောသူတော်စင်ယောဂီများ လိုအပ်သောအချက်အလက် စုံလင်စွာ ဖြင့် မိမိတို့ဝင်ရောက်ကျင့်ကြံအားထုတ်လိုသောအဓိဋ္ဌာန်ထားသောရက်များအလိုက်ကို(၁. ၆. ၂၀၁၆)နေ့မှ (၁၀. ၆. ၂၀၁၆)နေ့အထိသာ ကြိုတင်စာရင်းသွင်းခြင်းကိုလက်ခံပေးသွားမည်ဖြစ်ပါသည်။

သူတော်စင်ဦးရေ (၃၅၀)ဦးမျှသာလက်ခံမည်ဖြစ်ပါသည်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ **နှစ်စဉ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**ကို ပုညာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ခမည်းတော်ကြီး ဘဒ္ဒန္တဝိစာရ၏ (၈၀) နှစ်ပြည့် မွေးနေ့ (၁၉-၇-၂၀၁၆) တနင်္ဂနွေနေ့ **ဝါဆိုလပြည့်(ဓမ္မစကြာနေ့)**တွင် သံဃာတော် အရှင်မြတ် (၈၀) ပါးတို့အား လှူဒါန်းဆက်ကပ် ကုသိုလ်ပြုသွားမည်ဖြစ်ပါသည်။

(၁၃. ၆. ၂၀၁၆) မှ (၂၃. ၆. ၂၀၁၆)အထိ လစဉ်ပုံမှန် (၁၀)ရက်တရားစခန်းပွဲလည်းရှိပါသည်။

အသေးစိတ်သိရှိလိုပါလျှင်-
ဖုန်း-၀၁-၅၅၃၃၃၀၊၀၁၅၅၁၁၇၂၀၉၅၀၁၃၂၉၇၊၀၉၈၆၁၁၇၀၀သို့ဆက်သွယ် စုံစမ်းနိုင်ပါသည်။
ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

### အမည်ပြောင်း

ဦးသာဦး၏သမီးများဖြစ်ကြသည့် အထက(၁) သဃ်န်းကျွန်းမှ အဋ္ဌမတန်းအောင်မြင်ပြီးသူ မနှင်းဦးဝေအား မနိုဒါသာဦးဟုလည်းကောင်း၊ အလက(၁) သဃ်န်းကျွန်းမှ စတုတ္ထတန်းအောင်မြင်ပြီးသူ မထက်မြတ်နိုးဦးအား မပိုဒါသာဦးဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မနိုဒါသာဦး၊ မပိုဒါသာဦး**

### အမည်ပြောင်း

ဦးသန်းဇော်ထွန်း၏သမီး ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အထက (ဝေါ)၊ တတိယတန်း(A)တွင် ပညာသင်ကြားနေသော မနဒီလင်းအား မနှင်းရတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးရဲနိုင် ၁၂/ဥကမ(နိုင်)၁၇၅၇၉၀ ၏သား မောင်လင်းထွဋ်နိုင် (တက္ကသိုလ်ဝင်တန်း)အား မောင်လင်းခန့်ဟုလည်းကောင်း၊ သမီးဖြစ်သူ မနှင်းနဒီချို အမက(၁၄) မြောက်ဥက္ကလာပ(စတုတ္ထတန်း)အား မနဒီအောင်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းခန့်၊ မနဒီအောင်**


### အမည်ပြောင်း

တောင်ကြီးမြို့၊ အမှတ် (၁)၊ သံလွင်လမ်း၊ ကန်ရှေ့ရပ်နေ မန္တယ်နီစောအား ယနေ့မှစ၍ မထက်အိန္ဒြာမြတ် ၁၃/တကန(နိုင်)၀၀၃၆၂၄ ဟု ပြောင်းလဲခေါ်ပါရန်။ **မထက်အိန္ဒြာမြတ်**


## ဒဂုံမြို့သစ်

**အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။**

**ဖုန်း-၀၉-၈၆၂၃၁၈၈**
**ဖုန်း-၀၉-၅၀၈၄၁၂၉**




# ဖားကန့်မြို့နယ်၌ ရေမဆေးကျောက်ရှာဖွေသူများမြေကမ်းပါးပြိုကျ၍ ၁၂ ဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရ

သတင်း-စိုးနိုင်ဦး(ဖားကန့်)
ဓာတ်ပုံ-ဇော်မိုးထက်-ဖေ့စ်ဘွတ်ခ်



**ဖားကန့် မေ ၂၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်နှင့် ၁၅ မိုင်ခန့်ကွာဝေးသော ဝေ့ခါကျေးရွာနှင့် ရပ်ကွက်(၅)အနီးတွင် မေ ၂၃ ရက် ည ၈ နာရီခန့်တွင် ရေမဆေးကျောက် ရှာဖွေသူများ မြေကမ်းပါးတောင်ပြိုကျမှုကြောင့် ၁၂ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ ညပိုင်းတွင် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာနှင့်ရပ်ကွက်(၅)အနီး ရတနာကုမ္ပဏီ လုပ်ကွက်အတွင်း မိုးအဆက်အပြတ် ရွာသွန်းမှုများ ဖြစ်ပွားလျက်ရှိပြီး ကမ်းပါး အလျားပေ ၇၀၊ အနံပေ ၇၀ခန့်ရှိ မြေကမ်းပါးတောင်ပြိုကျခဲ့မှုကြောင့် ရေမဆေးကျောက်ရှာဖွေသူများ ပိမိသေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မြေစာများကို မေ ၂၄ ရက် နံနက် ၆ နာရီမှစ၍ မြေစာပုံပြိုကျမှု

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# အိန္ဒိယ၊ မြန်မာ၊ ထိုင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းအဖွဲ့ရောက်




**တမူး မေ ၂၄**

Bright View Travels & Tours Co., Ltd နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက် North East Federation on International Trade-NEFIT ၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား ၃၁ ဦးသည် မေ ၂၄ ရက် ည ၈ နာရီတွင် မော်တော်ယာဉ် ၁၀ စီးဖြင့် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ တမူးမြို့သို့ ရောက်ရှိလာသည်။ အဆိုပါ ချစ်ကြည်ရေး ကားမောင်းအဖွဲ့သည် တမူး-မုံရွာ-မန္တလေး-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ခရီးစဉ်များသို့ သွားရောက်လည်ပတ်ကာ မေ ၂၇ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာပြီး ဇွန် ၂ ရက်အထိ ထိုင်းနိုင်ငံအတွင်း လည်ပတ်လေ့လာမည် ဖြစ်သည်။

ဇွန် ၃ ရက်မှ ဇွန် ၈ ရက်အထိ မြဝတီ-ရန်ကုန်-နေပြည်တော်-ပုဂံ-မုံရွာ-တမူး ခရီးစဉ်အတိုင်း သွားရောက်လေ့လာကာ ဇွန် ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်စပ်မှ အိန္ဒိယနိုင်ငံသို့ ပြန် လည်ထွက်ခွာမည်ဖြစ်သည်။ **ဝင်းနိုင်(တမူး)**

# မုတ်သုံရာသီကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်အတွက် မန္တလေးမုတ်သုံဖိုရမ်ပြုလုပ်

သတင်း-အောင်ရဲသွင်

**မန္တလေး မေ ၂၄**

မုတ်သုံရာသီအတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းသုံးသပ်ချက်များနှင့် မိုးရာသီတွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန် အတွက် မေ ၂၃ ရက်က မန္တလေးမြို့ ဒဂ်ီးဟိုတယ်ခန်းမ၌ Mandalay Regional Monsoon Forum ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် သဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန(UN-Habitat)တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖိုရမ် ၂၆ ခု ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

"ရာသီဥတုဆိုးရွားစွာ ပြောင်းလဲလာမှုနဲ့ ဘေးအန္တရာယ်ကျရောက်လာမှုပေါ် ခံနိုင်ဖို့နဲ့ စွမ်းဆောင်ရည်တည်ဆောက်ဖို့၊ လိုက်လျောညီထွေနေထိုင်ဖို့ ဆိုတဲ့ စီမံချက်အရ အခုလိုဖိုရမ်တွေလုပ်ပါတယ်။ Pre-Monsoon လုပ်ခြင်းဖြင့် ကြိုတင်ပြင်ဆင်မှုတွေနဲ့ မိုးလေဝသ ကြိုတင်ခန့်မှန်းချက်တွေအပေါ် မူတည်ပြီး ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေက ဘယ်လိုကြိုတင်ပြင်ဆင်မလဲဆိုတာကို မဟာဗျူဟာရေးဆွဲနိုင်မယ်"ဟု Mr.Shashank Mishra,DRR Specialist (UN-Habitat) က ပြောသည်။

Pre-Monsoon ဖိုရမ်မှ ရရှိလာသည့် အချက်အလက်များ၊ မဟာဗျူဟာများကို Post-Monsoon ပြုလုပ်ပြီးတွေ့ကြုံခဲ့သည့် အတွေ့အကြုံများနှင့် အဖြစ်အပျက်များကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ CRED-အဖွဲ့မှ ထုတ်ပြန်ထားသည် အချက်အလက်များအရ ၂၀၁၆ ခုနှစ်ခန့်မှန်းချက်တွင် သဘာဝဘေး ကျရောက်နိုင်မှု ၉၀ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ "လာမယ့် မိုးရာသီ ခန့်မှန်းသုံးသပ်ချက်တွေအပေါ်မူတည်ပြီး သက်ဆိုင်ရာ နယ်ပယ်အလိုက် စီမံခန့်ခွဲမှုတွေနဲ့ လုပ်ငန်းစဉ်တွေဆွေးနွေးကြတယ်။ လက်ရှိ ရာသီဥတု၊ မိုးလေဝသ အခြေအနေနဲ့

*စာမျက်နှာ ၃ ကော်လံ ၄* ●

## အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဝင်ရောက်ခဲ့

**နေပြည်တော် မေ ၂၄**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မိုး/ဇလ)**

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်

**နေပြည်တော် မေ ၂၄**

ဧရာဝတီမြစ်ရေသည် မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း မြစ်ကြီးနားမြို့၌ ၁၄ ပေခန့် မြင့်တက်ခဲ့ပြီး မေ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ခြောက်နာရီအတွင်း နှစ်ပေခန့် ပြန်လည်ကျဆင်းခဲ့ပြီး ဖြစ်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် လေးပေမှခြောက်ပေခန့်နှင့် နောက်သုံးရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ ယနေ့မွန်းတည့်မှ နောက် ၁၂ ရက်အတွင်း ပခုက္ကူမြို့ ညောင်ဦးမြို့ ချောက်မြို့ မင်းဘူးမြို့ မကွေးမြို့ အောင်လံမြို့ ပြည်မြို့ ဆိပ်သာမြို့ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဧရာဝတီမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **(မိုး/ဇလ)**

